www.burmeseclassic.com

စိုးစာပေ

# မဖဲဝါ

နှင့်

# ထိပ်ပန်းသရဲ

ကောန်မင်း



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


၁။ မဖဲဝါနှင့် ထိပ်နီသရဲ ၃

၂။ တရားသူကြီး မဖဲဝါ ၄၄

၃။ နွဲ့စို့တူပျော် ဘုရားပွဲတော် ၈၂

၄။ မိုးနေသည် သရဲမ ၁၀၃

၅။ အပျော်အပျက်၏ နောက်ဝယ် ၁၂၇

၆။ ကျတ်ကုန်း ၁၆၅

၇။ ခေါင်းပြတ်သရဲ ညီနောင် ၂၀၁


BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



# မဖဲဝါနဲ့ ထိပ်ရှိသရဲ

ဖြစ်ပျက်မှုအစကား၊ ကာသစ်ပိုင်တဲစုက စခဲ့ခြင်းဖြစ်သည်။

ဇော်မျိုးတို့တဲမှာ ညစာစားတိုင်း၊ ပြဿနာတစ်မျိုးမဟုတ်၊ တစ်မျိုးတက်နေသည်မှာ အသားငါးပါသော ဟင်းချက်သည့်အခါတိုင်း ဖြစ်နေသည်။

BURMESE CLASSIC

မနက်ပိုင်းဆိုလျှင် လယ်ကွင်းထဲမှထွက်သော အသီးအနှံ တစ်မျိုးမဟုတ်တစ်မျိုး ချက်ပြုတ်ကြော်လှော်စားကြသည်။

ကိုင်းစိုက်ရာကွင်း ပတ်ပတ်လည်တွင် ချဉ်ပေါင်၊ ပဲတောင့်ရှည်၊ ခရမ်းသီး၊ ရုံးပတီသီး၊ အသီးအနှံမျိုးစုံ သီးညှပ်အဖြစ် စိုက်ထားသည်။

အသီးအရွက်ခူးရောင်း၍ရပြီမို့ ဇော်မျိုးအမေနီးက မနက်

www.burmeseclassic.com

www.burmeseclassic.com


ဈေးမှာ သွားရောင်းသည်။ ဈေးမှပြန်လျှင် ဟင်းစားအသား တစ်မျိုးမဟုတ် တစ်မျိုးတော့ ပါလာစမြဲဖြစ်သည်။

ရိုးရိုးအသီးအရွက်ချက်ထားသော ဟင်းဆိုလျှင် အိုးထဲမှာ မလျော့သော်လည်း၊ ငါးခြောက်ဟင်း၊ ငါးဟင်း၊ ဝက်သားဟင်း၊ အမဲသား၊ ကြက်သားဟင်းချက်သည့် အခါမျိုးဆိုလျှင် လူလစ်သည်နှင့်.....၊

ဟင်းအိုးထဲမှာ ဟင်းလုံးဝမရှိတော့ခြင်းပင်၊ ယခုရက်ပိုင်း နေ့စဉ်ဈေးရောင်းထွက်ရသဖြင့် ဟင်းကောင်းမကြာ မကြာ ချက်ဖြစ်သည်။

ထိုအသားဟင်းများ ချက်ပြီး မစားရသည်မှာ ရက်အတော် ကြာခဲ့ပြီ၊ တဲမှာ ဇော်မျိုးတို့လင်မယားအပြင် ကလေးသုံးယောက် ရှိသေးသည်။

အငယ်ဆုံးကလေးက ခြောက်နှစ်၊ အလတ်ကောင်က ဆယ်နှစ်၊ အကြီးဆုံးမိန်းကလေးက ဆယ့်သုံးနှစ်ရှိပြီး အားလုံးကျောင်းသားများဖြစ်သည်။

မနက်ရှစ်နာရီဆိုလျှင် ကျောင်းသွားကြပြီး ညနေ လေးနာရီရောက်လျှင် အားလုံးတဲပြန်ရောက်ကြပြီ၊

www.burmeseclassic.com

www.burmeseclassic.com


ထို့ကြောင့် ညနေ ဟင်းများပျောက်တိုင်း ကလေးများ အဆူအငေါက်မလွတ်ခဲ့။

"သားတို့ ယူမစားပါဘူးဖေကြီးရာ၊ သားတို့ယူစားရင်လည်း ကုန်အောင်ဘယ်စားပါမလဲ"

ကလေးတွေပြောတော့လည်း ဟုတ်နေပြန်သည်။ အရိုက်ခံရမယ့်အပြုအမူမျိုး ကလေးတွေလုပ်မည်မထင်၊ ကလေးများကလည်း ဆိုးဆိုးပေပေမဟုတ်၊

ယခု ဟင်းကပျောက်ပြီဆိုလျှင် မည်သူမှမစားရအောင် ပင် အိုးက အပြောင်ဖြစ်နေသည်။

"အင်း....ဒီအတိုင်းဆို တို့တဲပတ်ဝန်းကျင်မှာ ဟင်းခိုးစားတဲ့အကောင်၊ တစ်ကောင်ကောင်တော့ရှိနေပြီ"

"ခွေးစားသွားတယ်ပြောရအောင်လည်း၊ ကျွန်မတို့တဲမှာ ခွေးမှမရှိတာ၊ အနီးနားကတဲမှာလည်း ခွေးမွေးမထားဘူး။ ကျွန်မအထင်....."

"မင်းက ဘာထင်လို့လဲ....တို့အလစ်မှာ တဲနီးနားချင်း တစ်ယောက်ယောက် ယူစားတယ်ထင်လို့လား။

ဒါတော့မထင်ဘူး၊ ဟင်းအိုးထဲကဟင်းတွေပျောက်တာ၊


www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက် တစ်ထိုင်တည်းစားရင်လည်း မကုန်နိုင်ဘူး....၊ ဒီတော့ ဖြစ်နိုင်တာတစ်ခုစဉ်းစားမိတယ်......"

"ရှင်က ဘာကို စဉ်းစားမိလို့လဲ"

"လာ.....၊ ဖို့နားကိုလာခဲ့...."

"ဘာပြောမှာမို့လို့လဲ၊ ရှင်ထင်တဲ့အကြောင်းပြောလေ"

"လာပါဆိုနေမှ၊ ကလေးတွေကြားမှာစိုးလို့...ကလေးတွေမကြားစေချင်လို့၊ ဒီနားကိုလာ......"

မျိုးဇော်နှင့် မျက်နှာချင်းဆိုင်ထိုင်နေသော မမြကျင်လည်း အနီးသို့တိုးကပ်လာသည်။

"ရှင်ဘာသိထားလို့လဲ"

"ဘာမှမသိထားဘူး.....ထင်လို့....တွေးမိလို့

ဒီလို...မိန်းမရေ...တို့တဲပတ်ဝန်းကျင်မှာ ဟင်းခိုးစားတဲ့ သရဲတစ်ကောင်တော့ ရှိနေပြီထင်တယ်"

"သရဲ.....ဟုတ်လား...."

"မင်းစဉ်းစားကြည့်၊ ဟင်းအိုးတစ်လုံးကုန်အောင်စားတာ လူမဖြစ်နိုင်ဘူး။ အရိုးပါတဲ့ဟင်းဆို အနားမှာအရိုးတစ်ချောင်းတောင်မှ မတွေ့ဘူး။ တစ္ဆေသရဲမှ ဒီလိုလုပ်နိုင်၊ စားနိုင်မှာမဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား"

"ဒါဆိုရင် ဘယ်လိုလုပ်ကြမလဲ"

"အခုရက်ပိုင်း မင်ဈေးသွားရင်၊ ဟင်းချက်ဖို့ အသား၊ ငါး ဝယ်မလာနဲ့တော့၊ ဟင်းသီးဟင်းရွက်ပဲ ချက်တော့...၊ သုံး၊ လေးရက်လောက် အခြေအနေကြည့်ကြမယ်"

မမြကျင်လည်း ကိုဇော်မျိုးမှာထားသည့်အတိုင်း ဈေးမှအပြန် အသား၊ ငါး ဝယ်မလာတော့။

လယ်ကွင်းထဲမှထွက်သည့် အသီးအနှံတို့ကိုသာ ချက်ပြုတ်ကျွေးမွေးစားကြသည်။

ဟင်းသီးဟင်းရွက်ချက်သည့်နေ့မှစ၍ ဟင်းအိုးထဲမှ ဟင်းလည်း မပျောက်တော့၊

တစ်နေ့ ညနေပိုင်း၊ ရောက်ပင်များ ရေသွင်းသည့်အလုပ် လက်စမပြတ်ဖြစ်သေး၍ ညနေငါးနာရီအထိ မပြီးနိုင်၊

ကလေးများကျောင်းမှပြန်ရောက်နေပြီ၊

မမြကျင်က လယ်ကွင်းပတ်ဝတ်လည်မှ စိုက်ထားသော ဟင်းသီးဟင်းရွက်များကို မနက်ဈေးမှာသွားရောင်းရန် ခူးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တဲအနီးအနားမှ...

"အား........"

တဲအနီးမှ အငယ်ကောင် ကျော်ကျော်၏အသံကုန် အော်သံကြောင့်၊ ဇော်မျိုးတဲဆီသို့ အပြေးသွားသလို၊ မမြကျင် လည်းအပြေးရောက်လာသည်။

တဲအတွင်းမှအလတ်ကောင် ထွန်းထွန်းနှင့်သမီးကြီး မျိုးမျိုးတို့လည်း ကျော်ကျော်အော်သံကြောင့် အပြင်သို့ပြေး ထွက်လာကြသည်။

"သား....သား၊. ဘာဖြစ်လို့လဲ"

"တို....တို..သစ်ပင်ပေါ်မှာ"

"ဘာမှမတွေ့ပါဘူး......၊ သားဘာမြင်လိုက်လို့လဲ"

"သား မြင်လိုက်တယ်၊ သစ်ပင်ပေါ်ကို လူကြီးတစ် ယောက်တက်သွားတယ်၊ ခေါင်းကနီနီကြီး"

"ဆံပင်တွေက နီတာလား၊ မျက်နှာက နီတာလား"

"မျက်နှာကမနီဘူး၊ မျက်လုံးနှစ်လုံးကနီတယ်၊ ခေါင်း အပေါ်ပိုင်းက နီနီကြီး"

"လာ.....လာ၊ ဘာမှမရှိတော့ဘူး၊ တဲအတွင်းကို ဝင်



www.burmeseclassic.com

www.burmeseclassic.com


ကြမယ်၊ အားလုံးလာကြ”

“အဲ့ဒီလူကြီးက သားကို၊ သူ့ရဲ့နီရဲနေတဲ့ မျက်လုံးကြီးကို ပြူးပြပြီး၊ မျောက်တစ်ကောင်လိုပဲ သစ်ပင်ပေါ်ပြေးတက်သွားတယ်”

“အခု....သားအမြင်ပဲ၊ သစ်ပင်ပေါ်မှာ ဘာကောင်မှ မရှိဘူး”

“ဟုတ်တယ်၊ သမီးတို့လည်း မမြင်ဘူး”

“သားကတော့ သေသေချာချာမြင်လိုက်တယ်”

ထိုညမှာပင် အငယ်ကောင်ကျော်ကျော်၊ အိပ်မောမကျဘဲ လန့်ပြီးအော်နေသည်။

ထိုကဲ့သို့ အော်နေသဖြင့်၊ ကိုဇော်မျိုးတို့လည်း အိပ်၍မရတော့။

ဘယ်လိုလုပ်ရမှန်းမသိတော့၊ နားလည်တတ်ကျွမ်းသူကလည်း အနီးနားမှာမရှိ၊ ရွာသို့သွားခေါ်ရန်လည်း လူခွဲမရှိ။

ထိုစဉ်အငယ်ကောင် ခြောက်နှစ်သားလေးက မထင်မှတ်သောအပြုအမူကို ထလုပ်တော့သည်။

“ဝှန်း.....”

www.burmeseclassic.com

www.burmeseclassic.com



"ဝုန်း"

"ဟီး....ဟီး.....ဟီ..."

"သား...သား၊ ဘာ....ဘာဖြစ်လို့လဲ"

မေးခနဲ အိပ်ပျော်သွားသော မမြကျင်က၊ အသံကြားပြီး နိုးလာသည်။

"ကိုဇော်မျိုး သားဘာဖြစ်တာလဲ"

"ဟား...ဟား....ဟား၊ ငါဗိုက်ဆာတယ်ကွ၊ ငါမင်းတို့ ဆီက မစားရတာ သုံးရက်ရှိပြီ...."

"ခင်ဗျားက ဘယ်သူလဲ၊ ဘယ်မှာနေတာလဲ"

"ငါက သရဲထိပ်နီ၊ မင်းတို့တဲရဲ့ခြေရင်းက ကုက္ကိုပင်ကြီး မှာနေတာ၊ ငါဗိုက်ဆာတယ်၊

ငါ့ကို အခုဟင်းချက်ကျွေး"

"ဟာ....အခုတဲမှာ ဘာမှချက်ကျွေးစရာမရှိဘူး"

"ငါ မင်းတို့ချက်တဲ့ဟင်းမှ မစားရရင်၊ မင်းသားသမီး တွေကို တစ်ယောက်ချင်း စားမယ်၊ ပြီးရင် မင်းတို့ကို စားမယ်"

"ဟာ...ဒီလိုတော့မဖြစ်ဘူး၊ အဲ့ဒီလိုတော့ မလုပ်ပါနဲ့"

"ဒါဆို ငါ့ကိုဟင်းချက်ကျွေး"



www.burmeseclassic.com

www.burmeseclassic.com


"ခင်ဗျားစားချင်တဲ့ဟင်း ချက်ကျွေးမယ်၊ မနက်ဈေးသွားပြီး ညနေပိုင်းကျွေးမယ်"

"မနက်ဖြန်ညနေ အမဲသားဟင်းချက်ကျွေး"

"စိတ်ချ၊ ကတိပေးတယ်၊ ကျုပ်သားဆီမှာ ပူးကပ်နေတာ ခွာပေးပါ"

"ဝါ့ကို ညာမယ်လို့မစဉ်းစားနဲ့၊ ဝါကုက္ကိုပင်မှာရှိတယ်။ ဝါစောင့်နေမယ်"

ထိုသို့ ပြောပြီးသည်နှင့် အငယ်ကောင်ကျော်ကျော်ထံမှ ပူးကပ်နေသော သရဲထိပ်နီလည်း ထွက်သွားတော့သည်။

◆ ◆ ◆

နောက်နေ့မနက် မမြကျင်ဈေးရောင်းသွားပြီးအပြန်၊ အမဲသားဝယ်လာခဲ့သည်။

အမဲသားဟင်းကိုချက်ပြုတ်ပြီးသည်နှင့် ဆန်ကောတစ်ချပ်အတွင်း ငှက်ပျောဖက်ခင်းပြီး၊ ထမင်းအပေါ် ဟင်းများပုံကာ၊ ကုက္ကိုပင်အောက်သို့ သွားချကျွေးလိုက်သည်။

ထိုသို့ ချကျွေးပြီးသည်နှင့် ထိုင်းမှိုင်းတွေဝေနေသော


www.burmeseclassic.com

www.burmeseclassic.com

ကျော်ကျော်မှာ၊ ထိုင်းမိုင်းတွေဝေ ကြောက်လန့်မှုများ ယုပစ်သလို ပျောက်သွားတော့သည်။

နောက်ရက်ရောက်ပြန်တော့၊ ကိုဇော်မျိုးတို့လင်မယား ကြံရာမရ ဖြစ်နေသည်။

မနက်စာ၊ ညစာ၊ မည်သည့်ဟင်းချက်ရမည်မသိ ဖြစ်နေသည်။

အသားဟင်းချက်ပြန်လျှင်လည်း ကုက္ကိုပင်ပေါ်ကထိပ်နီသရဲကြီး ဆင်းပြီး စားသွားမှာစိုးသည်။

ဟင်းကောင်းမချက်ပြန်လျှင်လည်း၊ သူ့ဗိုက်ဆာတယ်ဆိုပြီး ကလေးတစ်ယောက်ယောက်ကို အန္တရာယ်ပြုမှာ စိုးလှသည်။

နေ့တိုင်း ချက်ကျွေးရအောင်လည်း သူတို့က မချမ်းသာ၊ အသားဟင်းတစ်ပန်းကန်သာစားမည်ဆိုလျှင်၊ သူတို့စားမည့် ဟင်းအိုးထဲမှ ခွဲဝေကျွေးနိုင်သေးသည်။

အခုတော့ အစားကြီးသည့် သရဲထိပ်နီက၊ ဟင်းတစ်အိုးလုံးကျွေးမှ ကျေနပ်သည့်သရဲဖြစ်သည်။

ယခုမှ စိတ်ဒုက္ခရောက်ရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


"ကိုဇော်မျိုး၊ ကျွန်မတို့ ရွာထဲပြောင်းကြရင် ကောင်းမလား"

"ရွာထဲပြောင်းတာတော့ တုတ်ပါပြီ၊ အသီးအနှံတွေက ပေါ်နေပြီ၊ အစောင့်မရှိလို့လည်း မဖြစ်ဘူး၊ အခြေအနေ စောင့်ကြည့်ပြီး သတိနဲ့နေကြတာပေါ့ကွာ"

သို့ဖြင့် သူတို့မိသားစုငါးယောက်လည်း ထိပ်နီသရဲကြီးနှင့် နီးကပ်စွာနေရင်း ထိုညတစ်ညလုံး အိပ်မပျော်နိုင် ဖြစ်ခဲ့ရတော့သည်။

ပထမနေ့က သရဲကြီးအတွက်၊ အမဲသားဟင်းချက်ကျွေးပြီး၊ နောက်နေ့ ပဲသီးနှင့် ခရမ်းချဉ်သီးရော၍ ဟင်းတစ်ခွက် ချက်လိုက်သည်။

ညနေပိုင်း ထိုဟင်းကို ယူစားခြင်း မခံလိုက်ရ၊

သရဲက ဟင်းသီးဟင်းရွက် ကြိုက်ပုံမရ၊

ထိုည သရဲကြီးဟင်းကို ယူမစားသဖြင့် စိတ်ချမ်းသာစွာ စားကြရသည်။

ညစာစားတော့ ထူးခြားမှုမရှိ၊ ညခြောက်နာရီမှစ၍ ညကိုးနာရီအထိ၊ ချိုးချိုးချွတ်ချွတ်အသံပင်မကြားရ၊

www.burmeseclassic.com

www.burmeseclassic.com

ကလေးသုံးယောက်က အိပ်ပျော်နေပြီ။

ကိုဇော်မျိုးနှင့် မမြကျင်တို့လင်မယား နှစ်ယောက်ကတော့ အိပ်ချင်ပေမယ့်၊ သရဲကြီးထမင်းမစားရသဖြင့် တစ်ခုခုလုပ်မည်စိုး၍ အတွေးလွန်ကာ အိပ်မပျော်နိုင် ဖြစ်နေရသည်။

သူတို့စိုးရိမ်နေသည့်အတိုင်း

"ဝုန်း"

ကုက္ကိုပင်ပေါ်မှ သရဲကြီးခုန်ချလိုက်သည်လား၊ တစ်ခုခုပစ်ချလိုက်သည်လားမသိ၊ တစ်ခုခုကျသည့်အသံကြီးကြားလိုက်ရသည်။

"ဟင်...ဘာသံလဲ...၊ ကြားလိုက်လား"

"ကြားတာပေါ့ အကျယ်ကြီးပဲဟာ"

ထိုစဉ်

"ဝုန်း....ဝုန်း....ဝုန်း"

တဲကိုဆွဲလှုပ်နေသည်လားမသိ၊ ယိမ်းထိုးလှုပ်ရှားနေသည်။

"ဘုရား...ဘုရား....၊ ဒီသရဲကြီး အစာမစားရသေးလို့ သောင်းကျန်းနေပြီ၊ ဘယ်လိုလုပ်ကြမလဲ"

www.burmeseclassic.com

"အား...အား.....၊ ဟီး......ဟီး....."

"ဟင်၊ အလတ်ကောင်အသံမဟုတ်လား"

"ဟုတ်တယ်၊ ခြင်ထောင်ထဲက ကလေးတွေနိုးကုန်ပြီ ထင်တယ်၊ လန့်ကုန်တော့မှာပဲ"

မမြကျင် ခြင်ထောင်အတွင်း ဝင်သွားသည်။

ခြင်ထောင်အတွင်းမှ အလတ်ကောင်ထွန်းထွန်း လန့်ပြီး ငိုနေသည်။

မမြကျင်က အလတ်ကောင်အား၊ မကြောက်ရန်နှစ်သိမ့် ပေးရန် ပွေ့ဖက်လိုက်သည်။

"သား...၊ ဘာမှမကြောက်နဲ့...အမေရှိတယ်...."

"သွား"

မမြကျင် လက်များကိုပုတ်ထုတ်လိုက်ကာ၊ ခြင်ထောင် အတွင်းမှထ၍ ထွက်သွားသည်။

ကိုဇော်မျိုးကအလတ်ကောင်လက်ကို လှမ်းဆွဲလိုက် သည်။ အလတ်ကောင်က မျက်ထောင့်နီနှင့် လှမ်းကြည့်ပြီး၊ ဒေါ သသံပါသော အသံနှင့်စကားပြန်ပြောသည်။

ကလေးအသံမဟုတ်၊ အငယ်ကောင်ကိုဝင်စီးပြောသော



www.burmeseclassic.com

www.burmeseclassic.com

သရဲထိပ်နီအသံကြီးနှင့် ဖြစ်သည်။

"ဒါအောက်ဆင်းမလို့.....၊

မင်းတို့ ဒီကိုဘာမှမကျွေးလို့ မကျေနပ်လို့ပဲကွ"

"ဟာ...မနေ့က အမဲသားဟင်းနဲ့ ကျွေးပြီးပြီလေ"

"နေ့တိုင်း ကျွေးနိုင်လောက်တဲ့အထိ ကျုပ်တို့ မချမ်းသာဘူး။ တစ်ပတ်ကို တစ်ခါကျွေးမယ်၊ နေ့တိုင်းတော့ မကျွေးပါရစေနဲ့"

ကလေးက ဘာမှပြန်မပြောတော့၊ ဒေါ်သထွက်သည့်ဟန်နှင့် ခြေဆောင့်ပြီး၊ တဲအောက်သို့ အတင်းဆင်းသွားတော့သည်။

ထိုသို့ အလတ်ကောင်ဆင်းသွားသည့်အတွက် သရဲထိပ်နီရန်ကို မကြောက်နိုင်တော့ဘဲ၊ လင်မယားနှစ်ယောက်လုံး တဲပေါ်မှဆင်းပြီး အလတ်ကောင်သွားရာနောက်သို့ လိုက်ခဲ့သည်။

"ရှင်တားချင်တာ ဝယ်ကျွေးပါ့မယ်၊ ကလေးကို ခေါ်မသွားပါနဲ့"

မမြကျင်က နောက်မှ အတင်းလိုက်ပြောသော်လည်း ရှေ့သို့ ရောက်နေသော အလတ်ကောင်က ဘာမှပြန်မပြော


www.burmeseclassic.com

www.burmeseclassic.com


ရှပ်သေတစ်ရှပ်ကဲ့သို့ အသက်မဲ့စွာ၊ ကုက္ကိုပင်ရှိရာသို့ လျှောက်သွားနေသည်။

ထို့နောက် အံ့ဩဖွယ်ရာ၊ မိဘတွေမျက်စေ့အောက်မှာပင် မျောက်တစ်ကောင်အလား၊ ကုက္ကိုပင်ပေါ် တက်သွားသည်။

"ဟာ....ကလေးကို သရဲခေါ်သွားပြီ...."

"ကျုပ်တို့ကလေးကို ပြန်ချပေးပါ။ မင်းစားချင်တဲ့ဟင်း၊ မနက်ဝယ်ချက်ကျွေးမယ်"

"ဟား....ဟား.....ဟား....ဟား......"

ကုက္ကိုပင်ကြီးပေါ်က ချောက်ချားဖွယ်ရာ ရယ်မောသံကြီး၊ ထိုကလေးပါးစပ်မှ ထွက်နေသည်။

"အေး...ကျွေးတော့လည်း ဆင်းရတာပေါ့၊ အခုတော့ မဆင်းသေးဘူး။ မင်းတို့ထမင်းနဲ့ ဟင်း ထုံ့ရှေ့ရောက်မှဆင်းမယ်"

"ခင်ဗျား မဆင်းချင်လည်း မဆင်းပါနဲ့၊ ကျုပ်သားကိုတော့ အောက်ချပေးပါ။ ခင်ဗျားကို မနက်စာသေသေချာချာ ချက်ကျွေးမှာပါ"

"အခု မဆင်းသေးဘူးလေ၊ မနက်စာစားတော့မှ ဆင်းခဲ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားကို ပြောတာမဟုတ်ဘူး။ ကလေးကို အောက်ချပေးဖို့ ပြောနေတာပါ"

"တောင်းပန်ပါတယ်ရှင်၊ ကလေးကိုအောက်ချပေးပါ"

"မဆင်းဘူးဟေ့၊ မဆင်းဘူး"

"ဟာ...ကလေးမှာ သရဲစီးထားတာဆိုတော့ သရဲမဆင်းရင် ကလေးအောက်ရောက်မှာ မဟုတ်ဘူး"

"ဘယ်လိုလုပ်ရမလဲ၊ မစဉ်းစားတတ်တော့ဘူး မိန်းမရာ"

"ဒီအတိုင်း တစ်ညလုံးထိုင်နေရမှာလား၊ မလွယ်ဘူး၊ ကျွန်မတို့ မအိပ်မနေထိုင်မနေနိုင်သလို သားလေးလည်း သစ်ကိုင်းပေါ်မှာ တစ်ညလုံးထိုင်နေနိုင်မှာမဟုတ်ဘူး"

ကိုဇော်မျိုးတို့လင်မယား၊ အောက်က တောင်းတောင်းပန်ပန် ကလေးကို ချခိုင်းပေမယ့်၊ ထိပ်နီသရဲက ကလေးမှာ ဝင်စီးထားပြီး အောက်ကိုချမပေး။

သို့ဖြင့် သန်းခေါင်ကျော်နှစ်နာရီခန့်ရှိတော့ ကိုဇော်မျိုးတို့ အိပ်ငိုက်လာသည်။

ခါတိုင်းဆိုလျှင် အိပ်မောကျနေပြီဖြစ်သည်။ ကလေးနှစ်



www.burmeseclassic.com

www.burmeseclassic.com


ယောက်က တဲအတွင်းမှာ၊ ကလေးတစ်ယောက်က သစ်ပင်ပေါ် မှာ၊ အထဲလည်း ဝင်မအိပ်ဝံ့၊

အမိုးအကာမရှိသောတဲအပြင်မှာ စောင်တစ်ထည်မှမရှိ၊ မအိပ်ခင်ဝတ်ထားသောအနွေးထည်သာ ခန္ဓာကိုယ်မှာရှိကြသည်။

ကလေးကိုသစ်ပင်ပေါ်မှ ပစ်ချလိုက်မည်စိုးရိမ်၍ သစ်ပင်ပေါ်မော့ကြည့်ရလွန်းသဖြင့် လည်ပင်းများပင်ညောင်းကိုက်နေပြီ။

ကလေးထိုင်နေသော ကုက္ကိုပင်အကိုင်းက ပေနှစ်ဆယ်ခန့်အမြင့်မှာ ရှိနေသည်။ ကလေးကအိပ်ချင်ပုံမရ၊ ခြေတွဲလောင်းချကာ ခြေထောက်နှစ်ဖက်ကိုပင် လှုပ်ရှားနေသေးသည်။

"တောက်...တော်တော်ဒုက္ခပေးတဲ့ သရဲပဲ၊ ကလေးအောက်ရောက်မှ ဖို့အကြောင်းသိစေရမယ်"

"ရှင်က ဘာလုပ်မလို့လဲ"

"နောက်မှပြောမယ်၊ အခုတော့ဘယ်သူ့ကိုမှ မပြောသေးဘူး"

"ရှင်...ကုက္ကိုပင်ကို ခုတ်ပစ်မလို့လား"


www.burmeseclassic.com

www.burmeseclassic.com



"မင်းပါးစပ် ပိတ်ထားစမ်း၊ သရဲကြားလို့ ကလေးကို ပစ်ချလိုက်ဦးမယ်"

ထိုအခါမှ မမြကျင်ပါးစပ်ပိတ်သွားတော့သည်။

သရဲထိပ်နီလည်း အမြီးကြီးစွာကလေးကို သစ်ပင်ပေါ်မှ မချပေးသဖြင့် တစ်ညလုံးမိုးလင်းသည်အထိ မမြကျင်တို့လင်မယားမအိပ်ဘဲ ထိုင်စောင့်နေရသည်။

"မမြကျင် လင်းရောင်လာတာနဲ့ ကလေးနှစ်ယောက်ကို နှိုးပြီး ရွာထဲကသူ့အဘွားအိမ်ကိုခေါ်သွား။ ကျောင်းကို အဘွားအိမ်မှာနေပြီး တက်ခိုင်း၊ တဲကို လူကြီးတွေလာမခေါ်မချင်း မလာခဲ့နဲ့လို့ အသေအချာမှာ...၊

မင်းအမေကိုလည်း ကလေးတွေမသိအောင်အကျိုးအကြောင်းရှင်းပြ၊ အလတ်ကောင်အကြောင်းမေးရင်၊ ငါနဲ့နေခဲ့တယ်လို့ပြော၊ အထိတ်အလန့် သွားမလုပ်နေနဲ့နော်....၊

ပြီးတာနဲ့ အမဲသား‌ဖြစ်ဖြစ်၊ ကြက်သားဖြစ်ဖြစ်ဝယ်ခဲ့၊ ကဲ....မင်းထဲထဲသွားပြီး ကလေးတွေကိုနှိုး။ အသီးအနှံ အရွက်တွေကို ချရောင်းမနေနဲ့၊ ရတဲ့ဈေးနဲ့ ဖောက်သည်ပေးခဲ့"

"ကျုပ်လည်း ဖောက်သည်ပေးဖို့စိတ်ကူးပြီးသားပါ။



www.burmeseclassic.com

www.burmeseclassic.com



ရှင်အလတ်ကောင်ကို ဂရုစိုက်နေနော်၊ သရဲစိတ်ဆိုးအောင် လျှောက်မလုပ်နဲ့"

အရှေ့မှ ရောင်ခြည်လာသည်နှင့် မမြကျင်၊ အငယ်ကောင်၊ အကြီးမတို့ တဲအတွင်းမှထွက်၍ ရွာသို့သွားသည်ကို ကိုဇော်မျိုးမြင်လိုက်ရသည်။

ကိုဇော်မျိုးလည်း သစ်ပင်ပေါ်က ကလေးကိုစိုးရိမ်စွာ စောင့်ကြည့်ရင်း ကျွန်ခဲ့သည်။

နေ၏အလင်းရောင်က ဝန်းကျင်အနှံ့ဖြာဆင်းလာခဲ့ပြီ၊ ကိုဇော်မျိုး ထိုင်ရာကမထဖြစ်သလို၊ သစ်ပင်ပေါ်မှအလတ်ကောင်ကလည်း ထိုင်လျက်သားရှိနေသည်။

သရဲဝင်ပူးထားခြင်းကြောင့် တစ်ညလုံးမအိပ်ရသော်လည်း လန်းဆန်းနေပုံပင်ရသည်။

ရွာတင်းကုပ်အတွင်းမှ ရွာများကို ချေး၊ သေးများရှင်းစရာရှိနေသေးသော်လည်း အလတ်ကောင်ကို စိတ်မချသဖြင့် တဲအပြင်မှ အတွင်းသို့မဝင်ဘဲရှိနေသည်။

နေကာ၊ ခုနှစ်နာရီကျော်သည်နှင့် အပူချိန်ကပါလာသည့်အတွက် အရိပ်ရသောတဲဘေးသို့ နေရာရွှေ့ပြီးထိုင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


သစ်ပင်ပေါ်က အလတ်ကောင်လည်း၊ ယခုအချိန်ထိ သစ်ကိုင်း ပေါ်ခြေတွဲလောင်းချ ထိုင်တုန်းရှိနေသလို ခြေထောက်နှစ်ချောင်း ကိုလှုပ်၍ပင်နေသေးသည်။

နေက တဖြည်းဖြည်းမြင့်လာပြီး၊ အလတ်ကောင်က သစ်ကိုင်းအပေါ်မှထနေသည်ကို ဇော်မျိုးမြင်နေရသည်။

အလတ်ကောင် သစ်ပင်အောက်သို့မဆင်းဘဲ၊ သစ်ပင် ထိပ်ဖျားနီးပါးတက်သွားသည်ကို မြင်နေရသည်။ လေတိုက်၍ အမြင့်ဘက်ရှိ သစ်ကိုင်းများလှုပ်ရှားနေသည်။

သရဲက ကိုဇော်မျိုးဧ်စိတ်ကို ဆွနေသည်နှင့်ပင် တူ တော့သည်။

အလတ်ကောင်က ဟိုကိုင်း၊ သည်ကိုင်း မျောက်တစ် ကောင်နှယ်ခုန်ကူးနေပြန်သည်။

မနက်ရှစ်နာရီခွဲခန့်၊ မပြကျင်ဈေးဝယ်သွားရာက ပြန် လာသည်။

တဲနားခပ်လှမ်းလှမ်းရောက်သည်နှင့် သစ်ပင်ထိပ်ဖျား ရောက်နေသောအလတ်ကောင်ကို မပြကျင်လှမ်းမြင်လိုက်သည်။

"အမလေး.....ကလေးကို သစ်ပင်အမြင့်ကြီးပေါ် ခေါ်


www.burmeseclassic.com

www.burmeseclassic.com


သွားမြန်ပြီ"

တဲကိုရောက်ရန် ခြေလှမ်းအမြန်လျှောက်ခဲ့သည်။

မမြကျင်တဲနားရောက်သည်နှင့် ကုက္ကိုပင်ပေါ်လှမ်းအော်ပြောလိုက်သည်။

"ကလေးကိုအောက်ချပေးပါတော့၊ ဟင်းအမြန်ချက်ပေးပါ့မယ်"

"ဟင်းချက်လိုက်၊ ပြီးရင် ငါဆင်းပြီးစားမယ်"

သစ်ပင်ထိပ်ဖျားဆီမှ အလတ်ကောင်က၊ အသံညြည ကြီးနှင့် ပြန်အော်ပြောသည်။

"တဲ...မမြကျင်၊ သရဲကတော့ မစားရမချင်း အလတ်ကောင်ကို ချပေးမှာမဟုတ်ဘူး၊ ထမင်းနှင့် ဟင်းကိုသွားပြီး မြန်မြန်သာချက်လိုက်"

"ရှင်ကလေးကို စောင့်ကြည့်နေ၊ ကျွန်မ အမြန်ချက်လိုက်မယ်"

မမြကျင်လည်း တဲအတွင်းဝင်က၊ ထမင်းနှင့်ဟင်းကို အမြန်ဆုံးချက်လိုက်သည်။

ဆယ်နာရီခွဲခန့် ထမင်းရောဟင်းပါ ကျက်သွားတော့

www.burmeseclassic.com

www.burmeseclassic.com



သည်။

မမြကျင်တဲအတွင်းကထွက်ပြီး ဇော်မျိုးအနားရောက်လာသည်။

"အားလုံးကျက်သွားပြီ၊ ရှင်သွားခူးခပ်ပြီးယူခဲ့"

ကိုဇော်မျိုးလည်းဆန်ကောအတွင်း၊ ငှက်ပျောဖက်ခင်းကာ ထမင်းကိုခူးပြီးပုံလိုက်သည်။ ထမင်းအပေါ်သို့ အမဲသားဟင်းများလောင်းထည့်လိုက်သည်။

တဲအပြင်သို့ ဆန်ကောကိုမ,ထွက်လာကာ၊ ခပ်လှမ်းလှမ်းရှိ တဲနှင့် လယ်နှစ်ကွက်ခန့်အကွာ ကန်သင်းပေါ်ချလိုက်ရင်း...၊

"ဟေ့...သစ်ပင်ပေါ်က အကောင်ကြီး၊ ဒီမှာအမဲသားဟင်းနဲ့ ထမင်းချကျွေးထားတယ်၊ လာစား..."

ထိုသို့ အော်ပြောလိုက်သည်နှင့် သစ်ပင်ပေါ်မှအလတ်ကောင်လည်း သွက်လက်စွာအောက်သို့ ဆင်းလာပြီး ထမင်းဆန်ကောချထားရာ လယ်ကန်သင်းရိုးဆီသို့ ထွက်သွားသည်။

ထို့နောက် ထမင်းကိုအားပါးတရ ထိုင်စားနေသည်။

ကိုဇော်မျိုးလည်း စိတ်ကူးထားသည့်အတိုင်း၊ သံကြိုး

www.burmeseclassic.com

www.burmeseclassic.com


ထမင်းထိုင်စားနေစဉ်၊ ထင်းခုတ်ဓားမကြီးကို ပြေးယူပြီး၊ လူကြီး လက်နှစ်ဖက်အရွယ်မရှိတရှိပင်စည်ကို အားကုန်လွှဲခုတ်တော့သည်။

ကုက္ကိုပင်က အသားပွအမျိုးအစားဖြစ်ပြီး၊ အသက်က သုံးနှစ်သားပင်မပြည့်တတ်၊ သို့ကြောင့် အနှစ်ကသိပ်မရှိသေး။

ဒေါသစိတ်မွှန်ပြီး ဓားနှင့်အချက်ပေါင်းများစွာ ခုတ်လိုက်ရာ ပင်စည်တစ်ဝက်ကျော်ကျော်ခန့် ခုတ်မိသွားသည်။ ဆယ်ပိနှစ်ပင်မကြာ သစ်ပင်ကြီးလေအတိုးမှာ ယိမ်းထိုးစပြုပြီ..၊

ထိုအခါ အလတ်ကောင်ကို ဝင်စီးထားသောသရဲက၊ ထမင်းစားရင်း ကုက္ကိုပင်ကိုလှမ်းပြီးကြည့်သည်။

"ဟား......ဟား.......ဟား...၊ ငါ့မနေနိုင်အောင် သစ်ပင်ကို ခုတ်နေတာလား။ သစ်ပင်မသေဘဲ မင်းသေရမယ်၊

ငါလည်းမသွားဘူး။ သစ်ပင်လည်း မလဲစေရဘူး။ ဟား... ဟား.....ဟား..."

အလတ်ကောင်ထံမှ သရဲထွက်သွားပုံရသည်။ အလတ်ကောင်မြေပေါ်လဲကျသွားသည်။

အလတ်ကောင်လဲသည်နှင့် တပြိုင်နက်၊ ကိုဇော်ဝိုး ခြေ


www.burmeseclassic.com

www.burmeseclassic.com


ထောက်နှစ်ချောင်း၊ လက်နှစ်ဖက် အကြောဆွဲသကဲ့သို့ဖြစ်ကာ မတ်တတ်ရပ်နေရာမှ ပစ်လဲကျသွားသည်။

သစ်ပင်က ပင်စည်သုံးပုံနှစ်ပုံပြတ်နေသော်လည်း လဲမကျဘဲ၊ အကောင်းအတိုင်းမတ်မတ်ကြီး ရှိနေသည်။

ကိုဇော်မျိုးတစ်ယောက် အသေကောင်ကြီးလို ဆန့်ဆန့်ကြီးလဲကျနေသည်။

မမြကျင်က ကိုဇော်မျိုးကိုထူမရန်ပွေ့လိုက်သည်။

"တင်...ကိုဇော်မျိုးအသက်မှ ရှိသေးရဲ့လား"

ထိုအချိန် သူတို့တဲနီးနားချင်းများ၊ လယ်အလုပ်ခွင်ဝင်နေကြသည်ကို မမြကျင်လှမ်းမြင်လိုက်သည်။

"လာကြပါဦး.... မအေးမြင့်တို့၊ ကိုထွန်းဝတို့ ကျွန်မယောက်ျားဘာဖြစ်တယ်မသိဘူး၊ လာကြည့်ကြပါဦး"

မမြကျင်၏အော်သံကြောင့် တဲနီးဝန်းကျင်မှ လူငါးယောက်ခန့်ရောက်လာသည်။

ကိုထွန်းဝက ကိုဇော်မျိုးကိုအသေအချာစမ်းကြည့်သည်။

"ဇော်မျိုးအသက်မရှိတော့ဘူး၊ ဘယ်လိုဖြစ်တာလဲ"


www.burmeseclassic.com

www.burmeseclassic.com



မမြကျင်က ရောက်လာသူများကို ရှင်းပြလိုက်သည်။

"ဟင်...၊ သရဲက ဒီမှာရှိတာပေါ့ ဟုတ်လား"

"ဟုတ်တယ်၊ ကုက္ကိုပင်မှာနေတဲ့ သရဲက၊ သူမနေနိုင်အောင် ကုက္ကိုပင်ကိုခုတ်လိုက်လို့ ခုလိုအသေလုပ်လိုက်တာပဲ"

"ဟာ....ဟိုမှာကြည့်ကြစမ်း၊ ပင်စည်ကိုခုတ်ထားတာ အထဲက အနှစ်ပြုတ်နေပြီ၊ တည်းတည်းပဲကျန်တော့တာ၊ မလဲဘူး၊ အပေါ်ဝိတ်နဲ့လေတိုက်တာနဲ့ သစ်ပင်လဲရမှာ"

"ကုက္ကိုပင်လဲမကျအောင် သရဲလုပ်ထားတာ ဖြစ်နိုင်တယ်"

"ကဲ....ဖော်မျိုးတာကယ်သေသွားပြီဆိုရင် အလောင်းထားဖို့ စင်လုပ်ရအောင်"

"ကျော်ငွေနဲ့ ဖိုးထူးက၊ ကနားဖျင်းထိုးဖို့ စီစဉ်ကြ၊ ရွာထဲက အသိဆွေမျိုးတွေကို အကြောင်းကြားကြဦး"

"ဟုတ်ကဲ့ ဦးလေးတင်၊ ကျွန်တော်တို့ လူစုလိုက်ပါ့မယ်၊ မိုးမချုပ်ခင် အားလုံးပြီးနေစေရမယ်"

❖ ❖ ❖

မိုးမခ

www.burmeseclassic.com

www.burmeseclassic.com


"ဒေါ်အေးမြင့်......ဒေါ်အေးမြင့်ရှိလား"

"ဟဲ့...ကျောက်လုံးလား၊ နင်တဲမသွားဘူးလား...."

"တဲသွားလို့ တဲကပြန်လာတာ"

"ဘာကိစ္စရှိလို့လဲ"

"ဒေါ်လေး အောက်ကိုဆင်းခဲ့ဦး၊ ကျွန်တော်အပေါ်မတက်တော့ဘူး"

"ကျောက်လုံးတို့ကတော့ စကားပြောစရာရှိအိမ်ပေါ်တက်လာတာမဟုတ်ဘူး၊ ဖို့ကိုအောက်ဆင်းခိုင်းနေတယ်၊ ဇရဲဖောက်ထိုးကျမယ့်ကောင်"

ဒေါ်အေးမြင့် အိမ်ပေါ်ကဗျစ်တောက်ဗျစ်တောက်ပြောပြီးဆင်းလာသည်။

"ဒေါ်လေးသမက် မနက်ကဆုံးသွားပြီ"

"ဘာ...ဇော်မျိုးဆုံးသွားပြီ၊ ဘာဖြစ်လို့လဲ"

"ဘာဖြစ်မှန်းမသိဘူး၊ မမြကျင်ပြောတာတော့ သူ့ရဲ့လုပ်တာလို့ပြောတယ်"

ဒေါ်အေးမြင့်လည်း သပိးနှင့်ကလေးများမျက်နှာကို မြင်ယောင်မိရင်း ရင်ထဲဆို့တက်လာသောအပူကိုပြန်မိုရင်း အသင့်

www.burmeseclassic.com

www.burmeseclassic.com


ကို မနည်းရှုနေရသည်။

"မနက်က ကလေးတွေအိမ်ရောက်လာလို့ စိတ်ထဲ တစ်မျိုးထင့်နေတာ၊ ဘယ်လိုဖြစ်ရတာလဲကွယ်"

"ဒေါ်လေးအရမ်းအော်ငိုမနေနဲ့၊ ကလေးတွေကြားလို့ ထိန်းမရ သိမ်းမရဖြစ်ကုန်မယ်၊ အဲ့ကြောင့်ဒေါ်လေးကို အောက်ကို ဆင်းလာခိုင်းတာ"

"ကလေးတွေမရှိဘူး၊ ကျောင်းသွားနေတယ်၊ ငါအခု တဲကိုသွားမယ်၊ နင်လည်း လိုက်ခဲ့ပါလား"

"မပြကျွဲက အမေမလာခဲ့နဲ့၊ ကလေးတွေကို တစ်ရက် နှစ်ရက်မသိအောင် ထိန်းထားပေးပါလို့ မှာလိုက်တယ်၊ အဲ့ကြောင့် ဒေါ်လေးတဲမသွားဘဲ အိမ်မှာပဲနေပါ"

"နင်အခု တဲကိုပြန်သွားမှာလား။ အလတ်ကောင်ကို တော့ မခေါ်ခဲ့ဘူး"

"အလတ်ကောင်ကို ခေါ်တာမရဘူး။ အခုကျွန်တော် ဆရာဖုန်းကို သွားပင့်မလို့၊ ဆရာဖုန်းဆီမသွားခင် ဒေါ်လေးကို အရင်ဝင်ပြောတာ"

ဆရာဖုန်းက ပယောဂ၊ အောက်လမ်း၊ စုန်း၊ တစ္ဆေသရဲ

www.burmeseclassic.com

များကို နိုင်နင်းသောပညာကို လေ့လာတတ်မြောက်ထားသူ ဖြစ်သည်။

တစ်ရွာလုံးက ဆရာတစ်ဆူလို့ သတ်မှတ်ခံထားရသူ ဖြစ်သည်။

ကျောက်လုံး၊ ဆရာဖုန်းအိမ်ရောက်သွားသည်။

ဆရာဖုန်းကလည်း ကျောက်လုံးစကားကြားတော့ အံ့ဩသွားသည်။

"တစ်နေ့ကပဲ ငါ၊ တင်ဖေတို့လယ်ထဲရောက်တော့၊ တင်ဖေတို့တဲမှာ ဇော်မျိုးနဲ့တွေ့လို့ စကားပြောခဲ့သေးတယ်၊ ဖြစ်မှဖြစ်ရလေ၊ ငါလိုက်ခဲ့မယ် ခဏစောင့်"

ဆရာဖုန်းလည်း ဘုရားစင်ရှေ့သို့သွား၍ ဘုရားရှိခိုးလိုက်ပြီး ဆေးလွယ်အိတ်ကိုယူကာ ကျောက်လုံးနောက်က လိုက်ခဲ့သည်။

လမ်းတစ်လျှောက်လုံး ဆရာဖုန်းအား ရှင်းပြလာသည်။

"သူတို့တဲကချက်တဲ့ အသားဟင်းတွေကို၊ ကုတ္တိုပင်ပေါ်က သရဲက၊ ချက်တိုင်းစားပစ်နေတာတဲ့၊

အသားဟင်းမချက်ဘဲ ဟင်းသီးဟင်းရွက်ချက်လည်း


www.burmeseclassic.com

www.burmeseclassic.com


တားရော အငယ်ဆုံးကောင်လေးကို ဝင်ပူးတာပဲတဲ့ ဆရာရေ...။

အမဲသားဟင်းဝယ်ချက်ကျွေးမှ အငယ်ကောင်ကိုပူးထားရာက ခွါပေးတာတဲ့။

နောက်နေ့ အသားဟင်းမချက်တော့ဘဲ၊ သုံးရက်လောက် ဟင်းသီးဟင်းရွက်ချက်စားရာက စိတ်ဆိုးပြီး အလတ်ကောင်ကိုဝင်စီးပြန်ရော၊

ဝင်စီးရုံသက်သက်မဟုတ်ဘူး၊ ကုက္ကိုပင်ပေါ် တစ်ညလုံးခေါ်ပြီး ဝင်စီးထားတာတဲ့၊

ကောင်လေးက သစ်ကိုင်းပေါ်တစ်ညလုံးထိုင်နေပြီး၊ ခြေလှုပ်လိုက်၊ လက်လှုပ်လိုက် လုပ်ပြနေတယ်၊ ဟင်းချက်ကျွေးမှ ဆင်းမယ်ဆိုပြီး တစ်ညလုံးမိုးလင်းတဲ့အထိနေတာ၊

ကိုဇော်မျိုးက တစ်ညလုံးသစ်ပင်အောက်က စောင့်နေတယ်။ မိုးလင်းတော့မခြကျင်က ဟင်းစားသွားဝယ်တယ်။ ဟင်းချက်ပြီးတော့မှ ကောင်လေးမှာဝင်စီးထားတဲ့သရဲ ဆင်းပြီးစားတာ၊

သရဲထမင်းစားနေတုန်း ကိုဇော်မျိုးက ကုက္ကိုပင်ကိုခုတ်လှဲတာ၊ သရဲက ၎င်းအပင်ကိုခုတ်တဲ့ကောင် အသေသတ်မယ်



www.burmeseclassic.com

www.burmeseclassic.com

ဆိုပြီး အခုကိုသတ်ပစ်လိုက်တာပါပဲဆရာရယ်"

"တော်တော်ကြမ်းတဲ့သူရဲပဲ တွေ့ကြသေးတာပေါ့

အင်း....၊ ဇော်မျိုးကသူရဲနဲ့ သွားပြိုင်မိုက်တာကိုး၊ အခု တော့ ကိုကလက်မဦးဘဲ သူရဲလက်ဦးတာခံလိုက်ရတာပေါ့"

ကျောက်လုံးနှင့် ဆရာဖုန်းလည်း ဇော်မျိုးတို့တဲသို့ ရောက်လာသည်။

"ဟာ၊ ဆရာဖုန်းကြွလာတယ်ဟေ့"

"တဲပေါ်ကို တစ်ခါတည်းတက်ပါဆရာ"

ဦးထွန်းက ဆရာဖုန်းကို တဲပေါ်ခေါ်တင်လိုက်သည်။

"ကျောက်လုံးပြောပြလို့ ဆရာဖုန်းလည်း သိတန်သလောက် သိပြီးရောပေါ့

အသားဟင်းမချက်တာနဲ့ သူ့ကရန်ပြုတော့တာပဲတဲ့ ဆရာ"

"အင်း..ဒါက ကောင်းတဲ့အကြောင်းတရားတော့ မဟုတ်ဘူး၊ ဒီသရဲက ဒီအပင်ကိုရောက်တာ မကြာသေးဘူးဖြစ်မယ်"

"ကျွန်မလည်းရောက်တာမကြာသေးဘူးလို့ထင်တယ်


www.burmeseclassic.com

www.burmeseclassic.com


ဟင်းခိုးစားခံရတာ ဆယ်ရက်လောက်ပဲရှိသေးတယ်”

အချိန်ကနေ့နှစ်နာရီကျော်ပြီ၊

“သရဲက ဒီသစ်ပင်မှာပဲရှိသေးတယ်၊ ဘာမှမပူကြနဲ့ ဆရာရအောင်ရှင်းပေးမယ်”

“အားကိုးပါတယ် ဆရာကြီး”

အလောင်းကို လေးတိုင်စင်ထိုးပြီးထားသည်။ ဦးသူက ဦး၊ စိတ်ဝင်စား၍ လာကြည့်သူကလာကြည့်နှင့် တဲမှာလူနှစ်ဆယ်ကျော် သုံးဆယ်နီးပါးရှိနေသည်။ ဆရာဖုန်းက.....

“သေသူကတော့ တကယ်သေသွားပြီ၊ သူ့ရဲ့အော်သစိတ်က သူ့ကိုသတ်လိုက်တာပဲ၊ သရဲနေတဲ့အပင်ကို ဆားနဲ့သွားခုတ်တော့ သရဲကဝိညာဉ်နှုတ်ပစ်တာပေါ့”

တစ်ယောက်တစ်မျိုးဝေဖန်နေကြသည်။

“သရဲကိုတော့ မှောင်တဲ့အချိန်စောင့်ပြီးမှ ဘာလုပ်သင့်တယ်ဆိုတာ ပြောမယ်၊ အခုတော့အချိန်စောနေသေးတယ်”

“ဘယ်အချိန်လောက်စမှာလည်း ဆရာကြီး”

“ညနေ နေဝင်ရီတရောအချိန်ဆို အတော်ပဲ၊ အခုခဏသည်းခံပြီး စောင့်ပေးကြပါ”



www.burmeseclassic.com

www.burmeseclassic.com

မမြကျင်နှင့် အမျိုးသမီး သုံး၊ လေးယောက်က အသုဘမှာ လာရောက်ဝိုင်းကူညီသူများကို ကျွေးမွေးရန်ထမင်းနှင့် ဟင်းချက်ပြုတ်နေသည်။

ထိုအချိန် အလှူယ်ရသောကြက်သုံးကောင်ကို ဘူးသီးနှစ်လုံးနှင့်ရောပြီး ကာလသားဟင်းချက်လိုက်သည်။

ညနေငါးနာရီခန့် ထမင်းနှင့် ဟင်းများကျက်ကုန်ပြီဖြစ်သည်။

ကနားဖျင်းတဲအတွင်း ထမင်းဝိုင်းနှစ်ဝိုင်းပြင်ပြီး၊ ကျွေးမွေးရန်ပြင်ဆင်ကြသည်။

ကျောက်လုံးတစ်ယောက် တဲနောက်မှာစွားများကို အစာကျွေးနေသည်။

ကျောက်လုံးတစ်ယောက်စွားစာအတွက် ပွေ့လာသော ကောက်ရိုးထုံးကိုပစ်ချကာ၊ ထမင်းဝိုင်းရှိရာသို့ ပြေးဝင်လာပြီး

"ဟိတ်...ဘယ်သူမှမစားနဲ့၊ ငါစားမယ်ကွ"

"ဟာ...ကျောက်လုံး၊ ဒီကောင်သရဲစီး၊ ဘီလူးစီး၊ မစားရမှာကျနေတာပဲ၊ ဘယ်လိုဖြစ်တာလဲ"

"ဒီကောင့်ကိုကုက္ကိုပင်ပေါ်ကသရဲဝင်စီးတာနဲ့တူတယ်"


www.burmeseclassic.com

www.burmeseclassic.com


ထမင်းဝိုင်းရှိရာ ခြေကားရား၊ လက်ကားရားနှင့် မျက်နှာကြီးတင်းကာ ဝင်လာပြီး၊ စားပွဲဝိုင်းပေါ်ခုန်တက်ကာ တစ်ပန်းကန်ပြီး တစ်ပန်းကန်၊ ဟင်းများထည့်ကာ စားတော့သည်။

အခြားတစ်ဝိုင်းမှာ စားနေသူများက၊ ကျောက်လုံးအပြုအမူကိုမြင်ပြီး၊ ထိတ်လန့်ကာစားလက်စကို မစားတော့ဘဲ၊ အပြင်ကိုထသွားကြသည်။

"ဟား...ဟား...ဟား၊ ဟိုထမင်းနဲ့ ဟင်းတွေလည်း ငါစားမယ်၊ ဘယ်သူမှမစားရဘူး၊ ဟင်းထပ်ပေးအုံး"

မမြကျင်က ဟင်းလိုက်ပွဲချိုင့်ကို ချပေးလိုက်သည်။ ကျောက်လုံးဟင်းချိုင့်အတွင်းမှ အသားဖတ်များကို ယူစားနေသည်။

ဟင်းက အငွေ့တထောင်းထောင်း ထနေသည်။ ကျောက်လုံးက ဟင်းရည်ပူထဲလက်နှိုက်ပေမင့် ပူသည့်ဟန်မရှိ။

ဆရာဖုန်းက အပြင်ထွက်ရပ်ပြီး၊ အခြေအနေကိုအကဲခတ်နေသည်။

"ကိုကြီးထွန်း ခဏလေး၊ ကျွန်တော်ပြောစရာရှိလို့"

ဦးလေးထွန်းက ဆရာဖုန်းခေါ်ရာနောက်သို့ လိုက်သွား

www.burmeseclassic.com

www.burmeseclassic.com


သည်။

တစ်နေရာမှာရပ်လိုက်ပြီး ဆံရာဖုန်းက.....

"အနီးနားတဲက လူတစ်ယောက်ကို အကူညီတောင်းပြီး၊ ကြက်တစ်ကောင်လုံး ခေါင်း၊ ခြေလက်၊ ကလီစာပါမကျန် ဟင်းတစ်အိုးချက်နိုင်းပေးပါလား"

"အမွေးနှုတ်ပြီး အားလုံးသန့်ရှင်းရမှာလား"

"ဟာ..ဒါတော့ လုပ်ရမှာပေါ့၊ လူစားလို့ရတဲ့ ပုံစံအထိ၊ သန့်စင်ပြီး ချက်စေချင်တယ်၊

ထမင်းကို နို့ဆီဘူး နှစ်လုံးစာလောက်ချက်၊ အမြန်လေး စီစဉ်ပေးပါ။ အားလုံးပြီးရင် ကျွန်တော့်ကို အကြောင်းကြား။ ဒီကို ယူမလာနဲ့၊ ကျွန်တော်လာခဲ့မယ်"

"ဘာလုပ်မလို့လဲ၊ သိခွင့်ရှိမလား"

"မဖဲဝါကို ကျွေးမလို့၊ ဒီသရဲကိုနိုင်တာ မဖဲဝါပဲရှိတယ်၊ မဖဲဝါကို ပင့်ရမယ်"

"လှဆောင်.....ဟော့ လှဆောင်"

"ဗျာ...ဦးလေးထွန်း။ ခိုင်းစရာရှိလား"

"အေး၊ ကျော်ဝင်းကို သွားခေါ်စမ်း"


www.burmeseclassic.com

www.burmeseclassic.com



လှဆောင်သွားပြီး မကြာခင်၊ ကျော်ဝင်းရောက်လာသည်။

ဦးလေးထွန်းက ကျော်ဝင်းအားကြက်တစ်ကောင်ဖမ်းပြီး၊ ဟင်းအမြန်ချက်ခိုင်းလိုက်သည်။

"လှဆောင်၊ မင်းကနတ်ဝင်သည်တစ်ယောက်ကိုသွားရှာပြီး ကျော်ဝင်းတို့တဲကိုခေါ်ခဲ့၊ တိုးတိုးတိတ်တိတ်ခေါ်၊ ဘယ်သူမှမသိစေနဲ့"

ကျော်ဝင်းက ဟင်းချက်ရန်သွားစီစဉ်နေသည်။ ကျော်ဝင်းတို့တဲနှင့် ဇော်မျိုးတို့တဲက လယ်တစ်ကွက်သာခြားသည်။

ဆရာဖုန်းနှင့် ဦးလေးထွန်းတို့ ကျော်ဝင်းတဲမှာ စကားထိုင်ပြောနေကြသည်။

လှဆောင်က ရွာသို့နတ်ဝင်သည်ခေါ်ရန် ထွက်သွားသည်။

ဇော်မျိုးတို့တဲမှလူတစ်စု၊ ရုတ်ရုတ် ရုတ်ရုတ်နှင့်အလုပ်ရှုပ်နေကြသည်။

"သရဲက ထမင်းစားရုံနဲ့ ကျေနပ်ပါ့မလား"

"စိတ်မပူပါနဲ့၊ ထမင်းဝသွားရင် ပူးကပ်ရာကထွက်ပြီး



www.burmeseclassic.com

www.burmeseclassic.com


သစ်ပင်ပေါ်မှာ သွားပြန်နေမှာပါ"

ဆရာဖုန်းပြောသည့်အတိုင်းပင် ကျောက်လုံးကိုဝင်ပူး ကပ်စားပြီးသည်နှင့် ကျောက်လုံးခွေခနဲ ပစ်ကျသွားကာ သရဲထွက်သွားတော့သည်။

ခဏကြာတော့ ကျောက်လုံးလည်း လဲရာမှထလာတော့သည်။

"ဟူး...ငါဘာဖြစ်သွားတာလဲ"

"မင်းကိုသရဲဝင်စီးပြီး ငါတို့အတွက်ထည့်ထားတဲ့ ထမင်းနှစ်ပိုင်းလုံး ခုံပေါ်တက်ပြီးအားလုံးစားပစ်လိုက်တယ်"

"ဟာ၊ မင်းတို့တကယ်ပြောတာလား"

"ကြည့်လေ၊ ဟိုထမင်းနှစ်ပိုင်းလုံး ဗရိုဖရဲဖြစ်နေတာ အခုဘယ်သူမှ ဝင်မစားရဲတော့ဘူး"

"ကဲ....မလုံးတို့၊ မမြကျင်တို့ ထမင်းပိုင်းသိမ်းလိုက်တော့၊ ဘယ်သူမှ စားမနေနဲ့တော့"

"ဒီည ဘယ်လိုစခန်းသွားရပါ့မလဲ၊ အလောင်းကတစ်လောင်း၊ သရဲကတစ်ကောင်"

"မီးစက်သွားယူတဲ့သူတွေ မလာသေးဘူးလား"


www.burmeseclassic.com

www.burmeseclassic.com


"မီးစက်က အငှားလိုက်သွားလို့မရှိဘူး၊ မနက်ဖြန်ညမှ ရမယ်၊ အခုအောက်လင်းမီးအိမ်သုံးလုံး နာရေးအသင်းကဝင် ယူခဲ့တယ်"

မကြာခင်မှာပင် မှောင်လာသဖြင့်၊ အသုဘတဲမှာ အောက်လင်းဓာတ်မီးသုံးလုံးဖြင့် လင်းထိန်နေသည်။

အသုဘအိမ်မှာ လူနှစ်ဆယ်နီးပါး ရှိနေသေးသည်။

❖ ❖ ❖

ကျောင်းဝင်းတို့တဲမှာ ဆရာဖုန်းကဦးစီးပြီး ရွာပြင်သချိုင်း ရှိ မဖဲဝါကိုပင့်ဖိတ်ရန် စီစဉ်နေကြသည်။

ဆရာဖုန်းက ဆန်ကောတစ်ချပ်ထဲဖက်ခင်း၍ ထမင်း ပုံ၊ တင်းပုံကာ ဆေးပေါ့လိပ်၊ ရေတို့ဖြင့် ပြင်ဆင်လိုက်သည်။

မဖဲဝါကို ရည်မှန်းကျွေးမွေးရန်၊ အမှောင်မသန်းခင် ကတည်းက ပါးစပ်ဖြင့်ဖိတ်ထားခဲ့သည်။

ထို့နောက် အားလုံးပြင်ဆင်ပြီး၊ ရွာပြင်သချိုင်းဘက်သို့ အားလုံးမျက်နှာမူရပ်၍ ကန်သင်းပေါ်မှာစားသောက်ပွဲကို ချလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"မဖဲဝါခင်ဗျား။ ညဦးပိုင်းက ကြိုဖိတ်ထားသည့်အတိုင်း စားသောက်ပွဲအဆင်သင့်ဖြစ်ပါပြီ။ သိတယ်ဆိုရင် ရှိသည့်နေရာမှ အမြန်လာစေချင်ပါသည်။ စားပွဲများလည်း လာသုံးဆောင်စေချင်ပါသည်"

ထိုသို့ ပင့်ဖိတ်လိုက်သည်နှင့် မကြာခင်နတ်ဝင်သည် ဒေါ်ရွှေ တစ်ကိုယ်လုံး တုန်တုန်ရီရီဖြစ်လာကာ ကန်သင်းပေါ်သို့ ခုန်တက်ပြီး၊ ထမင်းများ၊ ဟင်းများကို အားပါးတရစားတော့ သည်။

မကြာခင်မှာပင် ဆန်ကောထဲရှိ စားသောက်ဖွယ်ရာများ ကုန်သွားသည်။ ရေခွက်ထဲမှရေကို တဂွပ်ဂွပ်နဲ့ သောက်ချလိုက် သည်။

"ကဲ....ပြောစမ်း၊ ဘာကိစ္စနဲ့ ငါ့ကိုခေါ်ရတာလဲ"

"ဒီလိုပါ၊ ဟိုရှေ့က သစ်ပင်ကြီးမှာ သရဲတစ်ကောင် ရောက်နေပါတယ်၊ အဲဒီသရဲက နေရုံနဲ့အားမရသေးဘဲ သစ်ပင် အောက်မှာရှိတဲ့ တဲကမိသားစုကို ဒုက္ခမျိုးစုံပေးနေပါတယ်။

ထမင်း၊ ဟင်း မှန်သမျှစားပစ်ပြီး၊ အသားဟင်းမကျွေး လို့ တဲရှင်ကိုပါ သတ်ပစ်လိုက်ပြီ၊

www.burmeseclassic.com

www.burmeseclassic.com


အဲဒီ မဖဲဝါကိုယ်တိုင် အဲဒီသရဲကို ရှင်းလင်းပေးစေလိုပါ တယ်....."

ဆရာဖုန်းစကားဆုံးတော့ မဖဲဝါဝင်စီးထားသည့် နတ်ဝင်သည် ဒေါ်ရွှေကာ၊ ဇော်မျိုးတဲသို့ စိုက်ကြည့်လိုက်သည်။

"ဪ.....ဒီသရဲကောင်က မန်ကျည်းပင်ရွာက နှင်လိုက်လို့ ဒီကိုရောက်လာတာ၊ ဒီကောင် ဒီလိုနေရာနဲ့ မတန်ဘူး၊ ဝှိသချိုင်း ထဲခေါ်သွားပြီး အပိုးကျိုးအောင်ဆုံးမပစ်ရမယ်"

"ဆုံးမပေးပါ၊ အားကိုးပါတယ်"

"နေဦး၊ ဒီအကောင်...သစ်ပင်မှာနေလို့မရအောင် အရင် လုပ်ပစ်မယ်....."

ဒေါ်တင်လည်း လက်ကို၊ ဇော်မျိုးတဲသို့ ဆန့်တန်းလိုက် စဉ်.....၊

"ဖွတ်...ဖျောင်း"

"ဝုန်း"

ဇော်မျိုးခုတ်၍ သုံးပုံနှစ်ပုံပြတ်နေသော ကုက္ကိုပင်ကြီး မလဲကျဘဲရှိနေရာမှ၊ လေမတိုးဘဲ ရုတ်တရက်လဲကျသွားသည်။

ထိုအချိန် အသုဘတဲမှလူများ အထိတ်တလန့်ဖြစ်ကုန်


www.burmeseclassic.com

www.burmeseclassic.com


ပြီး တဲအတွင်းမှထွက်ကာ ကုက္ကိုပင်ကြီးကို ကြည့်နေကြသည်။

"ကဲ....စိတ်ချလက်ချနေပေတော့၊ အဲဒီသရဲကောင်ကို သချိုင်းထဲခေါ်သွားတော့မယ်၊ ဖိုးရဲ့ခွေးကြီးနောက်က ဒီသရဲကောင်ပါလာလိမ့်မယ်...."

ခဏနေတော့ လဲရာမှ ဒေါ်ရွှေသတိရပြီး ထထိုင်လိုက်သည်။

"ကဲ...ဦးထွန်း၊ မနက်ကျရင် ကုက္ကိုပင်ကြီးကိုရှင်းနိုင်းလိုက်၊ ဘာသရဲအန္တရာယ်မှ မရှိတော့ပါဘူး...."

ဦးလေးထွန်း၊ ဆရာဖုန်းတို့နှင့်အတူ ကျော်ဝင်းတို့လူစုအသုဘရှိရာတဲသို့ ရောက်လာကြသည်။

ကျော်ဝင်းက ရွာသားများကို၊ ဆရာဖုန်းဦးစီးပြီး သရဲကိုနှင်လိုက်ပြီဖြစ်ကြောင်း ပြောပြလိုက်သည်။

"ဒါ့ကြောင့် ကုက္ကိုပင်ကြီးရုတ်တရက် လဲကျသွားတာကို၊ ဒီကလူတွေအားလုံး လန့်ပြီးအော်လိုက်ကြသေးတယ်"

"ဟူး....တော်ပါသေးရဲ့၊ သရဲထွက်သွားလို့"

ထိုအခါမှပင်၊ ရွာသားတို့လည်း စိတ်ချလက်ချ အသုဘကို စောင့်နိုင်တော့မည်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှာသားတစ်ချို့ အသုဘစောင့်ရင်း ဖဲဝိုင်းလုပ်ရန် လှုပ်ရှားနေကြသည်။

သရဲတစ်ကောင်ကြောင့် ပျော်ရွှင်စရာမိသားစုလေး၊ ကြေကွဲစရာအဖြစ်နဲ့ ကြုံခဲ့ရပါလေတော့သည်။ ။

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# တရားသူကြီး မဖဲဝါ

ဒေါ်ညွန့်ဆိုလျှင်၊ ဥက္ကလာ (၁၃) ရပ်ကွက်တစ်ခုလုံး မသိသူ မရှိ။

သူ့ကို လူတွေဘာ့ကြောင့်သိရသနည်းဆိုလျှင်၊ သူက ရပ်ကွက်အတွင်း နတ်ကတော်အလုပ်ဖြင့် အသက်မွေးသူ၊ နတ်ထိန်းတစ်ယောက်ဖြစ်သည်။

ဒေါ်ညွန့်က ယောက်ျားမရှိ၊ အပျိုကြီးဖြစ်သည့်အပြင် ရုပ်ကလည်း အတန်အသင့်ရှိသည်။

ပါးစပ်ကတော့ ကြမ်းသည်။ စကားပြောလျှင် လူချင်း ဆုံပြောပါက တစ်ဖက်လူ ပါးစပ်မဟနိုင်အောင်ပင် အပြော ကောင်းလှသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့ကြောင့် ကနားစီးလောကမှာ နာမည်တစ်လုံးရနေသလို ပွဲရက်ကလည်းဆက်နေသည်။

ဒေါ်ညွန့်က ဆိုင်းဝိုင်းကိုနှစ်ချုပ်ငှားထားပြီး ဆိုင်းတီးသူများကို ပွဲအလိုက်လုပ်ခရှင်းပေးသည်။

ဒေါ်ညွန့်နှင့် ဆိုင်းဆရာကလည်း ဘာလိုလိုသတင်းထွက်နေသည်။ အများထင်စရာကောင်းအောင်ပင် ဆိုင်းဆရာနှင့် ပွတ်သီးပွတ်သပ်နေတတ်သည်။

ဆိုင်းဆရာက အရက်ကြိုက်သည်။ အရက်ဝင်လျှင် တီးကွက်ကောင်းသည်ဟု ဆိုသည်။

နတ်နှင့်ဆိုင်သော ပစ္စည်းများက ဒေါ်ညွန့်အပိုင်များဖြစ်သည်။ သို့ကြောင့် နတ်ကနားတစ်ပွဲ လက်ခံလိုက်လျှင် ဆိုင်းဆရာနဲ့ ဆိုင်းအဖွဲ့အတွက်သာ အိတ်ထဲက ထွက်သည်။ ကျန်ပိုက်ဆံက ဒေါ်ညွန့်အတွက် သပိတ်ဝင် အိတ်ဝင်.....!

ဆိုင်းဆရာအမည်က ကိုလွှန်းမောင်ဖြစ်သည်။ သူ၏ဆိုင်းကို ဒေါ်ညွန့်ကနှစ်ချုပ်နှင့် ငှားရန်းထားသည့်အတွက် ဆိုင်းကို ဒေါ်ညွန့်အိမ်မှာသာထားသည်။

ဒေါ်ညွန့်က နတ်ကနားပွဲကပြန်လာလျှင် နတ်ရုပ်တုများ



www.burmeseclassic.com

ကို ကနားစင်မှာခင်းကျင်းထားသည့်အတိုင်း အိမ်မှာခင်းကျင်းထားပြီး၊ ဆိုင်ရာပိုင်ရာ အုန်း၊ ငှက်ပျောပွဲများကိုလည်း အသင့်ပြင်ဆင်ထားသည်။

အိမ်ပြန်ရောက်သည့်ရက်၊ အငှားထွက်သည့်ရက်တိုင်း နတ်များကို ဆိုင်းဝိုင်းနှင့်ချော့လေ့ရှိသည့် အကျင့်ကြောင့်၊ အိမ်ပြန်ရောက်သည်နှင့် အားလုံးအသင့် ပြင်ဆင်ထားသည်။

ထိုအခါ အလိုရှိတိုင်း၊ ဆိုင်းဆရာက ဝိုင်းထဲဝင်ကာ တီးပေးရသည်။

ဆိုင်းဆရာက မအူပင်မြို့နယ်၊ ရွာတစ်ရွာမှဖြစ်သည်။ အိမ်ထောင်ရှိသည်။ ကလေးနှစ်ယောက်ရှိသည်။ ငွေကို နှစ်လတစ်ခါ၊ သုံးလတစ်ခါ လူကြုံနှင့် ပို့ပေးသည်။

မိဘမျိုးရိုးအရ နတ်ပွဲဆိုင်းတီးစားလာသူများဖြစ်သည်။ ဖခင်သေဆုံးသွားတော့ ဖခင်၏အမွေအဖြစ်၊ ဆိုင်းဝိုင်းကိုလက်ပြောင်းယူရင်း နတ်ကနားပွဲများ ဆိုင်းလိုက်တီးခဲ့သည်။

ဒေါ်ညွန့်က ဝါးခယ်မဇာတိဖြစ်သည်။ ဇာတိမြေအလည်ပြန်ရင်း၊ ဝါးခယ်မမှာ နတ်ပွဲဆိုင်းတီးနေသော လွန်းမောင်နှင့်ဆုံသည်။

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မှာ ဆိုင်းငှားရသောဈေးနှင့် လွန်းမောင်တို့ ယူသောဈေးက သိသိသာသာကွာခြားလှသည်။

သို့ကြောင့် ကိုလွန်းမောင်ကို နှစ်ချုပ်နှင့် ရန်ကုန်မှာ အခြေချနေနိုင်မလားဟု မေးမြန်းစုံစမ်းရာ နှစ်ဦးနှစ်ဖက် ညှိနှိုင်းမှု ပြေလည်သဖြင့်၊ ကိုလွန်းမောင်တို့ဆိုင်းအဖွဲ့ ဒေါ်သွန့်အိမ်သို့ ရောက်လာခဲ့သည်။

ထိုအချိန် ဒေါ်သွန့်ကလည်း အရွယ်ကလည်းရှိ၊ ရုပ်ကလည်း ကြည့်ပျော် ရှုပျော်၊ အာဝဇ္ဇန်းကကောင်းသည့်အတွက် ကနားပွဲက ဝါတွင်းကလွဲလျှင် နားရက်ပင်မရှိ၊ အသုံးတော်ခံနေရသည်။

ဝါတွင်းရောက်၍ ကနားပွဲများနားထားချိန်၊ တောင်ပြုန်းပွဲ၊ ရတနာ့ဂူပွဲများသို့ ဒေါ်သွန့်ရောက်နေတတ်သည်။

ထိုအချိန်ဆိုလျှင် ငွေထုပ်ပိုက်၍ကိုလွန်းမောင် မအူပင်သို့ ပြန်သွားတတ်သည်။ ဝါတွင်းနား၍ပြန်လျှင် ရှေ့နှစ်အတွက် တစ်နှစ်စာ ငွေထုတ်ပေးလိုက်လေ့ရှိသည်။

တစ်ရက် သန်လျင်ဘက်သို့ ကနားပွဲတစ်ခုသွားပြီး ပြန်လာသည်။ ထိုပွဲမှအပြန် ဦးလွန်းမောင်အအေးမိ၍ ဖျားလေ



www.burmeseclassic.com

www.burmeseclassic.com



သည်။

ဦးလွှန်းမောင်က အရက်ကလည်းကြိုက်၊ ခုတ်ကစား ပွဲနှင့် အရက်ကလည်း မကင်းဆိုတော့၊ နေ့နေ့ညည မူးနေတတ် သည်။

အရက်မူးသော်လည်း သွေးမဆိုး၊ ဆိုင်းအတီးမပျက်၊ ဦးလွှန်းမောင်ကြောင့် တစ်ခါမှပွဲမပျက်ခဲ့၊

ဦးလွှန်းမောင် သန်လျင်ကစားပွဲမှ ဒေါ်ညွှန့်အိမ်ပြန် ရောက်သည်နှင့် အိပ်ရာထဲလဲတော့သည်။

ဒေါ်ညွှန့်က ဆေးခန်းပြရန်ပြောသဖြင့် ဆေးခန်းကိုသာ လာခဲ့ရသည်။ ခါတိုင်း တိုင်းရင်းဆေးနှင့် အအေးမိရောဂါက ပျောက်နေကျ။

တိုင်းရင်းဆေးဝါးမျိုးစုံ၊ ငယ်စဉ်ကတည်းက သောက် လာခြင်းကြောင့် အင်္ဂလိပ်ဆေးကို အထင်မကြီး၊

ဆေးခန်းရောက်တော့၊ အအေးမိတာထက် အသဲ၊ (သို့မဟုတ်) အဆုတ်မှာ တစ်ခုခုဖြစ်နိုင်သည်။ ဓာတ်မှန်ရိုက်ရန် မှာလိုက်ပြီး ဆေးသုံးရက်စာပေးလိုက်သည်။

ဆေး သုံးရက်စာသောက်ပြီး ဆေးခန်းကိုဆက်မသွား



www.burmeseclassic.com

www.burmeseclassic.com



တော့၊ ဆေးမြီးတိုများကိုသာ ရပ်ကွက်အတွင်းရှိ မြန်မာဆေး မျိုးစုံ အရောင်းဆိုင်တို့ကသာ ကြုံရာလူဝယ်နိုင်းပြီး သောက်ခဲ့သည်။

ဦးလွန်းမောင်ရောဂါက သက်သာမသွားဘဲ၊ အိပ်ရာထဲ လဲပြီး ဆယ်ရက်အရောက် မနက်ပိုင်းသွေးအန်ပြီး၊ နေ့ခင်းပိုင်း မှာအသက်ပါ ပါသွားတော့သည်။

ဦးလွန်းမောင်သေဆုံးသွားသည့်အတွက် ဒေါ်ညွန့်က၊ မအူပင်မှာရှိသော သူ့ဇာတိမိသားစုထံ အကြောင်းကြားလိုက်သည်၊

သေဆုံးပြီး ငါးရက်မြောက်နေ့ရောက်မှ ဦးလွန်းမောင် ဇနီးနှင့် အမျိုးတော်သူ လင်မယားနှစ်ယောက်၊ ပေါင်းသုံး ယောက်တို့ရောက်လာသည်။

ရက်လည်ခဲ့ပြီးပြီ၊

ရက်လည်ပြီးနောက်၊ ဦးလွန်းမောင်ဇနီးနှင့် ဆွေမျိုးများ ပြန်ရန် စီစဉ်စဉ်၊ ဆိုင်းဝိုင်းများကို ပြန်သယ်ရန်စကားစသည်နှင့် ပြဿနာဖြစ်လေသည်။

ဒေါ်ညွန့်က ဆိုင်းဝိုင်းကိုအပြီးအပိုင် ဝယ်ပြီးကြောင်း ပြောသည်။ ဆိုင်းဝိုင်းကိုငွေအပြီးချေပြီးကြောင်းလည်း ပြော



www.burmeseclassic.com

www.burmeseclassic.com


သည်။

တချုပ်တတမ်းပြရန်ပြောသောအခါ၊ တစ်ဦးနှင့်တစ်ဦး နားလည်မှုထားပြီး၊ အရောင်းအဝယ်ပြုလုပ်ခဲ့ခြင်းကြောင့် စာချုပ်ချုပ်မထားကြောင်း ဒေါ်ညွန့်က ရှင်းပြသည်။

ဦးလွန်းမောင် ကျန်းမာရေးမကောင်းစဉ်ကလည်း၊ ဆေးကုသစရိတ်ကုန်ကျသည့်ငွေမှာ ဆိုင်းဖိုးထက်ပင်ပိုသေးကြောင်း ဒေါ်ညွန့်ကရှင်းပြသည်။

ရပ်ကွက်ရုံးမှာ သွားတိုင်တော့လည်း၊ လွန်ခဲ့သောငါးနှစ်ကျော်မှစ၍ ဒေါ်ညွန့်အိမ်ဆိုင်းရောက်လာသည့်အတွက် ဒေါ်ညွန့်အပိုင်ဝယ်ထားသည့်ဘက်က အသာရခဲ့သည်။

သို့ကြောင့် ဦးလွန်းမောင်၏ ဇနီးလည်း၊ ဒေါ်ညွန့် ကရုဏာကြေးပေးလိုက်သော ပိုက်ဆံလေးမဖြစ်စလောက် ပိုက်ပြီးရွာပြန်သွားရတော့သည်။

ဒေါ်ညွန့်၏အိမ်မှာဒေါ်ညွန့်က အကြီးဆုံးအပျိုကြီး၊ ဒေါ်ညွန့်မှာ ညီအစ်မဒေါ်မြငွေနှင့် သူ၏ယောက်ျား ဦးအေး၊ သူတို့လင်မယား၏ တစ်ဦးတည်းသောသား အသက်ဆယ့်သုံးနှစ်ရှိ တင်ထူး၊ ဒေါ်ညွန့်၏ အဝယ်ဆုံးမောင်ပေတိုး၊ စုစုပေါင်းငါးယောက်


www.burmeseclassic.com

www.burmeseclassic.com


ရှိသည်။

တကယ်တော့ ဦးလွန်းမောင်သေဆုံးသွားသည့် အတွက် ဆိုင်းကိုဒေါ်ညွန့်က အပိုင်သိမ်းလိုက်ခြင်းဖြစ်သည်။

ဦးလွန်းမောင်မှာဇနီးသည်အား ဒေါ်ညွန့်ပေးလိုက်သော ကရုဏာကြေးငါးရာသာယူပြီး ပြန်သွားရသည့်အတွက်၊ ဒေါ်ညွန့်၏အပြုအမူကို ကျေနပ်ပုံမရ၊

နှစ်ချုပ်နှင့် ငှားထားသောမိမိ၏ဆိုင်းကို၊ အပိုင်ဝယ်ထားပြီးသားဟုပြောခဲ့သော ဒေါ်ညွန့်ကိုလုံးဝ မကျေနပ်၊

သို့ကြောင့် ရက်လည်ပြီး၊ ဦးလွန်းမောင်ဇနီးတို့ ပြန်သွားပြီးနောက်နေ့မှာပင် ဒေါ်ညွန့်အိမ်မှာ ပြဿနာစဖြစ်တော့သည်။

ဖြစ်ပုံက ညခုနစ်နာရီလောက်ကစသည်။

"ဒုန်း...."

"ဝုန်း...."

"ဒုန်း.....ဒုန်း...."

သွပ်မိုးထားသည့် ဒေါ်ညွန့်၏အိမ်အမိုးပေါ်သို့ ခဲများတစ်လုံးပြီး တစ်လုံးကျလာသည်။

"ဟဲ့....ဘယ်က၊ ကလေကချေတွေ ခဲနဲ့ပစ်နေရတာလဲ။



www.burmeseclassic.com

www.burmeseclassic.com


မိ..မဆုံးမ၊ ဖ..မဆုံးမတွေ......"

"ဒုန်း......"

"ဝုန်း...."

"ဝေါ.....ဖရော...."

ခဲများဖြင့် ပစ်ရုံမက၊ ကျောက်ခဲများဖြင့် ကြဲပက်လိုက်သလို၊ ဝေါ၊ ဖရောမြည်ကာ သွပ်အမိုးပေါ်မှ လျောကျလာသံကို အားလုံးကြားလိုက်သည်။

"အစ်မ စွတ်အော်မနေနဲ့၊ လူပစ်တာမဟုတ်ဘူး ထင်တယ်......"

"ဘာ...လူမပစ်လို့ ဘယ်ကောင်ပစ်ရမှာလဲ"

"ဦးလွန်းမောင်ကြီး ပစ်တာများလား..."

"သေသွားတဲ့အကောင်ကများ ဒို့အိမ်ကိုခဲနဲ့ ပစ်ဝံ့သေးတယ်....၊

ကိုယ်တော်ကြီး၊ ကိုယ်တော်လေးတို့ စီးတော်ကျားနဲ့ မသာကောင်ကို ဆုံးမပေးတော်မူပါ"

"အစ်မရဲ့ နတ်တွေက၊ သရဲကို နှိမ်နင်းပေးပါ့မလား"

"နတ်တွေနဲ့မရရင် အဘညိုကြီးတို့၊ တစ်ပွဲစားတို့၊

www.burmeseclassic.com

www.burmeseclassic.com


မဖဲဝါတို့နဲ့ နှိပ်ကွပ်ခိုင်းမယ်..."

"ဝုန်း..."

"ဘုန်း.....ဘုန်း..."

"ဘုန်း....ဘုန်း....."

"ဟာ..အစ်မပြောကာမှ အိမ်နောက်ဘက်ထရံကို ပုတ်နေပြန်ပြီ"

"ဟဲ့...လွန်းမောင်၊ နင့်ပစ္စည်း ဒီမှာဘာမှမရှိဘူး၊ နင်သွားရမယ့်လမ်း ဖြောင့်ဖြောင့်သာသွား"

"ဝုန်း"

"ဒိန်း...ဒလိန်း....ဒိန်း..."

ခဲကျုံသံ၊ နံရံထုသံက အဆက်မပြတ်ထွက်လာပြန်သည်။

"လွန်းမောင် နင့်လမ်းနင်သွား၊ နင်နဲ့ ငါတို့နဲ့ဘာမှ မပတ်သက်တော့ဘူး"

ဒေါ်ညွန့်လှမ်းအော်ပြောအပြီး ခဲကျုံသံ၊ နံရံထုသံတို့ ရုတ်တရက်ငြိမ်သွားသည်။

"အင်း....ဦးလွန်းမောင်ကြီး အစ်မစကားကြားပြီး


www.burmeseclassic.com

www.burmeseclassic.com


ထွက်သွားပြီနဲ့တူတယ်၊ အသံတွေငြိမ်သွားပြီ”

ဒေါ်ညွန့်၏မောင် ပေတိုးကမှတ်ချက်ပြုသည်။

ပေတိုးပြောသကဲ့သို့ သရဲလွန်းမောင် ထွက်သွားပြီလား မသိ၊ ည ကိုးနာရီကျော်သည်အထိ ချိုးချိုးချွတ်ချွတ်အသံ မကြားရတော့၊

သို့ကြောင့် တစ်အိမ်သားလုံး၊ စိတ်ချလက်ချ အိပ်ကြတော့သည်။

ည ဆယ့်တစ်နာရီခန့် အားလုံးအိပ်မောကျကုန်ပြီး၊ ဟောက်သူက ဟောက်ရှုပ်နေတော့သည်။

“တော်.....တီ......တော်....”

တိတ်ဆိတ်ငြိမ်သက်သော ညဆယ့်တစ်နာရီနောက်ပိုင်း ဆိုင်းဝိုင်းဆီမှ ကျယ်လောင်သောနှဲသံကြီး ကြားလိုက်ရသည်။

“နောင်......ဖေထိ.....နောင်ဖေထိ...”

“တိန်.....တိတ်.....တိန်...”

“ဘတ်......ဘတ်......ဘတ်....”

နှဲသံရော၊ မောင်းသံရော၊ ခြောက်လုံးပတ်သံရော၊ ပတ်မသံရော၊ သံပြိုင်ဆူညံစွာ ထွက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


ဝိုင်းထဲမှ ဗုံပတ်စာကပ်၍ စမ်းသော တိန်၊ တိန်၊ တိန် အသံကလည်း စူးစူးဝါးဝါးပေါ်လာသည်။

"ဟဲ့..သောက်ပလုတ်တုတ်"

"ဟဲ့...ဟဲ့၊ ဆိုင်းဘယ်သူ လာတီးတာလဲ"

"ဟာ....လူမရှိဘူး"

ဆူညံသောဆိုင်းသံများကြောင့် တစ်အိမ်လုံးနိုးကုန်သည်။ လူကြီး၊ လူရွယ်များသာရှိသည်မို့ တော်သေးသည်။ ကလေးသူငယ်များရှိသော အိမ်ဆိုလျှင် ချောက်ချားဖွယ်ဖြစ်၍ အထိတ်တလန့်ဖြစ်မှာ သေချာသည်။

ဆိုင်းသံက လူမရှိဘဲ၊ သံစဉ်မကျ တီးလုံးများတီးခတ်နေသည်။ တစ်အိမ်သားလုံးနိုးကုန်မှ ဆိုင်းသံရပ်သွားခဲ့သည်။

အားလုံး မျက်လုံးကြောင်ပြီး၊ နတ်ရုပ်ထုများရှေ့ ဝိုင်းထိုင်လိုက်သည်။

"ဒေါ်လေး မဟုတ်မဟတ်တွေ လုပ်ထားလို့ ဦးလွန်းမောင်ကြီး မကျေနပ်ဘဲ ခြောက်နေတာ"

"ဟဲ့...သေချင်းဆိုးလေး၊ ကလေးပီပီ ကလေးစကားပြောစမ်း။ အဲဒီစကား အပြင်မှာလျှောက်ပြောရင် သေပြီမှတ်"


www.burmeseclassic.com

www.burmeseclassic.com

“အစ်မ ကျွန်မသားကို ဆူစရာမလိုဘူး၊ အစ်မ ကိုလွှန်းမောင်ရဲ့ဆိုင်းကို အပိုင်စီးလိုက်တာ သူမကျေနပ်လို့ လာ ခြောက်နေတာ မဟုတ်ဘူးလား၊ တကယ်ဆို သူ့မိန်းမတွေလာ တုန်း အဖိုးသင့်ပြီး ဝယ်လိုက်ရမှာ၊

တန်ရာတန်ကြေး မပေးချင်လည်း နင်ယောက်ျားကို ဆေးကုလို့ဒီလောက်ကုန်သွားတယ်၊ အဲဒီပိုက်ဆံဆပ်သွား၊ မဆပ်နိုင်ရင် ဒီဆိုင်းကို ဒီလောက်ဈေးနဲ့ ဖြတ်တယ်၊ ပိုတဲ့ငွေ ပေးလိုက်ရင် သူတို့လည်းကျေနပ်၊ ကိုလွှန်းမောင်လည်း ကျေနပ် မှာပဲ”

“တဲ့ကောင်မတွေ၊ အကောင်တွေ၊ နင်တို့ကို ငါလုပ် ကျွေးနေတာ၊ နင့်ယောက်ျားလုပ်စာ ဘယ်လောက်ရှိလဲ၊ ငါ့ကို ပြစမ်း၊ ယောက်ျားတဲ့၊ မီးဖိုထဲဝင် ထမင်းဟင်းချက်နေတာကို ယောက်ျားအလုပ်မှတ်နေတယ်၊

ငါ့လုပ်စာ စားပြီး၊ ငါဘာလုပ်လုပ် ဝင်ပြောနေစရာ မလို ဘူး၊ အခု ညည်းကအစ တစ်အိမ်လုံးဘယ်သူလက်ကြောတင်း အောင်လုပ်နေလို့လဲ၊

ငါရှာလို့ရသမျှ နင်တို့မျိုဆို့နေတာ၊ ငါ့ကို မကောင်းတဲ့


www.burmeseclassic.com

www.burmeseclassic.com


စကားပြောတယ်.....”

ဒေါ်ညွှန့်က စကားအများကြီးပြောလိုက်ရ၍ ဓာတ်ဘူးထဲမှ ရေနွေးကိုကရားအိုးအတွင်း ငှဲ့စောင်းလောင်းထည့်လိုက်သည်။

ထိုအချိန် ဓာတ်ဘူးအောက်က အနက်ကရားအိုးကိုဆွဲယူပြီး အိမ်ထရံသို့ လွှဲပစ်လိုက်သည်။

“ဝုန်း....”

“ခွမ်း...”

အားလုံးမျက်လုံးပြူးကုန်သည်။ ဦးလွန်းမောင်သရဲ သူတို့အနီးမှာရှိသည်ကို သိလိုက်ကြသည်။

“ဟဲ့...သေချင်းဆိုးလွန်းမောင်၊ နင်...အခုထိမသွားသေးဘူးလား၊

နင့်လိုမသာကောင်ကိုနိုင်မယ့် ဈာတော်ရှင်ကိုပင့်ပြီး ဈာပြင်ထုတ်ခိုင်းရမယ်”

“အစ်မကပြောနေ၊ ကိုလွန်းမောင်က နတ်ပွဲကတိုင်း သိချင်းမျိုးစုံနဲ့ ဆိုရင်းတီးရင်း အစ်မလိုပဲနတ်တွေကို ချော့နေတာမဟုတ်လား၊



www.burmeseclassic.com

www.burmeseclassic.com

နတ်တွေကလည်း ကိုလွန်းမောင်ကို ချစ်ခင်ရင်းနှီးနေလို့ မနှင်ထုတ်တာဖြစ်မယ်"

ထိုအချိန် ဒေါ်ညွန့်ဖါးမောင် ပေတိုးက......၊

"ဟုတ်လိမ့်မယ်အစ်မ၊ အဲ့ကြောင့် ဝင်ချင်တိုင်းဝင်၊ နေချင်တိုင်းနေလို့ရတာ ဖြစ်မယ်၊ ဒီအတိုင်းဆိုရင်တော့ မိုးလင်းအောင် ထိုင်နေရမလားမသိဘူး"

ထိုစဉ်ရေနွေးအိုးထည့်သော လင်ပန်းကိုဆွဲယူပစ်လိုက်ပြန်သည်။

"ခွမ်း......."

"ခွမ်း.....ခွမ်း...."

လင်ပန်းထဲမှ ရေနွေးကြွေပန်းကန်လေးလုံးလည်း ထက်ခြမ်းကွဲကုန်သည်။

"အားလုံး ကိုလွန်းမောင်အကြောင်းမပြောကြနဲ့"

ထိုင်နေသူများ တိတ်ဆိတ်စွာထိုင်နေကြသလို၊ ဦးလွန်းမောင်သရဲကလည်း ဘာမှထပ်မလုပ်တော့ဘဲ ငြိမ်လည်ငြိမ်သက်သွားသည်။

"အင်း...ကိုလွန်းမောင်ကြီးမရှိတော့ဘူးနဲ့ တူတယ်


www.burmeseclassic.com

www.burmeseclassic.com



ပြန်အိပ်ကြစို့"

သို့ဖြင့် သန်းခေါင်ကျော်မှ မိုးလင်းသည်အထိ ဘာသံမှ မကြားရတော့၊

အားလုံးအိပ်ပြီးမှ သရဲခြောက်သည်လား၊ မခြောက်သည်လား ဘာမှမသိတော့၊ အိပ်ချင်လွန်းသောကြောင့် ခေါင်းချလိုက်သည်နှင့် အားလုံးအိပ်မောကျသွားတော့သည်။

❖ ❖ ❖

နောက်နေ့ ဒေါ်ညွှန့်ကိစ္စတစ်ခုရှိသည်ဆိုပြီး မြောက်ဥက္ကလာသို့ ထွက်သွားသည်။

အိမ်မှာဒေါ်ညွှန့်ညီမ ဒေါ်မြငွေနှင့် ဦးအေး၊ ပေတိုးတို့သုံးယောက်ကျန်ခဲ့သည်။

ဒေါ်ညွှန့်တူက ခုနစ်တန်းရောက်ပြီဖြစ်၍ ကျောင်းသွားနေသည်။

အချိန်က ၉ နာရီရှိပြီ၊ ထမင်းချက်ချိန်ဖြစ်၍ မီးဖိုအတွင်း ဦးအေး ထမင်းနှင့် ဟင်းချက်နေသည်။ ဒေါ်မြငွေက ပြောင်းဖူးဖက်ဆေးလိပ်သောက်ရင်း၊ ပေတိုး ထမင်းစားစားပွဲဝိုင်း ခြေထောက်



www.burmeseclassic.com

www.burmeseclassic.com


တစ်ချောင်းကျိုး၍ ပြင်နေသည်ကိုကြည့်နေသည်။

ထိုအချိန်က ထမင်း၊ တင်းချက်ရာ ထင်းကိုသာတွင်တွင် ကျယ်ကျယ်သုံးနေချိန်ဖြစ်သည်။

တချို့ကတော့ မီးသွေးမီးဖိုသုံးကြသည်။

ရပ်ကွက်အတွင်း လျှပ်စစ်မီးဖိုမသုံးကြသေးပေ။

ဦးအေးက မီးခဲများကိုယက်ထုတ်ပြီး၊ မီးခဲပေါ် ထမင်းအိုးကိုတင်နှပ်လိုက်သည်။

မီးဖိုပေါ်ဟင်းအိုးတင်၍ ထင်းချောင်းများထည့်ကာ၊ မီးတောက်သည်နှင့် အေးမြငွေ့ထိုင်နေရာသို့ထွက်လာပြီး ရေနွေးငှဲ့သောက်လိုက်သည်။

"ဗိုး........"

"ဘုန်း..........."

မီးဖိုအတွင်းမှ မီးတောက်နေသောထင်းချောင်းကြီး အိမ်ရှေ့သို့ ဗိုးခနဲထွက်လာသည်။

"ဟဲ့...ဟဲ့...ပေတို့၊ မီးစတွေနဲ့ ပစ်နေပြီ"

"ဟာ....ဦးလွန်းမောင်ကြီး အိမ်မီးလောင်တော့မယ်၊ မလုပ်ပါနဲ့ဗျ...."


www.burmeseclassic.com

www.burmeseclassic.com


"ဝိုး....."

"ဟာ...ပစ်ပြီ....."

ဒုတိယအကြိမ်ပစ်သောထင်းချောင်းက ပေတိုးတည့်တည့်သို့ဖြစ်သည်။

"ဝိုး......."

"ဟာ....ပစ်ပြန်ပြီ"

"အိမ်မီးလောင်အောင်လုပ်နေတာ"

ပေတိုးက သောက်ရေအိုးမှရေကိုခပ်ပြီး၊ ထင်းချောင်းများမှမီးကိုပက်၍ ငြိမ်းသတ်သည်။

ဦးအေးနှင့် ဒေါ်မြငွေတို့က အော်ဟစ်ပြီး၊ လမ်းပေါ်ပြေးထွက်သွားသည်။

ဒေါ်မြငွေတို့အော်သံကြောင့် အိမ်နီးနားချင်းများက အထူးအဆန်းသဖွယ်လာကြည့်ကြသည်။

မီးဖိုမှမီးစွဲနေသောထင်းချောင်းများကုန်မှ အပစ်ရပ်တော့သည်။

ပေတိုးကတော့၊ အိမ်အောက်ထွက်မပြေး၊ အိမ်ထဲမှာ ဦးလွန်းမောင်ကပစ်လိုက်၊ သူကရေနဲ့ဖျန်းလိုက်လုပ်နေသဖြင့်


www.burmeseclassic.com

www.burmeseclassic.com


အိမ်ကို မီးမလောင်ခြင်းဖြစ်သည်။

အိမ်အပြင်ရောက်နေသူများအား ရပ်ကွက်အတွင်းမှလူများက သရဲလွှန်းမောင် သရဲခြောက်ပုံအကြောင်း စိတ်ဝင်တစားမေးနေကြသည်။ ဒေါ်မြငွေကလည်း သရဲခြောက်ပုံများကို ပြောပြနေသဖြင့် သရဲလွှန်းမောင်အကြောင်းရပ်ကွက်အတွင်းကလူများ သိကုန်တော့သည်။

❖ ❖ ❖

ညနေသုံးနာရီခန့် ဒေါ်ညွှန့် မြောက်ဥက္ကလာက ပြန်ရောက်လာသည်။

သူနှင့်အတူ အသက်ငါးဆယ်ကျော် လူကြီးတစ်ယောက်ပါလာသည်။

"ဆရာကြီး ဒါကျွန်မတို့အိမ်ပါ၊ အိမ်ပေါ်ကြွပါ။ ဟဲ့....အိမ်ပေါ်မှာ ဘယ်သူမှမရှိကြဘူးလား"

ဒေါ်ညွှန့်အသံကြားမှ တစ်အိမ်ကျော်တွင်ရောက်နေသောအိမ်သားများ ပြန်လာကြသည်။

"အိမ်မှာမနေဘဲ ဘယ်လျှောက်သွားနေကြတာလဲ"


www.burmeseclassic.com

www.burmeseclassic.com


“အိမ်မှာမနေဆို၊ မနေနိုင်အောင်လုပ်နေလို့ အိမ်ပေါက အားလုံးဆင်းပြေးရတာပေါ့”

“ကဲ..လာထိုင်ပြီး ဒီကဆရာကြီးလည်းကြားရအောင် ဘယ်လိုဖြစ်တာလဲဆိုတာ ပြောပြစမ်းပါဦး”

“မနက်ကိုးနာရီခွဲလောက် ထမင်း၊ ဟင်းချက်နေတုန်း ကစပြီးဖြစ်တာ၊

ထမင်းကျက်လို့ ဟင်းအိုးတင်ပြီး အပြင်ထွက်ထိုင်နေတုန်း မီးဖိုထဲက ထင်းချောင်းတွေနဲ့ အိမ်ပြင်ကိုလှမ်းပစ်တာ၊

မီးစွဲနေတဲ့ထင်းချောင်းတွေ၊ ကံကောင်းလို့အိမ်မလောင်တာ၊

သူကပစ်လိုက်၊ ပေတိုးက ရေဖျန်းလိုက်လုပ်နေလို့ အိမ်မလောင်တာ၊ ဟိုမှာ ထင်းချောင်းတွေမကောက်ရသေးဘူး”

“ဆရာကြီးအမြင်အကြားတိုင်းပါပဲ၊ သရဲက ကိုယ်ထိလက်ရောက် ခြောက်လှန့်နေတာ၊ ဆရာကြီးပညာနဲ့ သရဲကို နှင်ထုတ်ပေးပါ။ ကျွန်မ တောင်းပန်ပါတယ်”

“ဟဲဟဲ၊ မညွန့်ကလည်း တစ်အိမ်လုံးမှာ တန်ခိုးရှိတဲ့ နတ်တွေရှိနေမှ သူတို့ကိုတိုင်ပြီး သရဲကိုနှင်ထုတ်ခိုင်းပါလား”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မရဲ့နတ်တွေက ပင့်ချင်တိုင်းပင့်လို့မရဘူး ဆရာကြီး၊ ကနားပွဲရှိမှ ပင့်လို့ရတာမို့ပါ"

ဒေါ်ညွန့်စကားကြောင့် ဆရာကြီးမျက်နှာပြုံးရောင်သမ်းသွားသည်။

"အင်း...သေပြီးတဲ့ဝိညာဉ်က သူနဲ့ ဒီအိမ်ကလူတွေနဲ့ ပတ်သက်မှုရှိနေလို့ သွားသင့်တဲ့နေရာမသွားသေးဘဲ အနှောင့်အယှက်လာပေးနေတာ"

"သူနဲ့ ပတ်သက်တာဆိုလို့ ဒီဆိုင်းဝိုင်းတွေပဲရှိပါတယ်၊ ဒီပစ္စည်းတွေ သူမသေခင်ကတည်းက ကျွန်မကိုရောင်းပြီးသွားပါပြီ"

"ဒါကတော့ သူရောင်းပြီးမှ စိတ်ထဲမှာနှမြောနေမှာပေါ့၊ အဲဒီအစွဲနဲ့သေသွားလို့ လာနှောက်ယှက်နေတာလည်း ဖြစ်နိုင်တာပဲ"

"ကဲ...ကဲ၊ ထင်ကြေးနဲ့လျှောက်ပြောနေလို့ မဖြစ်ဘူး၊ ဆရာကြီး လုပ်စရာရှိတာ လုပ်ပေးပါ့မယ်၊

ဆရာကြီးကတော့ သူ့ကို မေတ္တာစေတနာထားပြီး တောင်းပန်ကြည့်ရမှာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘောင်းပန်လို့မရရင်တော့ ပိုင်ရာဆိုင်ရာနဲ့ ကိုင်ရမှာပဲ၊

ဆရာအစွမ်းရှိသလောက် နည်းမျိုးစုံနဲ့ရအောင် ဖယ်ရှားပေးပါ့မယ်"

ထို့နောက် ဆရာကြီးကဘုရားစင်ရှေ့မှာ ဘုရားစင်ကို မျက်နှာမူပြီး ရှိခိုးဦးချလိုက်ပါသည်။

ဘုရားစင်မှာ ဖယောင်းတိုင်များ၊ အမွှေးတိုင်များထွန်းညှိပူဇော်ခိုင်းလိုက်သည်။

"ကဲ...ဒီအိမ်မှာအိမ်သားတွေမနေနိုင်အောင် နှောင့်ယှက်နေတဲ့ နာနာဘာဝ ဝိညာဉ်ရှိတယ်ဆိုရင် အကျိုးအကြောင်းသိရအောင် ပြောချင်တာပြောလို့ရတယ်၊

ဆရာခွင့်ပြုတယ်၊ ပြောချင်တဲ့စကားကို တစ်ဦးတစ်ယောက်ထံမှာမှီပြီး ပြောချင်တာပြောလို့ရတယ်၊ ဆရာခွင့်ပြုတယ်"

တစ်ကြိမ်ခေါ်သည်မလာ၊

ဝင်ပူးပြောရန် အခွင့်ပေးခေါ်သည်၊ မလာ....

တတိယအကြိမ်ခေါ်သည်၊ မည်သူ့ခန္ဓာကိုယ်ကိုမှ မပူးကပ်၊



www.burmeseclassic.com

www.burmeseclassic.com


"တောက်.........."

အိပ်မြေရင်းထောင့်မှ တောက်ခေါက်သံကြီး အဝိုင်းသားကြားလိုက်ရသည်။

"ကဲ...အသင့်ရဲ့ဆန္ဒကိုသိချင်လို့ အသာတကြည်ခေါ်တာ၊ မရမှတော့ ဆရာပိုင်ရာဆိုင်ရာနဲ့ နှင်ရမှာပဲ"

"ခုနိး.........ခုနိး......"

"ခုနိး..........ဒိနိး........"

အိမ်ခေါင်မိုးပေါ်သို့ ခဲများအဆက်မပြတ်ကျလာသည်။

"ကဲ....သရဲက အတော်ခေါင်းမာပုံပဲ၊

ကဲ...အသာတကြည်လာခိုင်းတာမလာမှတော့ ဆရာကြီးတို့ လုပ်စရာရှိတာ လုပ်ကြရုံပဲရှိတော့တယ်၊

ကဲ...ဒေါ်ညွန့်ရဲ့ ဒီလမ်းအဝင်မှာ ဈေးတန်းလေးတွေ့တယ်၊ ညနေပိုင်းဈေးထွက်လား"

"ညနေဈေးမရှိဘူး၊ မနက်ပိုင်းရောင်းတဲ့ဈေးပဲ..၊

ညနေဆိုဒီကဈေးသည်တွေ (၁၂) ရပ်ကွက်က၊ ထန်းသုံးပင်ဈေးမှာ ပြောင်းပြီးရောင်းကြတယ်"

"ထန်းသုံးပင်ဈေးနီးတယ်ဆိုရင် ကြက်အမွေးနုတ်ပြီး


www.burmeseclassic.com

www.burmeseclassic.com



သား တစ်ကောင်သွားဝယ်ခဲ့၊ ရောက်လာရင် သန့်ရှင်းပြီး ဝမ်းတွင်းသားပါမကျန် ချက်လိုက်"

ဒေါ်ညွန့်လည်းဆရာကြီးမှာသည့်အတိုင်း ညီမဖြစ်သူကို ဈေးဝယ်ရန်လွှတ်လိုက်သည်။

ဒေါ်မြငွေ ကြက်ဝယ်၍ပြန်လာသည်နှင့် ကြက်ကိုကိုင်ပြီးချက်လိုက်သည်။

ဟင်းကျက်၊ ထမင်းချက်ပြီးတော့ ညခုနစ်နာရီကျော်သွားပြီဖြစ်သည်။

"ကဲ...မညွန့်၊ ခင်ဗျားရဲ့လက်ထောက် အနီးအနားရှိရင် ခေါ်လိုက်၊ သူ့ကိုပါခေါ်သွားရမယ်"

"ပေတိုး၊ အေးမာကို သွားခေါ်ခဲ့၊ မတွေ့ရင် တွေ့အောင်ရှာပြီး ခေါ်လာခဲ့"

ပေတိုး လူခေါ်ရန်ထွက်သွားသည်။

"ဆရာကြီး ဘယ်ကိုသွားမှာလဲ"

"ငါ ကျိုက္ကဆံသုသာန်ကို သွားမယ်"

"ကျွန်မလည်း လိုက်လို့ရမလားဆရာကြီး"

"ရတာပေါ့ အရေးကြီးတာက မညွန့်ရဲ့တပည့်ပါ့ပြီ"



www.burmeseclassic.com

www.burmeseclassic.com


"သူက ဒီလမ်းထဲမှာပဲ နေတာပါ၊ ဟော..ပြောရင်းလာကြပြီ"

"ည ရှစ်နာရီထိုးလောက် ကျိုက္ကဆံဘုရားဘေးက သူ့သာနိကိုသွားကြမယ်"

ဆရာကြီး ဦးဆောင်ပြီး ဒေါ်ညွန့်အိမ်ကလူများနှင့် မအေးမာတို့ ကျိုက္ကဆံဘုရားအနီးရှိ ကျိုက္ကဆံသချိုင်းသို့ ထွက်လာကြသည်။

အိမ်ကနေ ဆယ့်ငါးမိနစ်သာသာ လျှောက်မိသည်နှင့် သချိုင်းသို့ရောက်လာသည်။ သချိုင်းအတွင်းရောက်တော့ အုတ်ဂူတစ်လုံးအပေါ်စားသောက်ဖွယ်ရာများကို တင်ပြီး.....

ဒေါ်ညွန့်တပည့် မအေးမာအား ထိုင်ခိုင်းလိုက်ကာ မဖဲဝါကို ပင့်လိုက်သည်။

"သချိုင်းသခင်မ မဖဲဝါ၊ ရှိတဲ့နေရာကလာရောက်ပြီး၊ စားပွဲ၊ သောက်ပွဲများကို လာရောက်သုံးဆောင်ပါ"

မကြာခင်မှာပင် မအေးမာအားဝင်ပူးကပ်ပါတော့သည်။

မအေးမာ အေးဆေးသောအသွင်သဏ္ဌာန်ပျောက်ပြီး၊ ခက်ထန်မာကြောသော အသွင်ဟန်ပန်နှင့် ဂူပေါ်ခုန်တက်၍ အေးစ


www.burmeseclassic.com

www.burmeseclassic.com


ရာများကို စားပါတော့သည်။

စားရင်းက ဆရာကြီးကိုကြည့်သည်။

"ဘာဖြစ်လာတာလဲ....၊ ပြောကြစမ်း"

"ဒီအေးညွန့်ရဲ့ အိမ်မှာနေပြီး သေသွားတဲ့ဆိုင်းဆရာ၊ မကျွတ်မလွတ်ဘဲ နေ့စဉ်ခြောက်လှန့်နေပါတယ်၊

ကျွန်ုပ်လည်း မကျေနပ်တာဝင်ပူးကပ်ပြီး ပြောဖို့ အကြိမ်ကြိမ်ခေါ်ပေမယ့် မလာရောက်၊ ဝင်ပူးကပ်ပြောဆိုခြင်း မရှိဘဲ နှောင့်ယှက်မြဲ နှောင့်ယှက်နေပါတယ်၊

အသင် မဖဲဝါက၊ သရဲဆိုးအားနှိမ်နင်းပေးဖို့ လာရောက်တောင်းပန်ရခြင်းဖြစ်ပါတယ်"

"နေစမ်း၊ ငါကြည့်စမ်းမယ်"

မဖဲဝါ ဝင်စီးပူးကပ်ခြင်းခံနေရသော အမျိုးသမီးက စဉ်းစားဟန်ပြုပြီး ခဏမျှငြိမ်နေသည်။

"ဒီသရဲကောင် ငါနှင်လည်းအသေခံမယ့်ကောင်"

"ဘာဖြစ်လို့လဲ"

"သူ့အိမ်က အဘွားကြီးကို မကျေနပ်လို့တဲ့၊ သူ့ဆိုင်းကို အပိုင်စီးထားပြီး၊ တန်ရာတန်ကြေးမပေးဘူးတဲ့၊



www.burmeseclassic.com

www.burmeseclassic.com



တန်ရာတန်ကြေးမပေးရင် အဲဒီအိမ်ကမသွားနိုင်ဘူးလို့ ပြောနေကာယ်၊

သူပြောတာဟုတ်လား၊ အဘွားကြီး”

မဖဲဝါ ဝင်စီးထားသူက ဒေါ်သုန့်ကိုကြည့်ပြီးမေးသည်။

“သူ့အတွက် ကျသင့်ငွေပေးပြီးပါပြီ”

“မပေးဘူးတဲ့၊ သူ့မိန်းမကို နည်းနည်းလေးပေးပြီး ပြန်လွှတ်လိုက်တယ်တဲ့၊

သူကျေနပ်အောင်လုပ်ပေးမှ သူအဲဒီအိမ်ကသွားမယ်၊ မလုပ်ပေးရင် အဲဒီအိမ်ကလူတွေကို အသေသတ်ပြီးမှ သွားမယ် လို့ ပြောနေပါလား၊

ငါက မတရားတာမကြိုက်ဘူးကွယ့်၊ မတရားတဲ့ ကိစ္စ၊ ငါ့ကိုလာခိုင်းနေတာလား၊ ဒီသရဲကို အခုထွက်သွားအောင် လုပ် လို့ရတယ်၊ ဒါပေမယ့် နိုင်လိုမင်းထက် မဖြစ်ချင်ဘူး၊

ကဲ..အဘွားကြီး၊ သူ့မိသားစုအတွက် ဆိုင်းဖိုးကို၊ အဖိုး အခသင့်ပြီး ပေးသင့်တာပေးလိုက်ပါ”

“သူ့မိန်းမပြန်စဉ်က ငါးရာပေးလိုက်ပြီးပြီ၊ နှစ်ထောင် ထပ်ပြီးပေးပါ့မယ်၊ သူကျေနပ်မယ်ဆိုရင် သူ့ရွာအရောက်သွား



www.burmeseclassic.com

www.burmeseclassic.com


ပို့ပေးပါမယ်လို့ ပြောပေးပါ၊ သခင်မ မဖဲဝါ"

"ကျေတော့ မကျေနပ်ဘူးတဲ့၊ ဒါပေမယ့် နှစ်ထောင်ပေးတဲ့နေ့ သူ့အိမ်က ထွက်သွားပါမယ်တဲ့၊

ကဲ.....ငါတတ်နိုင်တာ၊ ငါဆောင်ရွက်ပေးပြီးပြီ၊ သူ့ကို ပိုက်ဆံပေးမယ်ဆိုပြီး မပေးလို့ခြောက်လှန့်ရင် ငါ့ဆီမလာကြနဲ့တော့၊ ငါသွားမယ်"

သိချင်ဖြစ်ချင်သောကိစ္စများ မဖဲဝါက၊ တစ်ထိုင်တည်း ဆောင်ရွက်ပေးခဲ့သည်။ တရားသူကြီးကဲ့သို့ နှစ်ဦးနှစ်ဖက်ကျေနပ်အောင် ဖျန်ဖြေပေးခဲ့သော အမေမဖဲဝါအား ကျေးဇူးတင်စွာနှင့် ရပ်ကွက်အတွင်းသို့ ပြန်ခဲ့ကြသည်။

(ထိုအချိန်က ရွှေတစ်ကျပ်သားမှာ ငွေတစ်ထောင်ပင် မပြည့်သော အချိန်ဖြစ်သည်။)

နောက်နေ့ရောက်သည်နှင့် ဒေါ်ညွန့်လည်းသူ၏မောင် ပေတိုးအား ဦးလွန်းမောင်၏ ဇနီးရှိရာရွာသို့ ပိုက်ဆံနှစ်ထောင်ကျပ်ကို သွားပေးခိုင်းလိုက်သည်။

ထိုသို့ ငွေပို့ပေးပြီးနောက်ပိုင်း ဒေါ်ညွန့်အိမ်မှာသရဲကြီး လွန်းမောင် ခြောက်လှန့်နှောက်ယှက်ခြင်းမရှိတော့ပေ။ ။

◆◆◆◆◆



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ဆိုးတူပျော် ဘုရားပွဲတော်

ပွင့်လင်းရာသီရောက်ပြီဆိုလျှင် ရန်ကုန်မြို့ရှိဘုရားများ တွင် ဘုရားပွဲများဖြင့် စည်ကားလာတော့သည်။

ကျိုက္ကဆံဘုရား၊ ကျိုက်အေးရုံ(ရန်ကုန်၊ အာနန္ဒာ)ဘုရား၊ ရန်မျိုးအောင်ဘုရား၊ ခုနစ်ဆူဘုရားပွဲတို့ နှစ်စဉ်ဇာတ်ပွဲများဖြင့် စည်ကားစွာကျင်းပလေ့ရှိသည်။

ထိုဘုရားများက တောင်ဥက္ကလာ(၁၃)ရပ်ကွက်မှာနေ သော ဇော်နိုင်၊ ဝင်းလွင်၊ အေးမောင်တို့လူငယ် ကာလသားတစ် စု၏ ရပ်ဆွေရပ်မျိုး ဘုရားများဖြစ်သည်။

ဘုရားပွဲဝင်သည်နှင့် ညစဉ်ဘုရားပွဲသို့ ရောက်လေ့ရှိ သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားပွဲက သုံးညဆိုလျှင်၊ သုံးညလုံးရောက်တတ်သည်။ ဇာတ်ပွဲကိုတော့ မကြည့်ဖြစ်သည်ကများသည်။

ပွဲဈေးတန်းလျှောက်ရသော အရသာက၊ သူတို့လူပျိုလူရွယ်များအတွက် ဘယ်အရာနှင့်မျှမလဲနိုင်သော ပျော်ရွှင်မှုအရသာပင်ဖြစ်သည်။

ဘုရားပွဲသို့ မိမိချစ်ကြိုက်နေသူ၊ မိမိပိုးပန်းနေသူလာကြည့်လျှင်တော့ ပွဲကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ သက်ဆိုင်သူရော မသက်ဆိုင်သူပါ သုံးယောက်စလုံး ပွဲခင်းထဲရောက်ရတော့သည်။

ထို့အပြင် ပွဲဈေးတန်းလျှောက်တိုးရင်း၊ မိန်းကလေးများနှင့် နောက်ရင်းပြောင်ရင်းချိတ်ဆက်မိပါက၊ အကျိုးထူးသည်ဖြစ်ဖြစ်၊ အကျိုးမထူးသည်ဖြစ်ဖြစ် ပွဲရုံတွင်း တစ်ညလုံးခုက္ခခံကာဝင်ရောက်ကြည့်ဖြစ်ကြသည်။

ယခုရက်ပိုင်း ကျိုက္ကဆံဘုရားပွဲ ဝင်တော့မည်။ ဇာတ်ရုံနှင့် ပွဲဈေးတန်းများ စတင်ထိုးနေပြီဖြစ်သည်။

ညနေလေးနာရီခွဲ ဇော်နိုင်နှင့် ပင်းလွင်တို့အလုပ်က ပြန်ရောက်သည်နှင့် ရေချိုး၊ ထမင်းစားပြီး ညနေခြောက်နာရီခန့်



www.burmeseclassic.com

www.burmeseclassic.com


ကျိုက္ကဆံဘုရားဘက်သို့ လမ်းလျှောက်ခဲ့ကြသည်။

အေးမောင်တစ်ယောက် သင်္ကန်းကျွန်းက ပြန်လာမှာ ဖြစ်သည့်အတွက် ဘုရားလည်းဖူးရင်း ဇာတ်ရုံဆောက်သည့် အခြေအနေ အကဲခတ်ရင်း၊ အေးမောင်ကိုစောင့်ရင်း ထွက်ခဲ့ကြခြင်းဖြစ်သည်။

မိဘများက ချမ်းသာသူများမဟုတ်သဖြင့်၊ ဆယ်တန်း အောင်ပြီးသည်နှင့် ရသည့်အလုပ်ဝင်လုပ်ခဲ့သည်။

နောက်မှ လုပ်သားကောလိပ်တက်ရင်း ဘွဲ့တစ်ခုယူရန် ဆုံးဖြတ်ထားကြသည်။ သူတို့ သုံးယောက်စလုံး အသက် နှစ်ဆယ်ပင် မပြည့်တတ်ကြသေး၊

ဘုရားပွဲများမရှိလျှင် တောင်ဥက္ကလာ ၁၃ ရပ်ကွက်၊ သံသုမာလမ်းမပေါ်ရှိ မင်းသားကြီးလက်ဖက်ရည်ဆိုင်ပေါ်တွင် ညဖက်အချိန်ဖြုန်းကြသည်။

နောက်နှစ်ရက်ဆိုလျှင် ကျိုက္ကဆံဘုရားပွဲ ဝင်တော့မည်။

သူတို့နှစ်ယောက်လမ်းလျှောက်လာခဲ့ရာ ဆယ်ငါးမိနစ် ခန့်သာ လျှောက်လိုက်ရသည်။ ကျိုက္ကဆံဘုရားရှေ့သို့ ရောက် လာခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com


ဘုရားဝင်းရှေ့ပိုင်းနှင့် ကားလမ်းမကြားတွင် လူနေရပ်ကွက် ထူထပ်စွာရှိသဖြင့် ရတနာလမ်းမပေါ်က ဘုရားကို၊ အပေါ်ပိုင်းခေါင်းလောင်းအထက်ပိုင်းမှ ထီးတော်အထိသာ ဖူးတွေ့ရသည်။

လယ်တီကျောင်းတိုက်သို့သွားလိုလျှင် ထိုရပ်ကွက်အကြား လေးပေခန့်အကျယ်ရှိသော လမ်းကြားမှသွားရသည်။ ထိုလမ်းက သက်နံ့ကျွန်းအထိပေါက်သည်။

ဇော်နိုင်တို့နှစ်ယောက် ထိုလမ်းကြားလေးအတွင်းမှ ဝင်ခဲ့ပြီး ကျိုက္ကာဆံဘုရားအရှေ့ဘက်မုခ်ဝသို့လာခဲ့သည်။

အေးမောင်နှင့် ဘုရားအရှေ့ဘက်မုခ်ပေါက်မှာ ဆုံရန် ချိန်းထားသည်။

ဝင်းလွင်တို့ရောက်ပြီး ငါးမိနစ်ခန့်ကြာတော့ အေးမောင် ရောက်လာသည်။

လှေကားခုံမှာ ထိုင်နေကြသောဇော်နိုင်နှင့် ဝင်းလွင်တို့ ကိုတွေ့သည်နှင့်...၊

"မင်းတို့ ဘုရားဖူးပြီးပြီလား"

"အေ...၊ ရောက်ရောက်ချင်း ဖူးလိုက်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဘုရားတက်ဖူးလိုက်ဦးမယ်၊ ခဏစောင့်"

အေးမောင်က ထမင်းချိုင့်နှင့်လွယ်အိတ်ကို ဝင်းလွင်အားပေးကာ လှေကားခုံမှာဖိနပ်ကိုချွတ်ထားခဲ့ပြီး ရင်ပြင်ပေါ် တက်သွားသည်။

ဘုရားကြီးဆွဲပွဲတော်ရက် နီးနေပြီမို့ ဘုရားဖူးများဖြင့် စည်ကားနေသည်။

ခဏနေတော့ အေးမောင်ပြန်ရောက်လာသည်။

"လာကွာ၊ မိုးဝင်းဇာတ်ရောက်နေပြီလို့ပြောတယ်၊ အဲဒီဘက် လျှောက်ကြည့်ရအောင်"

သူတို့ဇာတ်ရုံရှိရာသို့ ထွက်ခဲ့ကြသည်။

ချားရဟတ်ကြီးများကို ဆင်နေကြပြီ။

ရဟတ်အသေးလေးသုံးခုခန့်က ဘုရားလာကြသော ကလေးများကိုအစယူပြီး လှည့်နေပြီဖြစ်သည်။

မျက်လှည့်ရုံနှင့် ရုပ်ရှင်ရုံနှစ်ရုံလည်း တစ်ပိုင်းတစ်စ တန်းလန်းရှိသေးသည်။

အချို့ဈေးဆိုင်များက ခင်းကျင်းရောင်းချနေပြီဖြစ်သည်။ မုန့်ဈေးတန်းလည်း ရောင်းသူကရောင်းနေပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


"လာကွာ၊ ကားလမ်းဘက်ထွက်ပြီး လက်ဖက်ရည်ဆိုင်ထိုင်ကြမယ်"

သူတို့သုံးယောက် ဘုရားရှေ့ ရတနာလမ်းမပေါ်မှာဖွင့်ထားသော လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက်ကြသည်။

ရတနာလမ်းပေါ်မှာ ခရီးသည်တင်အမှတ် (၁၅) ဘက်စ်ကားက ရန်ကုန်ဘက်မှအပြန် လူများပြွတ်သိပ်ပါလာသည်ကို ကြည့်ပြီး

"ကြည့်စမ်း၊ မြို့ထဲအလုပ်ကပြန်လာတဲ့လူတွေရဲ့ ဒုက္ခကမသေးဘူး၊ ငါတို့ သုံးယောက်လုံးအလုပ်က ကိုယ့်မြို့နယ်ထဲမှာပဲရလို့ ကံကောင်းတယ်"

"တို့တွေ ရေချိုး၊ စားသောက်ပြီး လည်ပတ်နေတဲ့အချိန် သူတို့က ကားပေါ်မှာပဲရှိသေးတယ်"

"ငါတို့လည်း ပွဲတွေက တစ်နှစ်ပြီးတစ်နှစ်၊ တစ်ပွဲပြီး တစ်ပွဲ၊ ဘုရားတစ်ဆူပြီး တစ်ဆူသာပြီးသွားတယ် ရည်းစားလည်းတစ်ယောက်မှ မစွံကြသေးဘူး"

"ဇော်နိုင် မင်းရုံးက အေးအေးညွန့်ကို ချိန်နေတာ၊ ခုထိမစွံသေးဘူးဆို၊ နောက်တစ်ယောက် ထပ်ချိတ်ပါလား"



www.burmeseclassic.com

www.burmeseclassic.com

"တစ်ယောက်တောင် မစွံတာ၊ နောက်တစ်ယောက်ဆို ဒီကောင် အဘိုးကြီးဖြစ်ရင်တောင် စွံမယ်မထင်ဘူး"

"အထင်သေးလိုက်တာ အေးမောင်ရာ၊ ငါ့ကျတော့ ဝိုင်းပြောနေပြီး၊ မင်းတို့ရော စွံလို့လား..."

"မစွံလို့ပေါ့၊ စွံများစွံရင် ဒီဘုရားပွဲမှာ တူနှစ်ကိုယ်တွဲပစ် လိုက်မှာပေါ့"

"စိတ်ကူးယဉ်ပြီး ရူးမယ့်ကောင်"

"ဒါနဲ့ ဝင်းလွင်၊ မင်းရဲ့အချစ်ဟောင်းကို ပြန်တွေ့တယ် ဆို"

"ပြန်တော့တွေ့တယ်၊ ဒါပေမယ့်သူက အိမ်ထောင်ကျ နေပြီ"

"မင်းရည်းစားအကြောင်း ငါတို့မသိသေးဘူး"

"သိချင်ရင် ပြောပြရတာပေါ့ ငါ (၆) ရပ်ကွက်၊ အထက (၂)၊ နဝမတန်းရောက်တဲ့နှစ်၊ အင်းဝ(၄)လမ်းမှာ အိမ်ငှားနေတုန်း က ဆိုပါတော့၊

သူလည်းအိမ်ငှား၊ ငါလည်း အိမ်ငှား၊ ငါတို့က အပေါ်ထပ်၊ ခေါင်းရင်းခန်း၊ သူတို့က ခြေရင်းခန်း၊ သူကရှစ်တန်းမှာတက်နေ


www.burmeseclassic.com

www.burmeseclassic.com


တယ်၊

ငါက သူ့ကိုအဲဒီအချိန်ကတည်းက ချစ်နေတာ၊ လူကြီးတွေလစ်ရင် ငါသူ့ကိုချစ်တဲ့အကြောင်း မကြာခဏပြောမိတယ်၊ အဖြေတောင်းတယ်၊

ပြောတိုင်းသူက ပြုံးရုံသာပြုံးပြတယ်၊ အဖြေ တစ်ခါမှမပေးဘူး၊

အဲ့ဒီနောက် ငါတစ်ယောက်တည်း၊ သူတစ်ယောက်တည်းရှိတဲ့ အချိန်ဆိုရင်၊ သူ့အခန်းထဲကနေပြီး သီချင်းတစ်ပုဒ်ဆိုတယ်ကွာ၊ ငါသိအောင် ဆိုတာပဲဖြစ်မယ်၊

သီချင်းတော့ ငါဝါသနာမပါလို့မရဘူး၊ ဒါပေမယ့် တို....ဘာပါလိမ့်၊ ဪ....သိပြီ၊

နို့နင့်ကို ခင်ပါတယ် ××× နို့နင့်ကို မမုန်းပါဘူး ×××× နို့ဘဝကို နို့မှ မပိုင်သေးတာ ×××× နင်ကြားချင်တာတွေလည်း ငါမပြောရဲဘူး×××မပြောရဲဘူးလေဟယ်×××××၊ ဆိုတဲ့ သီချင်းကွာ၊ ဟုတ်လား၊ မဟုတ်လားတော့ မသိတော့ဘူး"

"ခပ်ဆင်ဆင်ပဲ ဆိုပါတော့၊ မေဆွိဆိုတာလား ငါတို့လည်းမသိဘူး၊ သီချင်းကတော့ နားယဉ်နေသလိုပဲ၊ ကဲ....ဆက်



www.burmeseclassic.com

ပါဦး"

"မကြာမကြာ အဲဒီသီချင်းကိုပဲ ဆိုနေလေတော့၊ ငါလည်း အဖြေမပေးချင်တာနဲ့ သီချင်းဆိုပြနေတာလားလို့ မေးလိုက်တယ်၊

ဒီတော့ သူက၊ သူ့မှာ ချစ်ခွင့်မရှိတော့ဘူးတဲ့....၊

သူတို့ ဒီအခြေအနေနဲ့ နေနိုင်အောင်၊ ဖခင်မရှိတော့တဲ့ သူတို့မိသားစုကို ထောက်ပံ့နေတဲ့အစ်ကို ဝမ်းကွဲနဲ့ သူ့ကိုပေးစားပါမယ်လို့ အမေက ကတိပြုထားပြီးပြီတဲ့၊

နောက်သုံးနှစ်ဆိုရင် သူ့ရဲ့ကိုကိုကြီးနဲ့ပဲ လက်ထပ်ရမှာတဲ့....၊

ငါလည်း စောင့်ထိန်းရမယ့်စည်းကြောင့် အချစ်ကိုမျို သိပ်ပြီး နေခဲ့ရတာပေါ့၊ ဆယ်တန်းရောက်တဲ့နှစ် (၁၃) ရပ်ကွက်ကိုပြောင်းလာတော့ အထက (၃) မှာ မင်းတို့နဲ့ ဆုံတာပဲ၊ သူနဲ့ ငါ ဝေးခဲ့တာ ငါးနှစ်နီးပါးရှိခဲ့ပြီ၊ သူအိမ်ထောင်ကျသွားပြီဆိုတာ ငါသိတယ်၊

တစ်နေ့ ကျိုက္ကဆံဘုရားကိုအလာ တို့ဝင်နေကျ သက်န်းကျွန်းဘက်ဖြတ်တဲ့လမ်းနဲ့ ရတနာလမ်းဆုံတဲ့ထောင့်က



www.burmeseclassic.com

www.burmeseclassic.com


ခြေတံရှည်အိမ်တော သူတို့အိမ်ပဲ"

"တို့ ခဏခဏဝင်ထွက်နေတာ မင်းကဘာလို့မပြောတာလဲ..."

"သူနဲ့ ငါနဲ့က ဇာတ်လမ်းမှမရှိတော့တာ၊ သူ့မှာအိမ်ထောင်နဲ့၊ ပြောတော့ ဘာထူးမှာလဲ..."

"မင်းရဲ့ အချစ်ဦးကို မြင်ဖူးရတာပေါ့"

"အချစ်ဦးမဟုတ်ပါဘူး၊ ငါ့ရင်ထဲက အချစ်ဦးပါ၊ သူက ချစ်မချစ် ငါမသိခဲ့ရဘူးလေကွာ"

"ချောလား....."

"အပျိုတုန်းကတော့ ချောတာပေါ့၊ မျက်နှာက နာမည်နဲ့လိုက်အောင် ပြုံးချိုနေတယ်၊ သွက်သွက်လက်လက်လေး"

"နောက်ကို ငါတို့ကိုပြဖို့ မမေ့နဲ့"

"မင်းကဘယ်လိုလုပ်ပြီး သူဒီနားမှာနေတာကို သိတာလဲ၊ ပြောပြစမ်းပါဦး"

"တစ်ရက်၊ ငါဘုရားကိုအလာ အိမ်ဝရံတာမှာအဝတ်လှန်းနေတဲ့ ချိုချိုကိုမြင်လိုက်တယ်၊ သူ့ဘေးမှာ နှစ်နှစ်လောက်ရှိတဲ့ ကလေးလေး ရပ်နေတာတွေ့လိုက်တယ်၊ သူကငါ့ကိုမတွေ့

www.burmeseclassic.com

www.burmeseclassic.com

တွေ့ဘူး၊

ဝါ သူ့ကိုတွေ့ရပေမယ့် ရင်မခုန်တော့ဘူး"

"အိုဆို အခုမိုးဝင်းပွဲမှာ အချစ်သစ်ရအောင် ဝါတို့ကြိုးစားကြတာပေါ့"

"ပွဲက မိုးဝင်းကမှာ သုံးရက်၊ ချမ်းသာက နှစ်ရက်၊ ငါးရက်အချိန်ရတယ်"

"ဒီပွဲငါးရက်မှာ ဘယ်သူ့စွဲမလဲ ကြိုးစားလိုက်ကြစို့"

"စိန်လိုက်၊ ဝါကြိုက်တဲ့ မိန်းကလေး မင်းတို့လိုက်မကြိုက်ရဘူးနော်"

"မကြိုက်ပါဘူး၊ ကိုယ့်အထာနဲ့ ကိုယ်ကြိုးစားကြတာပေါ့"

"ကဲ......ပြန်ကြမယ်၊ ဝါရေချိုး နောက်ကျနေပြီ"

"မနက်ဖြန် ရုံးပိတ်တာပဲ၊ မနက်ဖြန်မှ ချိုးပေါ့"

"မဖြစ်ဘူး၊ ရုံးခန်းထဲမှာ ချွေးတလုံးလုံးနဲ့ တစ်နေ့လုံးညစ်ပတ်နေတာ၊ ပန်ကာကလည်း အမြင့်ကြီး၊ နေ့တိုင်းရေမချိုးလို့ မဖြစ်ဘူး"

သို့ဖြင့် လက်ဖက်ရည်ဖိုးရှင်းပြီး ပြန်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ကျိုက္ကဆံဘုရားရှေ့ လူနေရပ်ကွက်အနီးရောက်တော့ ဇော်နိုင်က....

"ဟို ရှေ့ကအိမ်လား"

"ဟုတ်တယ်၊ မင်းလက်ညှိုးကြီးနဲ့ မထိုးနဲ့လေကွာ"

"တံခါးတွေပွင့်နေပြီး လူကိုမတွေ့ဘူး"

"မတွေ့လည်းဘာဖြစ်လဲ၊ သူနဲ့ငါ ဇာတ်လမ်းမှမရှိတော့တာ..."

"မြင်ဖူးချင်လို့ပါ...."

"မြင်ချင်လည်း ဒီဘက်မကြာမကြာရောက်နေတာပဲ၊ လှည့်ကြည့်ပေါ့ကွာ၊ အိမ်မှ မကျော်နပ်သေးရင် သူ့အိမ်ပေါ်တက်ပြီး ကြည့်ပေတော့"

စကားတပြောပြောနှင့် လျှောက်လာကြရာ ကျိုက်ဒေးရိုး ဘုရားရှေ့ (၁၃) ရပ်ကွက်သို့ဝင်သော ကောလိယလမ်းအတိုင်း ဝင်ခဲ့ကြသည်။

❖ ❖ ❖

ဘုရားပွဲည......၊

စည်ကားနေသည်။


www.burmeseclassic.com

www.burmeseclassic.com


ရပ်ကွက်အသီးသီးမှ ဘုရားပွဲသို့လာကြသူများဖြင့် တိုးမပေါက်အောင် စည်ကားနေပါသည်။

စျေးတန်းများ၊ ကြည့်ချင်ပွဲများ၊ ချားရဟတ်များဆီမှ စပီကာသံများကလည်း ဆူညံနေပါသည်။

ချားရဟတ်ကြီးအနီးမှာ ကလေးလူကြီးများနှင့် စည်ကားနေသည်။

ဘုရားဝင်းအတွင်း ဝင်သောလမ်းဓါတ်ဘေးဝဲယာရှိ စျေးဆိုင်ခန်းများကလည်း တစ်ဆိုင်နှင့်တစ်ဆိုင်ဆက်နေကာ စျေးဝယ်သူများ၊ စျေးခေါ်သူများ၊ စျေးတန်းလျှောက်သူများဖြင့် စည်ကားနေသည်။

လက်ဖက်ရည်ဆိုင်၊ ဘူးသီးကြော်ဆိုင်၊ ထမနဲ၊ တိုးမုန့်၊ ရေမုန့် ဆိုင်ခန်းကျင်တို့မှာလည်း လူများတိုးဝှေ့ဝယ်ယူစားသောက်နေကြသည်။

ဇော်နိုင်တို့ သူငယ်ချင်းသုံးယောက် ညခုနစ်နာရီထိုးတော့ ဘုရားစျေးတန်းအတွင်းသို့ ရောက်နေကြပြီဖြစ်သည်။

"ကဲ...စျေးတန်းထဲမလျှောက်ခင် လက်ဖက်ရည်ဆိုင်ဝင်ထိုင်ရအောင်"

www.burmeseclassic.com
ဝိုးတဝါး

www.burmeseclassic.com



"ငါ့အိမ်က ဘာမှမစားခဲ့ရသေးဘူး၊ ဝင်းလွင် အကြော်စုံတစ်ပွဲဝယ်ပြီး ဆိုင်ထဲကိုလိုက်ခဲ့ကွာ"

"ဟုတ်တယ်၊ ငါလည်း ဗိုက်ဆာနေပြီ"၊

လက်ဖက်ရည်ဆိုင်အတွင်းဝင်ပြီး လက်ဖက်ရည်သုံးခွက်မှာလိုက်သည်။

မကြာခင် အကြော်စုံပန်းကန်တစ်ချပ်ကိုကိုင်ပြီး ဝင်းလွင် ပြန်ရောက်လာသည်။

သူတို့ လက်ဖက်ရည်တစ်ခွက်စီနှင့် အကြော်စုံတစ်ပန်းကန်စားကာ ဗိုက်ပြည့်လိုက်ပြီး ပိုက်ဆံရှင်းကာ ဆိုင်အတွင်းမှ ထွက်လာစဉ်.......

ဝက်သားတုတ်ထိုးဆိုင်မှာ ထိုင်စားနေသော မိန်းကလေးနှစ်ယောက်အနက် အစွန်ကမိန်းကလေး၏ လက်မောင်းကို အေးမောင်ဝင်တိုက်မိလိုက်သည်။

ထိုမိန်းကလေးလက်အတွင်းမှ ပိုက်ဆံအိတ်လွတ်ကျသွားသည်။

အေးမောင်က ကျသွားသောပိုက်ဆံအိတ်ကို ကောက်ပေးလိုက်ပြီး....၊



www.burmeseclassic.com

www.burmeseclassic.com



"မတော်လို့နော်၊ ခွင့်လွှတ်ပါ"

"ရပါတယ်ရှင်"

ထိုမိန်းကလေးနှင့် အေးမောင်တို့စကားပြောဆိုနေစဉ် တစ်ဖက်ဘေးမှာထိုင်နေသော အမျိုးသမီးချောချောက သူတို့ကို ကြည့်နေသည်။

ထိုအမျိုးသမီးက အဝါရောင်ဝမ်းဆက်ကိုဝတ်ထားကာ အဝါရောင်ပုဝါလေးကို ရှည်လျားနက်မှောင်သော ဆံပင်၏အရင်းမှာချည်နှောင်ထားသည်။

စကားကိုဆက်ရန်အကြောင်းမရှိတော့သဖြင့် သူတို့သုံးယောက်၊ ထိုမိန်းကလေးနှစ်ယောက်အနီးမှ ထွက်လာခဲ့သည်။

ထိုမိန်းကလေးနှစ်ယောက်အပြင် အသက်ငါးဆယ်နီးပါး အဒေါ်ကြီးတစ်ယောက်လည်း ဘေးမှာပါသေးသည်။

အားလုံး တုတ်ထိုးကြိုက်ပုံရသည်။ သုံးယောက်လုံး စားနေကြသည်။

"ဟေ့ကောင် အေးမောင်၊ မင်းတိုက်မိလိုက်တဲ့ မိန်းကလေးက လှတယ်နော်"

"ဟုတ်တယ်၊ တော်တော်လေးလှတယ်၊ ငါတော့ ခိုက်



www.burmeseclassic.com

www.burmeseclassic.com


သွားပြီကွာ"

"အံမာ၊ သူ့ဘေးကဆံပင်အရှည်နဲ့မမက ယဉ်ယဉ်လေးနဲ့ အတော်လေးလှတယ်"

"ငါ့ မျက်စိထဲမှာလည်း အဲဒီမမကို စွဲသွားပြီ"

ဝင်းလွင်က သူတို့ကိုပြောလိုက်သည်။

"လာကွာ၊ ငါတို့ ဒီနားကရပ်ပြီး အခြေအနေအကဲခတ်ကြည့်ရအောင်"

မကြာခင်မှာပင် မိန်းကလေးနှစ်ယောက်နှင့် အမျိုးသမီးကြီးတို့ တုတ်ထိုးဆိုင်အတွင်းက ထွက်လာသည်ကိုတွေ့လိုက်သည်။

သူတို့ကြည့်နေစဉ်မှာပင် အသက်ဆယ့်ငါးနှစ်ခန့်ရှိသောကောင်လေးတစ်ယောက်၊ အမျိုးသမီးငယ်ကိုင်သော ပိုက်ဆံအိတ်ကိုလုပြေးပြီး သူတို့ရပ်နေရာဘက်သို့ လာနေသည်ကိုတွေ့ရသည်။

သူတို့ ပိုက်ဆံအိတ်ကိုလုပြေးလာသော ကလေးကိုဆီး၍ ဖမ်းလိုက်သည်။

"ဟာ...ငါ့မောင်တို့လူစုပါလား။ ကျေးဇူးပါပဲ"

www.burmeseclassic.com

www.burmeseclassic.com


"ဒီမှာပိုက်ဆံအိတ်"

ဇော်နိုင်က

"ဒီကောင်လေးကို ဇော်ပကရုံးသွားအပ်လိုက်မယ်"

"နေပါစေကွယ်၊ သူ့ပိုက်ဆံမှ မယူရသေးဘဲ"

"ဟော့ကောင်လေး သွား။ နောက်တစ်ကြိမ်ထပ်မိလို့ကတော့ အသေပဲ၊ ဒီက မမကြီးတွေက သဘောကောင်းလို့ မင်းကံကောင်းတယ်မှတ်"

ဝင်းလွင်က ဖမ်းကိုင်ထားသော ကောင်လေး၏လက်ကို လွှတ်ပေးလိုက်သည်။

ကောင်လေးလည်း အနီးကပြေးထွက်သွားသည်။

"ကျေးဇူးပါပဲကွယ်၊ အစ်မတို့အားလုံးပါသမျှ ဒီအိတ်ထဲစုထည့်ထားတာ၊ ပါသွားလို့ကတော့ အခက်ပဲ"

"အဲနဲ့ ဒီကမမတို့က ပွဲလာကြည့်တာလား"

"ဒီညီမက ပွဲကိုကြည့်ချင်နေတယ်၊ မမကတော့ ပွဲဈေးတန်းလျှောက်ပြီး ပြန်ချင်တယ်"

"အဲဆို ဒီက ဒေါ်ကြီးကရော"

"ဒါကတော့ မိုးဝင်းကတာရော၊ ချမ်းသာကတာရော



www.burmeseclassic.com

www.burmeseclassic.com


ကြိုက်တယ်၊ ဒါပေမယ့် လူကြားထဲလည်း ခုကွခံပြီးမနေချင်ဘူး"

"ဟော...ဒါဆို ဒီကမမကပွဲမကြည့်ချင်ဘူး၊ ဒေါ်ကြီးက ပွဲမကြည့်ချင်ဘူးဆိုတော့ နှစ်မဲတစ်မဲနဲ့ ဒီကညီမရှုံးသွားပြီ"

"အစ်ကိုတို့က ပွဲလာကြည့်တာလား"

"အခြေအနေအရပါပဲ၊ ကြည့်ချင်စိတ်ပေါ်လာရင်ကြည့်မှာပဲ၊ ကြည့်ချင်စိတ်မပေါ်လာရင် မကြည့်ဘဲပြန်ကြမှာ"

အမှန်က မြွေမသေ၊ တုတ်မကျိုး ပြောထားခြင်းဖြစ်သည်။ မိန်းကလေးများပွဲကြည့်လျှင် သူတို့ကြည့်မည်။ မိန်းကလေးများ ပွဲမကြည့်လျှင် သူတို့မကြည့်တု ဆုံးဖြတ်ထားသည်။

"အချိန်စောပါသေးတယ်၊ လာလေ ပွဲဈေးတန်းထဲ လျှောက်ကြရအောင်၊ မမတို့လျှောက်ပြီးကြပြီလား"

"မလျှောက်ရသေးဘူး၊ ခုမှရောက်လာတာ"

"ကဲ....ဒါဆိုဈေးတန်းထဲ လျှောက်ကြရအောင်"

အားလုံးဇော်နိုင်တို့နှင့်အတူ မမနှင့် မိန်းမလှလေး၊ အဒေါ်ကြီးတို့ ပါလာသည်။

"ဒါနဲ့ အစ်မ၊ သူက ဇော်နိုင်၊ ကျွန်တော်က အေးမောင်၊ သူက ဝင်းလွင်၊ မမတို့နာမည်ရော မသိရဘူးလား"


www.burmeseclassic.com

www.burmeseclassic.com



"တိုဘက်က ဒေါ်ကြီးစာဥတဲ့"

မမက ထိုမျှသာပြောပြီး ဈေးတန်းအတွင်းလျှောက်သွားသည်။ မမက သူတို့နာမည်မပြောဘဲ ထွက်သွားသဖြင့် ဝင်းလွင်က......၊

"မမက ဒေါ်လေးနာမည်ကိုပြောပြီး၊ မမနဲ့ ဒီကနာမည်တော့ မပြောဘူး၊ မမတို့က ညီအစ်မတွေလား"

"မဟုတ်ပါဘူး၊ အိမ်နီးနားချင်းတွေပါ...၊

မမနာမည်က မဝါ၊ သူက သိမ့်သိမ့်တဲ့"

"မမက ဆံပင်အရှည်ကြီးနဲ့၊ အခုခေတ်မြန်မာမိန်းကလေးတွေထဲမှာတော့ အတော်ရှားတဲ့အလှပဲ"

"အံမယ်၊ ဖိုးမောင်တွေက အစ်မကိုမြှောက်နေပြန်ပြီ"

"ဒီပွဲဈေးထဲက မိန်းကလေးဆယ်ယောက်မှာ တစ်ယောက်မှ ဒီကမမလောက် ဆံပင်အရှည်မှမရှိတာ"

"မင်းက အစ်မမဝါကိုပဲ မြင်နေတာယ်၊ ဟိုမှာတစ်ယောက် ဆံးစပ်အထိအရှည်နဲ့တွေ့လား"

"ဟုတ်ပ ဖိုးမောင်ရယ်၊ ဆံပင်ရှည်တဲ့ မိန်းကလေးတွေရှိပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com 

"ကဲ...အခုဘယ်သွားကြမလဲ"

"မိုးဝင်းဇာတ်ရုံဘက် ခဏလောက်သွားကြည့်ကြမယ်၊ ရုံမခါခင် အထဲခဏလောက် ဝင်ကြည့်ကြမယ်"

"ကောင်းသားပဲ၊ အစ်မတို့လည်း ဇာတ်ရုံထဲမရောက်သေးဘူး"

သို့ဖြင့် ဝင်းလွင်တို့နှင့်အတူ မဝါတို့သုံးယောက်လည်း အတူပါလာခဲ့သည်။

မိုးဝင်းဇာတ်ရုံရှေ့သို့ ရောက်ခဲ့ကြသည်။

မိုးဝင်းဇာတ်ရုံအတွင်း ဝင်ခဲ့ကြသည်။ ရုံထဲတွင် လူအချို့ ရှိနေကြသည်။

အချို့ကဖျာကိုရှာနေသလို အချို့က ခုံကိုရှာနေကြသည်။

ရုံတွင်းခွဲမျာနှင့် ခုံနေရာရောင်းနေသည်။

"ဘယ်လိုလဲ မမတို့၊ ဇာတ်ပွဲကြည့်ဖို့ မကြည့်ဖို့ ထပ်ပြီးတိုင်ပင်ကြပါဦးလား"

"ဖိုမောင်တို့ ပွဲကြည့်မလား၊ ကြည့်မယ်ဆိုရင် မမတို့ အကုန်အကျခံပေးမယ်"

"အစ်မတို့လည်းကြည့်ကြမယ် မဟုတ်လား၊

www.burmeseclassic.com


ဘယ်လိုလဲဒေါ်ကြီး၊ ပွဲကြည့်မလား"

"အဒေါ်က အဖော်လိုက်လာတာပါ၊ အဆုံးအဖြတ်ပေး ရမှာက မဝါမဟုတ်လား"

"ကဲ....ပွဲကို ညတစ်နာရီ၊ နှစ်နာရီလောက်အထိပဲ ကြည့်ကြတာပေါ့"

"ဘာဖြစ်လို့လဲ၊ ကြည့်မယ့်ကြည့် မိုးလင်းဇာတ်ပြီးတဲ့ အထိ ကြည့်မှပေါ့"

"အစ်မတို့က မိုးအလင်းကြည့်လို့ မဖြစ်ဘူး၊ မောင် လေးတို့ မိုးအလင်းကြည့်မယ်ဆိုလည်း ရုံထဲမှာနေခဲ့ပေါ့၊ မမတို့ကတော့ စတိတ်ရှိုးပြီးတာနဲ့ ပြန်ကြမယ်"

"သတောပါပဲ မမရယ်၊ ကဲ....ပွဲကြည့်မယ်လို့ ဆုံးဖြတ် ပြီးပြီဆိုရင် ကျွန်တော် ဖျာနှစ်ချပ်သွားဝယ်လိုက်မယ်"

"ရော့ မောင်လေး၊ ပိုက်ဆံယူသွား"

"ဟာ....နေပါစေ၊ ကျွန်တော်တို့က ဒီည မိတ်ဖြစ်ဆွေဖြစ် ပွဲဒကာခံပြီး ပြပါ့မယ်၊

နောက်ကြိုရင် မမတို့က တစ်လှည့်ပြပေါ့"

"အို....."



www.burmeseclassic.com

www.burmeseclassic.com



“ဒီကောင်ပြောတဲ့စကားကလည်း”

“ဟာ....ငါရုတ်တရက်ပြောလိုက်တာပါ။ နောက်တစ်ခါကြုံရင် မမတို့ပွဲပြရင်ကြည့်မယ်လို့ ပြောတာပါ။ တဲ့....တဲ့”

“ကဲ....လာသွားဝယ်ကြမယ်၊ ဒီမှာ နေရာကောင်းရှာ”

သူတို့သွားဝယ်တော့ မင်းလမ်းဘေးနှင့် နှစ်ချပ်အကွာ အလယ်တန်းမှာရသည်။

“နည်းနည်းလေးနောက်ကျသွားတယ်”

ထို့နောက် ဗျာနေရာကြည့်ကာ အပြင်သို့ထွက်လာခဲ့သည်။

ရုံဝင်လက်မှတ်ကို ဇော်နိုင်ကသွားဝယ်လိုက်သည်။

“မမတို့က ရုံထဲမှာစားဖို့ စားစရာဝယ်ပေးမယ်၊ မောင်လေးတို့ မဝယ်နဲ့တော့”

“မမတို့ ပိုက်ဆံလုံးဝမထုတ်နဲ့ ဒီညအတွက် ကျွန်တော်တို့ပဲ အကုန်အကျခံမယ်”

“အင်း....မင်းတို့ သဘောပါပဲကွယ်”

ဝင်းလွင်နှင့် မဇါတို့ စကားအဖွဲ့ကျနေသလို၊ အေးမောင်နှင့် သိမ့်သိမ့်တို့လည်း ရောက်တက်ရာရာပြောဖြစ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

"ကဲ....အစ်မ၊ ဘုရားဈေးတန်းထဲလည်း မလျှည့်ချင်တော့ဘူး။ ပွဲပြချိန်လည်း လိုသေးတယ်၊ ဘုရားကုန်းတော်ပေါ်တက်ပြီး ဘုရားဖူးကြမလား"

"မောင်လေးတို့ပဲသွားပါ။ မမတို့ ပွဲရုံထဲကပဲ စောင့်မယ်"

"ဟုတ်တယ်၊ ကျွန်မတို့ ဘုရားပေါ်မတက်တော့ဘူး။ ဒီနားခဏလျှောက်ပြီး ပွဲရုံရှေ့ကပဲ စောင့်နေမယ်၊ လက်မှတ်ရုံနားလာခဲ့လေ"

"တာ...မမတို့ဘုရားပေါ်မတက်မှတော့၊ ကျွန်တော်တို့လည်း သွားမဖူးတော့ပါဘူး"

"သွားလေ၊ ဘုရားသွားဖူးကြ။ သိပ်ကြာမှာမှမဟုတ်တာ၊ တော်ကြာ မမတို့ကြောင့် ဘုရားမဖူးဖြစ်ဘူးဆိုတာမျိုး ဖြစ်နေဦးမယ်"

"မဖြစ်ပါဘူး။ ပြီးခဲ့တဲ့နှစ်ရက်က ဘုရားလာဖူးခဲ့သေးတယ်"

"ဘုရားပေါ် ကျွန်တော်တို့တက်ဖူးနေတုန်း လူစုကွဲသွားရင် ဒီလောက်လူများနေတာ ရှာဖို့မလွယ်တော့ဘူး။ ပွဲခင်းထဲမှာစားဖို့ မုန့်ဝယ်ရင်း ဈေးတန်းလျှောက်ကြရအောင်"


www.burmeseclassic.com

www.burmeseclassic.com


သို့ဖြင့် ရှစ်နာရီခွဲခန့်ရောက်သည်နှင့် ရုံအတွင်းဝင်ခဲ့သည်။ ဇာတ်ရုံအတွင်း လူတော်တော်များများရောက်နေပြီဖြစ်သည်။

ဖျာနှစ်ချပ်ဝယ်ထားသဖြင့် လူခြောက်ယောက် ချောင်ချောင်ချိချိထိုင်ကြရသည်။

ဝင်းလွင်ဘေးမှာမမကထိုင်ပြီး၊ မမ၏နောက်မှာ သိမ့်သိမ့်က ထိုင်သည်။ သိမ့်သိမ့်၏ဘေးတွင် အေးမောင်ကထိုင်သည်။ အေးမောင်က စကားနည်းလှသော သိမ့်သိမ့်ကို ပိုးပန်းနေသည်။

ဝင်းလွင်က သူ့ထက်နှစ်နှစ်ခန့်ပျကြီးမည် ထင်သည့် မမဝါကို ပိုးပန်းနေသည်။

သို့ကြောင့် လူရှင်တော်များ ပြက်လုံးပျက်သည့်အခါ ရယ်သင့်သည်ထက် ပိုရယ်မိကြသည်။ အပျော်များ သူတို့နှစ်ယောက်ကို ဖုံးလွှမ်းနေသည်။

ဝင်းလွင်က ရှေ့ကိုနည်းနည်း၊ ဘေးကိုများများကြည့်နေမိသည်။

ထို့အတူ အေးမောင်ကလည်း သိမ့်သိမ့်ကို မကြာခဏ


www.burmeseclassic.com

www.burmeseclassic.com

စိုက်ကြည့်နေသည်။

"ပွဲကိုကြည့်လေ၊ ဘာ့ကြောင့် ကျွန်မကိုပဲ ကြည့်နေရတာလဲ"

"ပွဲထဲက မင်းသမီးတွေထက် သိမ့်သိမ့်ကပိုလှလို့ပေါ့"

"သွားပါ.....အပိုစကားတွေ"

မမှကလည်း ဝင်းလွင်အားပွဲကို စိတ်ပါလက်ပါကြည့်ရန် ပြောရတဲ့အထိ သူတို့နှစ်ယောက်မမနှင့် သိမ့်သိမ့်ကို မျက်စေ့စားပွဲ ထိုင်နေမိကြသည် မဟုတ်ပါလား။

အနီးမှာရှိသောအဒေါ်ကြီးက လူငယ်များကိစ္စကို စိတ်ဝင်စားမှု မရှိသည့်အလား ကပွဲမှာသာ အာရုံစိုက်နေတော့သည်။

မိုးဝင်း၏ အော်ပရာကဏ္ဍ တင်ဆက်တော့မည်ဟု ကြေညာ လိုက်သည်နှင့်လက်ခုပ်သံ တဖြောင်းဖြောင်းဖြင့် ပွဲရုံအတွင်း ဆူညံသွားအောင် အားပေးကြသည်။

မိုးမိုး၊ မိုးမိုးနှင့် ခေတ်ကာလအမျိုးသမီးလေးများရော၊ မမလတ်၊ မမကြီးတို့တွေရော အသဲစွဲသည့် မင်းသားဖြစ်သည်။

မိုးဝင်း၏ အော်ပရာပြီးတော့၊ မိုးဝင်း၊ မိုးမင်းပဒေသာ ကပွဲ တင်ဆက်သည်။ ပွဲခင်းထဲသို့ မင်းသားလေးများက မြိုင်း



www.burmeseclassic.com

www.burmeseclassic.com


စည်းများ၊ သကြားလုံးများ ပစ်ကြသည်။

ပွဲခင်းထဲမှလည်း လိမ္မော်သီးများ၊ မုန့်ထုပ်များ ပစ်တင်ကြသည်။

ပဒေသာကပွဲပြီးသည်နှင့် စတိတ်ရှိုးပွဲစသည်။ မိုးမင်း၏နိုင်ငံခြားစံချိန်မီ မီးစလိုက်တို့နှင့် လှပသောစတိတ်ရှိုးကဏ္ဍရှိသည်ဆို၍ ပရိသတ်များရှုစိရှုစိဖြစ်နေကြသည်။

မင်းသားလတ်၊ ပြဇာတ်မင်းသား၊ မင်းသမီးများ တစ်ယောက်နှစ်ပုဒ်စီ စတိတ်ရှိုးသီးချင်းဆိုကြသည်။

အားလုံးပြီးတော့ အများမျှော်လင့်တောင်းတနေသည့် မိုးမင်းစတိတ်ရှိုးကဏ္ဍစတင်တော့သည်။

မိုးမင်း၏ စတိတ်ရှိုးက မီးအလှများ၊ ထူးခြားဆန်းပြားသော မိုးပျံစတိတ်စင်တို့ဖြင့် လှပစွာတင်ဆက်လေရာ ပွဲကြည့်လာသူအပေါင်း ကျေနပ်နှစ်သက်ကြသည်။

စတိတ်ရှိုးပြီးသည်နှင့် ပြဇာတ်မပြခင် ခေတ္တအနားပေးသည်။

ထိုအချိန်ပွဲရုံအတွင်းရှိ လူအချို့ အပေါ့အပါးသွားရန်လည်းကောင်း၊ စားစရာဝယ်ရန်လည်းကောင်း၊ ဇာတ်ရုံအပြင်သို့


www.burmeseclassic.com

www.burmeseclassic.com



ထွက်ကြသည်။

"ကဲ....မောင်လေးတို့ မိုးအလင်းကြည့်မယ်ဆိုလည်း ကြည့်နေခဲ့ကြတော့၊ အစ်မတို့ပြန်တော့မယ်"

"ဟင်....ပြဇာတ်တို့ နှစ်ပါးသွားတို့ မကြည့်တော့ဘူးလား"

"မကြည့်တော့ပါဘူး၊ ဘာမှ အားမနာနဲ့ဟုတ်လား၊ အစ်မတို့နေတဲ့နေရာက ဒီပွဲခင်းနဲ့သိပ်မဝေးတော့ အဖော်လိုက်စရာမလိုပါဘူး"

"အစ်မတို့က မကြည့်ဘူးဆိုမှတော့ ကျွန်တော်တို့လည်း မကြည့်တော့ပါဘူး။ အပြင်ထွက်ကြမယ်၊ ကျွန်တော်တို့ လိုက်ပို့မယ်"

သို့ဖြင့် အားလုံးဇာတ်ရုံအပြင်သို့ ထွက်လာကြသည်။ ဈေးသည်အချို့သိမ်းနေသည်။

"မမတို့ ဘာစားဦးမလဲ"

"မစားတော့ဘူး။ ပြန်တော့မယ်"

"မမတို့မစားမှတော့၊ ကျွန်တော်တို့လည်း ဈေးတန်းထဲ မဝင်တော့ပါဘူး။ မမတို့ကိုပဲ လိုက်ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com 

ဝင်းလွင်တို့လည်း မမတို့နေသောအိမ်ကို သိထားချင်သည့်အတွက် လိုက်ပို့ပေးရန်အတင်း ကြိုးစားနေကြသည်။

"အားနာစရာတော့ ကောင်းနေပါပြီ၊ မမတို့ သွားရဲပါတယ်ကွယ်"

"ကျွန်တော်တို့လည်းပြန်မှာပဲ၊ လိုက်ပို့ပေးပြီးမှပဲ ပြန်ပါ့မယ်"

မလိုက်နဲ့၊ လိုက်မယ်နဲ့ ပြောရင်းဆိုရင်း ဇာတ်စင်ကိုပတ်ပြီး ထွက်လာကြသည်။

မမတို့လျှောက်သွားရာနောက်သို့ ဝင်းလွင်တို့သုံးယောက် လိုက်ခဲ့ကြသည်။

ထိုသို့လျှောက်လာကြရာ ကျိုက္ကဆံဘုရားအနောက်တောင်ထောင့် ရှင်ယသသရဟန္တာသိမ်တော်နှင့် (၃၇) မင်းနတ်ရုပ်ထုများထားရာ အဆောင်ဘေးရှိ လမ်းသို့ရောက်လာကြသည်။

ထိုနေရာရောက်တော့ ဇော်နိုင်၊ ဝင်းလွင်၊ အေးမောင်တို့ မနေသာတော့။

"မမ ဒီလမ်းကဘယ်ကို ဖြတ်သွားလို့ ရလို့လဲ၊ လူသွားလူလာက မရှိဘူး၊



www.burmeseclassic.com

www.burmeseclassic.com



ဟို....ဟို၊ သချိုင်းသွားတဲ့ လမ်းကြီးမဟုတ်လား၊ ဟိုရှေ့မှာ အုတ်ဂူတွေကိုတောင်မြင်နေရပြီ"

"ဟုတ်တယ်လေ၊ အဲ့ဒီကိုပဲ အစ်မတို့သွားမှာ၊ ဒါ့ကြောင့် မလိုက်ခဲ့နဲ့လို့ပြောတာ၊

အခုလိုလိုက်ပို့ပေးလို့ ကျေးဇူးတင်ပါတယ်နော်၊ ချမ်းသာဇာတ်ဝင်ရင် အတူတူကြည့်ရအောင် ဟို(၃၇)မင်းနတ်တွေ ထားတဲ့ အဆောင်ဘေးကစောင့်၊ မမတို့လာခဲ့မယ်"

"ဟို........ဟို........မ.......မကြည့်တော့ပါဘူး၊ မမတို့က ဘာတွေလဲ"

"ငါ့မောင်တို့က ပွဲပြခဲ့တဲ့ကျေးဇူးရှိလို့ မမတို့အကြောင်း ပြောပြမယ်၊ အစ်မနာမည်က မဝါဆိုပေမယ့် အပြည့်အစုံ ကတော့ မဖဲဝါလေ၊ မဖဲဝါကြားဖူးလား"

"ဗျာ.....မဖဲဝါ၊

ဟာ.......သ........သရဲ....သရဲ.......မ........မ........ဖဲဝါ"

ဇော်နိုင်တို့သုံးယောက်လည်း နောက်ကြောင်းပြန်လှည့်ပြီး ခြေကုန်သုတ်ပြေးခဲ့လေတော့သည်။

အမျိုးသမီးသုံးယောက်လည်း ကျိုက္ကဆံသချိုင်းအတွင်း



www.burmeseclassic.com

www.burmeseclassic.com



သို့ တရွေ့ရွေ့ဝင်သွားလေပြီ၊

ဘုရားခြေတော်ရင်း ပြန်ရောက်လာကြသည်။

"ကဲ.....အိမ်ပြန်မလား၊ ပွဲခင်းထဲ ဝင်မလား"

"အမှောင်ထဲမှာ အိမ်မပြန်ရဲတော့ဘူးကွာ၊ ပွဲရုံထဲပဲ ဝင်တော့မယ်"

"တောက်.......၊ ဒါတို့အဖြစ်ကလည်း သရဲမတွေကိုမှ နောက်ပိုးပြီး လျှောက်လိုက်နေမိတယ်"

"ကံကောင်းလို့ သချိုင်းကဲ့အထိ အခေါ်မခံရတာယ်"

"သူတို့က မခေါ်ပါဘူးကွာ၊ ဒါတို့က ငမ်းကြောထပြီး လျှောက်လိုက်နေတာ"

ဘုရားပွဲလာကြည့်သော မပဲဝါတို့နဲ့မှ ဆိုက်ဆိုက် မြိုက်မြိုက်ကြုံခဲ့ရသော ဇော်နိုင်တို့ ဝင်းလွင်တို့လည်း နောက်ကို မိန်းကလေးမြင်တိုင်းလိုက်ငမ်းရန် လွယ်လွယ်နှင့်စဉ်းစားဝံ့တော့ မည် မဟုတ်ပါချေ။

(ယခု ကျိုက္ကဆံဘုရားရှေ့ကရပ်ကွက်ကို မြေနေရာ အစားပေးပြီး ရှင်းလင်းလိုက်သည့်အတွက် ဘုရားကြီးကို ရှင်း ရှင်းလင်းလင်း ဖူးတွေ့နိုင်မည်ဖြစ်သည်။ လယ်တီကျောင်းရှေ့က



www.burmeseclassic.com

www.burmeseclassic.com

လမ်းကြားလေးကိုလည်း ကားလမ်းအဖြစ် ဖောက်လိုက်ပြီး သက်နိုးကျွန်းဘုရားလမ်းနှင့် ဆက်လိုက်သည်။

ကျိုက္ကဆံသချိုင်းကိုလည်း ရှင်းလင်းရွှေ့ပြောင်းလိုက်ကာ ထိုနေရာမှာ စံပြဆေးရုံသစ်ကြီးအဖြစ်ထည်ဝါစွာ ပေါ်ပေါက်လာသည်။

အတိတ်ကအဖြစ်များသည် အတိတ်မှာကျန်ခဲ့လေပြီ)

◆ ◆ ◆ ◆ ◆

www.burmeseclassic.com

www.burmeseclassic.com

# မီးနေသည် သရဲမ

မိုးလေးကတစိမ့်စိမ့်ရွာနေသည်။ နယုန်လခန့်မှစ၍ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ နတ်တော်လအထိ ရေတို့ဖြင့် ဖုံးလွှမ်းနေသော ဇေါ မြို့ဇေါမြို့စွန်ရပ်ကွက်တစ်နေရာ...

ထိုရပ်ကွက်ရှိ အိမ်အတော်များများ လူ့အရပ်လက်ခုပ်တစ်ဖောင်ကျော် မြေတံရှည်အိမ်များဖြစ်သည်။ မိုးကျပြီ ဆိုသည်နှင့် ရေတို့ဖြင့်ပြည့်သွားသည်။

အများတွဲဇက် အ.လ.က မှာတာဝန်ကျသော ဆရာလေးကိုကြည်အောင်တစ်ယောက် အဝတ်အစားသေတ္တာတစ်လုံး၊ သင်ဖြူးဖျာကို ကျစ်ကျစ်လစ်လစ် ခေါက်ထားသော ဖျာခေါက်တစ်ထုပ်၊ လှေတစ်စင်းနှင့် ထိုရပ်ကွက်အတွင်းရှိ မြေတံ



www.burmeseclassic.com

www.burmeseclassic.com



ရှည်အိမ်ကြီးတစ်အိမ်သို့ရောက်လာသည်။

အချိန်က ဝါခေါင်လ၊ မိုးဦးကောင်းသဖြင့် ရပ်ကွက်တစ်ခုလုံးရေလွှမ်းနေပြီဖြစ်သည်။

သို့ကြောင့် တစ်အိမ်နှင့် တစ်အိမ် လှေများဖြင့်သာ ဆက်သွယ်သွားလာကြသည်။

မိုးရေနှင့် စစ်တောင်းတူးမြောင်းမှရေတို့ကြောင့်လည်း ရေမြုပ်ရခြင်းဖြစ်သည်။

ခြေတံရှည်အိမ်များအောက်မှ လှေများဖြတ်သွားဖြတ်လာအမြဲရှိနေသည်။

ရန်ကုန်မှ တာဝန်ကျရာရောက်ခဲ့ရသော ကိုကြည်အောင်၊ ဒေသနှင့် စိမ်းနေ၍ အထူးအဆန်းဖြစ်သော်လည်း ပျော်သလိုခံစားရသည်။

အိမ်ကြီးကလည်း လေးပင်၊ သုံးခန်းတွဲ၊ ပျဉ်ထောင်သွပ်မိုးအိမ်ကြီးဖြစ်သည်။

မိးဗိုက အဆောင်ကပ်ဖြစ်သဖြင့်၊ သူတစ်ယောက်တည်းအတွက် အလွန်ကျယ်လှသည်။

အိမ်ရှင်များက မြို့နှင့်ဝေးလံသောနေရာမှာ လာယ်ရှိသည့်



www.burmeseclassic.com

www.burmeseclassic.com


အတွက် စပါးစိုက်၊ ကိုင်းစိုက်၊ အချိန်လုလုပ်ရသဖြင့် အိမ်ကိုသော့ ပိတ်ပြီး လယ်ကွင်းရှိရာသို့ တစ်နှစ်ပတ်လုံးနီးပါးသွားနေရသည်။

အိမ်ကြီးကို လူမရှိဘဲ ပစ်ထားရသည့်အတွက် လူငှား တင်ထားရန်ဆုံးဖြတ်ပြီး ယခုကဲ့သို့ ဆရာလေး ကိုကြည်အောင် ကို ငှားရမ်းခဲ့ခြင်းဖြစ်သည်။

ကိုကြည်အောင်ရောက်ပြီး တစ်လခန့်အကြာမှာ ဖေါ် မြို့နယ် ပါတီယူနစ်ရုံးမှ ကိုကျော်နိုင်၊ ကိုဝင်းဖော်တို့ပါ သုံးဦးစပ် ၍ ငှားရမ်းရောက်လာသည်။

ကိုကြည်အောင်က အိမ်ကြီးကျယ်လွန်းသည့်အတွက် ရှေ့က ကြိုရောက်နှင့်ပြီးသော ဆွေမျိုးလည်းတော်သည့် ဝမ်းကွဲ အစ်ကိုများကို ရုံးမှာမနေဘဲ သူနှင့်အတူငှားရမ်းနေထိုင်ရန် ခေါ် လိုက်သည်။

သို့ကြောင့် ထိုအိမ်ကြီးသို့ ကိုကျော်နိုင်နှင့် ကိုဝင်းဖော် တို့ရောက်လာကြခြင်းဖြစ်သည်။

သူတို့အားလုံးထိုအိမ်ကြီး၏ တိတ်ဆိတ်မှု၊ ကျယ်ဝန်းမှု တို့ကြောင့် သဘောကျနေကြသည်။

ထို့အပြင် အိမ်အောက်မှာပြည့်နေသောရေတွေကြောင့်


www.burmeseclassic.com

www.burmeseclassic.com

လည်း လေကောင်းလေသန့်ရကာ သူတို့စိတ်ကြည်လင်ချမ်းမြေ့မှုဖြစ်ရသည်။

ပြီးတော့ တစ်အိမ်နှင့်တစ်အိမ် အနည်းငယ်ကွာလှမ်းသလို ခြံစည်းရိုးများလည်းမရှိသဖြင့် လှေနှင့် သွားလိုရာသွားနိုင်သည်။

သူတို့ အိမ်အောက်မှာ လိုသလိုသုံးရန် လှေတစ်စင်းရှိနေသည်။

"တောက်.....ရုံးပိတ်တဲ့နေ့ကျရင် လှေလိုက်စီးရင်း အရက်သောက်ရမယ်"

ကိုကျော်နိုင်က လှေကိုကြည့်ပြီး သဘောအကျကြီးကျနေသည်။

❖ ❖ ❖

သူတို့ အိမ်ကြီးပေါ်ရောက်၍ တစ်လ၊ နှစ်လခန့်အထိ ထူးခြားမှုမရှိ၊ အေးချမ်းတိတ်ဆိတ်နေသည်။

ထို့နောက်တော့ ငြိမ်သက်နေသည့်လောကကြီး တဖြည်းဖြည်းသက်ဝင်လှုပ်ရှားလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

လည်း လေကောင်းလေသန့်ရကာ သူတို့စိတ်ကြည်လင်ချမ်းမြေ့မှုဖြစ်ရသည်။

ပြီးတော့ တစ်အိမ်နှင့်တစ်အိမ် အနည်းငယ်ကွာလှမ်းသလို ခြံစည်းရိုးများလည်းမရှိသဖြင့် လေ့နှင့် သွားလိုရာသွားနိုင်သည်။

သူတို့ အိမ်အောက်မှာ လိုသလိုသုံးရန် လှေတစ်စင်းရှိနေသည်။

"တောက်.....ရုံးပိတ်တဲ့နေ့ကျရင် လှေလိုက်စီးရင်း အရက်သောက်ရမယ်"

ကိုကျော်နိုင်က လှေကိုကြည့်ပြီး သဘောအကျကြီးကျနေသည်။

❖ ❖ ❖

သူတို့ အိမ်ကြီးပေါ်ရောက်၍ တစ်လ၊ နှစ်လခန့်အထိ ထူးခြားမှုမရှိ၊ အေးချမ်းတိတ်ဆိတ်နေသည်။

ထို့နောက်တော့ ငြိမ်သက်နေသည့်လောကကြီး တဖြည်းဖြည်းသက်ဝင်လှုပ်ရှားလာတော့သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်မည်သူမှ လာမစမ်းတော့။

ထိုနေ့က ကိုကျော်နိုင်တို့၊ ကိုဝင်းဇော်တို့ ပါတီစည်းရုံးရေးကိစ္စနှင့် ညအိပ်ခရီးထွက်နေသဖြင့် အိမ်မှာမရှိ၊

နောက်ရက် ကိုကျော်နိုင်နှင့် ကိုဝင်းဇော်တို့ ရုံးကပြန်ရောက်ပြီး ရေနွေးကြမ်းထိုင်သောက်ရင်း သရဲလာစမ်းသည့်အကြောင်း ကိုကြည်အောင်ကပြောပြသည်။

"ရှိမယ်ဆိုလည်း ရှိနိုင်တာပေါ့၊ မင်းမရောက်ခင်က ဒီအိမ်ကြီးကို လူမရှိဘဲ ဒီအတိုင်းပစ်ထားတာဆို"

"ဟုတ်တယ်၊ ဘယ်သူမှမငှားရသေးဘူး"

"လူမနေတဲ့အိမ်တွေမှာ နာနာဘာဝတွေ ဝင်နေတတ်တာပဲ၊ အခု ဒီတို့ရောက်လာတော့ သူလည်းအဖော်ရလို့ သူရှိကြောင်း အသိပေးတာဖြစ်မယ်"

"ဒီသရဲက သရဲမဖြစ်နိုင်တယ်"

"ဘာဆိုင်လို့လဲ ဝင်းဇော်ရ"

ဝင်းဇော်စကားကြောင့် ကိုကျော်နိုင်က မေးခွန်းပြန်ထုတ်သည်။

"ပြောပါဦး၊ ရှင်းပါဦး၊ မင်းစကားကို"



www.burmeseclassic.com

www.burmeseclassic.com

"ဟာ.....ဟိုကောင်ကြည်အောင်ကို လာစမ်းတာကြည့်ပါလား၊ သရဲမမို့ အခုလိုစမ်းတာပေါ့"

"ဘာဆိုင်လို့လဲ၊ အိမ်မှာရှိတာမှ ယောကျာ်းသုံးယောက်ရှိတာ၊ မိန်းမရှိတာမှ မဟုတ်တဲ့"

"အင်း....သရဲရှိတယ်ဆိုတော့လည်း အနေအထိုင်၊ အစားအသောက် သတိထားကြပေါ့ကွာ"

သူတို့ကအိမ်မှာ ထမင်းတစ်အိုးနှင့် ဝါးပိရည်တစ်အိုးသာလျှင် တည်ထားသည်။

အပြင်ကပြန်လာလျှင် ကိုယ်ကြိုက်တဲ့ဟင်း၊ ကိုယ်ဝယ်လာပြီး စားကြသည်။

ထမင်းတစ်အိုးနှင့် ဝါးပိရည်တစ်အိုးကို အရင်ရောက်နှင့်သော ဆရာလေးကိုကြည်အောင်က မညည်းမညူတည်ထားပေးသည်။ ဆန်ကို သုံးယောက်မတည်ထည့်ဝင်ငွေနှင့် ဝယ်ထားသည်။

တစ်ဦးနှင့် တစ်ဦး၊ ရုံးပြန်ချိန်၊ ကျောင်းပြန်ချိန်မတူသဖြင့် စောင့်ပြီးမစားကြ၊

စနေ၊ တနင်္ဂနွေလို နေ့များဆိုလျှင် အားလုံးစုပေါင်းချက်


www.burmeseclassic.com

www.burmeseclassic.com


စားကြသည်။

တကယ်တော့ သူတို့မသိသေးသည့် အိမ်ကြီးမိသားစု၏ နောက်ကြောင်းကရှိနေခဲ့ပါသည်။

ကျောင်းဆရာလေး ဤအိမ်ကြီးသို့မရောက်ခင် ရှေ့ခြောက်လမတိုင်ခင်အထိ ဤအိမ်ကြီးမှာလင်မယားနှစ်ယောက် ရှိနေခဲ့ပါသည်။

ထိုဇနီးမောင်နှံက ဤအိမ်ကြီးကိုပိုင်ဆိုင်သော လင်မယား၏ သမီးနှင့် သားမက်တို့ဖြစ်ကြသည်။

ကုန်သွယ်လယ်ယာမှာ တာဝန်ထမ်းဆောင်နေသော၊ ကိုလှမျိုးနှင့် ဤအိမ်ကြီးမှ မလှနုတို့ချစ်ကြိုက်သွယ်မိခဲ့ကြသည်။ လူကြီးများက သဘောတူသဖြင့် ပြီးခဲ့သောနှစ်က လက်ထပ်ခဲ့ကြသည်။

ထိုလင်မယားကို အိမ်မှာထားပြီး၊ လူကြီးများက လယ်ကွင်းထဲသို့ပြောင်းသွားကြသည်။

ကိုလှမျိုးအလုပ်က ဝေါမြို့ပေါ်မှာပင်ရှိသည်မို့ ဤအိမ်ကြီးမှာအဆင်ပြေပြေနေခဲ့ရသည်။

ရက်မှသည် လချိုပြီး နှစ်သို့ပင်တိုင်ခဲ့သည်။ မလှနု ကိုယ်


www.burmeseclassic.com

www.burmeseclassic.com


ဝန်ရပြီး လရင့်လာသည်။

မွေးဖွားရန်နီးသည်နှင့် မိခင်က သမီးကိုယ်ဝန်ကိုစောင့်ရန် တစ်လကြိုပြီး အိမ်သို့ပြန်ရောက်လာသည်။

ယောက်ျားဖြစ်သူ အလုပ်သွားသောနေ့မှာ ဗိုက်ကနာလာသည်။

သို့ကြောင့် အနီးပတ်ဝန်းကျင်မှလူများကိုခေါ်ပြီး မီးဖွားရန်ပြင်ဆင်သည်။

ကိုယ်ဝန်သည်အိမ်မှာရှိသော်လည်း ယောက္ခမဖြစ်သူ အိမ်မှာလာစောင့်ပေးသဖြင့် ကိုလှမျိုးအလုပ်မှာ စိတ်အေးလက်အေးလုပ်နေသည်။

ထိုအချိန် အိမ်တွင်ကျန်ခဲ့သောဇနီးသည်မှာ ဗိုက်နာနေသည်။

မလှနုမိခင်က ရှေးဆန်သောလူတစ်ယောက်ဖြစ်သဖြင့် ဆေးရုံ ဆေးခန်းကို အားမကိုး၊ လက်သည်ကိုသာ အားကိုးယုံကြည်သည်။ သို့ကြောင့် မလှနုဗိုက်နာသည်နှင့် သူတို့အနီးပတ်ဝန်းကျင်လက်သုံး လက်သည်ခေါ်အေးပုအား သွားခေါ်ထားလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



မွေးချိန်ရောက်တော့ ခက်ခဲစွာမွေးရသည်။

ကလေးက ထွက်ရမည့်အချိန်မထွက်၊

အပြင်ကဘာယ်လိုပင် ဆွဲထုတ်၊ ဆွဲထုတ် ထွက်မလာ၊ မိခင်လည်း အလွန်ပင်ပန်းနေပြီ၊ ညှစ်အားမရှိတော့၊

မကြာခင်ကလေးမှာ အပြင်လောကသို့ရောက်ပြီး အူဝဲသံပင်မပြုနိုင်ဘဲ အသက်ထွက်သွားသည်။

ကလေးအသက်မရှိတော့ကြောင်း တစ်စွန်းတစ်စကြားလိုက်ရသော မလှနုသည်သွေးတက်ပြီးခဏအတွင်း ဆုံးပါးသွားရတော့သည်။

ကိုလှမျိုးလည်း ဆေးရုံမတင်သော ယောက္ခမကိုစိတ်ထဲက မကြည်လင်၊ သူ့ကိုလည်း အကြောင်းမကြား၊ သူသာသိလျှင် မြို့နယ်ဆေးရုံသို့ မဖြစ်ဖြစ်တဲ့နည်းဖြင့်တင်၍ ကလေးကိုမွေးစေမည်။

ယခု ယောက္ခမကြောင့် ဇနီးနှင့်ကလေး အသက်ဆုံးရသည်ဟု ယူဆထား၍ ရက်လည်ပြီးသည်နှင့် အိမ်ကြီးမှာမနေတော့ဘဲ လုပ်ငန်းပြောင်းရွှေ့လာတင်ပြီး ဒိုက်ဦးသို့ ပြောင်းသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ပြာသိုလမှာ မလှနုဆုံးပြီး ခြောက်လခန့်အိမ်ကြီးမှာ လူမရှိခဲ့၊

ထိုလူမနေသော အိမ်ကြီးသို့ ဝါခေါင်လရောက်တော့ ကျောင်းဆရာလေးကိုကြည်အောင် ရောက်လာခဲ့သည်။

❖ ❖ ❖

ယခု တိတ်ဆိတ်ငြိမ်သက်အေးချမ်းလှပါသည်ဆိုသော အိမ်ကြီးမှာ အစိမ်းသေ သေခဲ့သော မီးနေသည်သရဲမက၊ မကျွတ်မလွတ်ဘဲ နှောက်ယှက်စပြုလာသည်။

အကြီးအကျယ်တော့ ခြောက်လှန့်ခြင်းမပြု၊

ထိုသရဲမက အိမ်ကြီးမှာယောကျ်ားများ လာနေသည်ကိုနှစ်သက်သလိုရှိသည်။

အကြောင်းက၊ ကိုကြည်အောင်တို့သုံးယောက် အိမ်ကြီးပေါ်ရောက်လာခင် သာမန်အပြုအမူလေးဖြင့်သာ သရဲရှိကြောင်း သိစေရုံတင် ခြောက်လှန့်သည်။

တစ်နေ့ ကိုဝင်းဇော်ရှိရာသို့ ရန်ကုန်မှဇနီးနှင့် ယောကျ်ားကြီးတို့ လာလည်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဝေါမှပြန်လျှင် ငါးပိ၊ ငါးခြောက်ဝယ်ရန် ရည်ရွယ်ချက်နှင့် သားအမိနှစ်ယောက်လိုက်လာခြင်းဖြစ်သည်။

အိမ်ကြီးမှာ အခန်းလွတ်များရှိသည့်အတွက် သားအမိ နှစ်ယောက်အား အိပ်ခန်းတစ်ခန်းတွင် နေရာချပေးလိုက်သည်။

ဝေါတွင် တစ်ပတ်ခန့်နေမည်။ ငါးခြောက်ကို စိတ်ကြိုက် ရွေးဝယ်မည်၊ အိမ်သားအားလုံးအတွက် အိမ်မှာပင်ချက်ကျွေး မည်။

ဟင်းစားက အိမ်ပေါ်မှပင်ငါးမျိုးစုံ၊ ဟင်းသီးဟင်းရွက်၊ အမဲသား၊ ဝက်သား၊ ကြက်သား ဝယ်စားလို့ရသည်။

အကြောင်းက ဈေးသည်ပေါင်းစုံလှေများဖြင့် ရပ်ကွက် အတွင်း လှည့်လည်ရောင်းချနေ၍ဖြစ်သည်။

သို့ကြောင့် မနက်မိုးလင်းသည်နှင့် ကောက်ညှင်းပေါင်း၊ ပဲပြုတ်သည်တို့ လှေများဖြင့်လှည့်လည်ရောင်းချသံကြောင့် ပဲပြုတ်ဝယ်ကာ ထမင်းကြော်၊ ရေနွေး၊ ငါးခြောက်တို့ဖြင့် မနက် စာစားပြီး ရုံးသွားနိုင်ကြသည်။

နေ့ခင်းရောက်တော့ရုံးမှပြန်ပြီး၊ အိမ်မှအသားဟင်းနှင့် စားကြရသည်။ သူတို့အားလုံးအဆင်ပြေနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com


တစ်ရက်မှသည် နှစ်ရက်၊ အစီစဉ်ကျနေသည်။

တစ်ပတ်ခန့် ဝင်းဇော်ယောက္ခမနှင့် ဇနီးတို့မပြန်ခင် အုတ်ိ ဦးမည်ဟုတွေးကာ အားလုံးဝမ်းသာနေကြသည်။

"အမေ၊ သမီးမနက်ကအိပ်ရာထတော့ အခန်းဝမှာအမျိုးသမီးတစ်ယောက်ရပ်ကြည့်နေတာ တွေ့လိုက်တယ်"

"သမီးစိတ်ထင်လို့ဖြစ်မှာပါ"

"သမီးကတော့ တကယ်တွေ့လိုက်တာပဲ၊ နောက်တွေ့ရင် အမေ့ကိုပြမယ်"

ကိုဝင်းဇော်တို့ နေ့လည်စာစားပြီးရုံးသွားကြပြီ၊ အားလုံးသိမ်းဆည်းပြီးသည်နှင့် ကိုဝင်းဇော်ဇနီး မခင်မြလည်း အခန်းထဲဝင်ပြီး တစ်ရေးတစ်မောအိပ်ရန် တုံးလုံးလှဲလိုက်သည်။

မိခင်ဖြစ်သူက အိမ်ရှေ့မှာဝယ်ထားသော ငါးခြောက်များကို အကြီးအသေးရွေးနေသည်။

မခင်မြမှေးခနဲ အိပ်ပျော်သွားရုံရှိသေးသည်။ တစ်ယောက်ယောက်က ခါးကိုကလိထိုးနေသည်။

"ဟား...ဟား၊ ဟိ....ဟိ....မ...မလုပ်နဲ့...."

"ယားတယ်...မလုပ်နဲ့..."



www.burmeseclassic.com

www.burmeseclassic.com

“ဟား...ဟား...ဟီး....ဟီး....အူး...”

ကလိထိုးနေသည်ကို မရပ်သဖြင့် မခင်မြတွန့်လိမ် ကောက်ကွေးနေသည်။

ရယ်ရလွန်း၍ အူပင်တက်မတတ်ဖြစ်နေသည်။

“ဟဲ့....ဟဲ့၊ ဘာဖြစ်နေတာလဲ၊ ခင်မြ....ခင်မြ၊ စာအုပ်တွေ ဖတ်ပြီး ရယ်နေတာလား၊ တကတည်း ဣန္ဒြေကိုမရှိဘူး၊ တိုးတိုး တိတ်တိတ်ရယ်ပါလား”

အပြင်မှ ဒေါ်ထွေးအော်လိုက်သံကြားမှ ကလိထိုးခြင်း ရပ်သွားသည်။

မခင်မြ အခန်းထဲမှပြေးထွက်လာသည်။

“ဟဲ့၊ ဘာဖြစ်လာတာလဲ...”

သရဲ.....သရဲ...သရဲအခန်းထဲမှာရှိတယ်”

“ဘယ်မှာလဲ...သရဲက...”

“ကျွန်မမှေးခနဲ အိပ်ပျော်ရုံပဲရှိသေးတယ်၊ ကလိလာ ထိုးနေတယ်”

“ဒါက ဟာသဝတ္ထုဖတ်ပြီး ရယ်နေတယ်မှတ်လို့”

“ကျွန်မက မလုပ်ဖို့ပြောပေမယ့် လူမတွေ့ရဘဲကလိ


www.burmeseclassic.com

ကိုတအားထိုးနေတာ၊ ကြာရင် အူတက်ပြီးသေနိုင်တယ်၊ အမေ့အသံကြားလို့ ကလိအထိုးရပ်သွားတာ"

"ဘယ်မှာလဲသရဲ၊ နေ့ခင်းကြောင်တောင်ကြီး"

ထိုသို့ပြောအပြီး သားအမိနှစ်ယောက် သူတို့အိပ်သည့် အခန်းသို့ လှည့်ကြည့်လိုက်စဉ်၊ အခန်းဝလိုက်ကာကိုဆွဲဖယ်ပြီး၊ ဆံပင်ဖားလျားချအမျိုးသမီးတစ်ယောက်ဖော်ခေါင်း ပြူထွက်လာကာ သူတို့သားအမိနှစ်ယောက်ကို ပြုံးပြပါသည်။

"ဟင်...အဲ့ဒါသရဲပဲ၊ အခန်းထဲမှာသရဲရှိတယ်၊ အမေ သမီးတော့ ဒီအိမ်ကြီးမှာမနေတော့ဘူး၊ ပြန်တော့မယ်၊ အမေသမီးတို့ပြန်ကြမယ်"

"ဟဲ့၊ အခန်းထဲမှာ ငါတို့ရဲ့အဝတ်အစားအိတ်တွေ ရှိတယ်၊ ဘယ်လိုလုပ်ဝင်ယူကြမလဲ"

"သမီးနဲ့အမေ နှစ်ယောက်အတူသွားပြီး အခန်းထဲ ချောင်းကြည့်ကြမယ်"

"အိုတော်...ညည်းဟာညည်း သွားကြည့်၊ ငါတော့ မကြည့်ရဲပါဘူး"

"အမေက လူကြီးဖြစ်ပြီးကြောက်နေမှတော့ သမီးက



www.burmeseclassic.com

www.burmeseclassic.com


ပိုကြောက်တာပေါ့"

ထိုအချိန်မီးဖိုအတွင်းမှ အိုးခွက်ပန်းကန်သံများကြား လိုက်ရသည်။

သူတို့ လှမ်းကြည့်တော့၊ မီးဖိုအတွင်းမှာကျောပေးပြီး ရပ်နေသောသရဲမကို တွေ့လိုက်သည်။

သရဲမမီးဖိုအတွင်းရောက်နေကြောင်း သိလိုက်သဖြင့်

"လာ....အခန်းထဲသွားပြီး အဝတ်အစားတွေနဲ့ အိတ် တွေသွားယူကြမယ်"

သားအမိနှစ်ယောက် အခန်းတွင်းဝင်ပြီး၊ အဝတ်အစား များနှင့် အိတ်ကိုအပြင်သို့ ယူထုတ်ခဲ့သည်။

"ငါးပိ၊ ငါးခြောက်လည်းမဝယ်တော့ဘူး၊ ဒီဝယ်ထားတဲ့ ငါးခြောက်ပဲယူပြီး ပြန်တော့မယ်"

"ကဲ....အားလုံးထည့်၊ ဝင်းဇော်တို့ရှိလိုက်သွားပြီး ငါတို့ ပြန်တော့မယ့်အကြောင်း ပြောမှဖြစ်မယ်"

"ကျွန်မတို့ကို သရဲမကခြောက်ပြီး၊ သူတို့ကို မခြောက် ဘူးလား"

"အေး...သရဲခြောက်တယ်ဆိုတဲ့အကြောင်း ပြောသိမ


www.burmeseclassic.com

www.burmeseclassic.com


ကြားရဘူး"

"ကျွန်မတို့ကြောက်မှာစိုးလို့ မပြောတာများလား"

"မသိတော့ပါဘူးအေ၊ ကဲပြီးပြီဆို သွားကြစို့"

ဒေါ်ထွေးတို့ သားအမိလည်း ကိုဝင်းဇော်တို့ရုံးသို့ လိုက်သွားကြသည်။

"ဘယ်လိုဖြစ်လာကြတာလဲ၊ တစ်ပတ်နေဦးမယ်ဆို"

"နင်တို့အိမ်မှာ ငါတို့တစ်ညကုန်အောင် မနေဝံ့တော့ဘူး"

"ဘာဖြစ်လို့လဲ"

"နင်တို့အိမ်က သရဲခြောက်တယ်"

"သရဲမရှိပါဘူး"

"ရှိတယ်၊ သရဲမတစ်ကောင် လူပုံပါပြတယ်"

"ဟုတ်လို့လား မိန်းမရယ်"

"ဟုတ်တယ်၊ ရှိတယ်၊ ရှင်တို့စားသောက်ပြီး ပြန်သွားတော့ စားပြီးသားပန်းကန်တွေ သိမ်းဆည်းပြီး အိပ်မလို့အခန်းထဲဝင်၊ အိပ်ရာပေါ်တုံးလုံးလှဲနေတုန်း ကလိထိုးတာမှ မအိပ်နိုင်အောင်ဘဲ၊ တော်ပါပြီ ပြန်တော့မယ်၊



www.burmeseclassic.com

www.burmeseclassic.com

ကားဂိတ်လိုက်ပို့ပေးဦး၊ ကိုကျော်နိုင် ရုံးမှာမရှိဘူးလား"

"ဘုရားကြီးဘက် ဆင်းသွားတယ်၊ ညနေလေးနာရီလောက်မှ ပြန်ရောက်လိမ့်မယ်၊

ကိုကျော်နိုင်ကို အစ်ကိုပဲပြောလိုက်မယ်၊ ဒီအချိန် ကားကတော့ရှိသေးတယ်၊ နေရာရ မရတော့မသေချာဘူး"

"ရတယ်၊ နေရာရဖို့က အကြောင်းမဟုတ်ဘူး၊ ရန်ကုန်ပြန်ဖြစ်ဖို့ပဲ"

"ရထားကလည်း ဘူတာဝင်ပြီးသွားပြီ၊ ကဲ...လာ သွားကြမယ်"

ကားဂိတ်က ရုံးနှင့်သိပ်မဝေး၊ ရုံးရှေ့က တားစီးလျှင်လည်းရသည်။

မုတ္တမ–ရန်ကုန်ကားက ဟိုင်းလတ်ကားများသာ တစ်နေ့လုံးပြေးဆွဲသည်။

ကားကြီးများက နေ့ခင်းဆိုလျှင်မရှိတော့၊

မကြာခင် မုတ္တမမှ ဟိုင်းလတ်ကားတစ်စီး ဝင်လာသည်။ သားအမိနှစ်ယောက်လုံး အလယ်ခုံမှာထိုင်ရသည်။

ကားထွက်သွားသည်နှင့် ကိုဝင်းဇော်ရုံးသို့ ပြန်လာခဲ့



www.burmeseclassic.com

www.burmeseclassic.com

သည်။

ညနေလေးနာရီခွဲ ရုံးဆင်းတော့၊ ကိုကျော်နိုင်မရောက်သေးသဖြင့် ကိုဝင်းဇော်တစ်ယောက်တည်း ပြန်လာခဲ့သည်။

ကိုဝင်းဇော်အိမ်သို့ပြန်ရောက်တော့ ဆရာလေးကိုကြည်အောင်ရောက်နေပြီဖြစ်သည်။

"ကိုဝင်းဇော်၊ ခင်ဗျားအဒေမနဲ့ ခင်ဗျားမိန်းမ အိမ်မှာမတွေ့ပါလား"

"ညနေ နှစ်နာရီကားနဲ့ ရန်ကုန်ပြန်သွားကြပြီ"

"ဟာ...ခင်ဗျားပြောတော့ တစ်ပတ်လောက်နေဦးမယ်ဆို"

"ဟုတ်တယ်၊ တစ်ပတ်လောက်နေမယ်ဆိုပြီး လာကြတာပဲ၊ နေ့ခင်းက ဒီအိမ်မှာအိပ်နေတုန်း အိပ်ခန်းထဲမှာ သရဲမတစ်ကောင်က မနေနိုင်အောင်ခြောက်လှန့်လွှတ်လိုက်လို့တဲ့၊ မနေရဲတော့ဘူး၊ ပြန်မယ်ဆိုပြီး ရုံးရောက်လာလို့ ကားပေါ်တင်ပေးလိုက်တယ်"

"ဟုတ်လို့လားဗျာ၊ ကျုပ်တို့နေတာပဲ နှစ်လကျော်သုံးလထဲ ဝင်နေပြီ၊ ခင်ဗျားနဲ့ ကိုကျော်နိုင်ရောက်တာ တစ်လကျော်


www.burmeseclassic.com

www.burmeseclassic.com

သွားပြီ၊ သရဲအခြောက်ခံရဘူးလို့လား”

“မင်းကို လာစမ်းသေးတယ်ဆို”

“အဲဒီတစ်ကြိမ်တည်း။ နောက်မှ ထပ်မဖြစ်တာ၊ ကျုပ်စိတ်ထဲမတင်မကျ ဖြစ်နေတာ၊

သရဲတော့ ရှိချင်ရှိလိမ့်မယ်၊ ဒီလိုလည်းဖြစ်နိုင်တယ်၊ သရဲမက ငါတို့ယောက်ျားလေးတွေကို မခြောက်ဘဲ၊ အမျိုးသမီးတွေ လာလို့ မနေနိုင်အောင်ခြောက်လွှတ်လိုက်တာများလား”

“ဟုတ်နိုင်တယ်၊ ဒီအတိုင်းဆို ထူးခြားတာတော့ အမှန်ပဲ၊

ကျုပ်တို့ဖြင့် သရဲရှိမှန်းတောင် မသိပါဘူး”

“တောက်.....ဒီသရဲမကြောင့်၊ ငါ့မိန်းမနဲ့ ငါ၊ စကားတောင် ဝအောင်မပြောလိုက်ရဘူး။ သရဲမနဲ့ ငါ တွေ့ချင်စမ်းတယ်”

“ဟာ...ကိုဝင်းဖေ၊ ခင်ဗျားပါးစပ်က ကြမ်းတမ်းတဲ့စကားတွေ မပြောနဲ့လေ၊ တော်ကြာသရဲမ မကျေနပ်လို့ ဟုတ်ပေ့ဖြစ်နေဦးမယ်”

“တကယ်ပြောတာကြည့်အောင်၊ သူတို့ တစ်ပတ်လောက်နေမယ်ဆိုလို့ ဟုတ်တိပတ်တိ စကားမပြောရသေးဘူး”


www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျား အဲဒါကြောင့်မဟုတ်ပါဘူး၊ တခြားကိစ္စလည်း ရှိသေးတယ်မဟုတ်လား"

"အလုံးစုံပေါ့ကွာ"

"ဟား...ဟား...ဟား..."

❖ ❖ ❖

စနေနေ့ ရုံးပိတ်၊ ကျောင်းပိတ်ရက်ဖြစ်၍ ကိုဝင်းဇော်က ဝမ်းနှုတ်ဆေးစားလိုက်သည်။ ကိုကြည်အောင်က မိဘ၊ ဆရာအစည်းအဝေးရှိသဖြင့် ကျောင်းသို့သွားရသည်။

အိမ်မှာ ကိုဝင်းဇော်နှင့် ကိုကျော်နိုင်တို့ ကျန်ရစ်ခဲ့သည်။

နေ့ နှစ်နာရီခန့်၊ ရုံးမှ ကိုကျော်နိုင့် သူငယ်ချင်းနှစ်ယောက် (အာမီ)ရမ် တစ်ပုလင်း၊ မြည်းစရာအစားအသောက် အချို့ယူ၍ အိမ်သို့ရောက်လာကြသည်။

လှေတစ်စီးနှင့် အစုန်အဆန်လှော်ခတ်ကာ၊ အရက်သောက်ရင်းစည်းစိမ်ခံနေကြသည်။

ကိုဝင်းဇော်က ထိုနေ့မှဝမ်းနှုတ်ဆေးစားထားမိ၍ လှေစီးပြီး အပျော်မကျူးနိုင်တော့၊



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန် ဝမ်းနှစ်ခါသွားထားပြီးဖြစ်၍ အိပ်ရာပေါ်
တုံးလုံးလှဲကာ အကြောအခြင်ပြေအောင် အနားယူနေသည်။

နာရီဝက်ခန့် အကြာမှာတော့ မှေးခနဲအိပ်ပျော်သွား
သည်။

သူ၏ ခြေထောက်ကို အေးစက်သောအရာတစ်ခုက
ဆုပ်ကိုင်လိုက်သည်ကို သိသဖြင့် မျက်လုံးများပွင့်လာခဲ့သည်။

"လွှတ်...လွှတ်၊ ငါ့ခြေထောက်ကို လွှတ်"

ခြေထောက်ကိုမလွှတ်ဘဲ ခြေရင်းသို့ဆယ်ပေခန့်မျှ ဆွဲ
ချသွားသည်။

ခြေရင်းကိုဆွဲသွားသော အေးစက်သည့်လက်များကို
လွှတ်မပေးဘဲ တစ်ဘက်အခြမ်းကို ဆွဲသွားပြန်သည်။

"လွှတ်....လွှတ်...လွှတ်စမ်း"

သရဲမက မလွှတ်၊

ချာလပတ်ရမ်းအောင် ဆွဲလှည့်နေပြန်သည်။

"ဟာ....ဟာ..."

"လွှတ်...လွှတ်..."

အားကုန်အော်ပြီး လွှတ်ခိုင်းမှ၊ ခြေထောက်နှစ်ချောင်း



www.burmeseclassic.com

www.burmeseclassic.com


ကိုဆွဲထားသောလက်ကို လွှတ်လိုက်သည်။

အကောင်လည်းမမြင်ရ၊ ခြေထောက်နှစ်ချောင်းကို ဆွဲထားသည်ကတော့ အေးစက်သောလက်ဖြစ်မှန်းသိသည်။

ထို့နောက် အကြောက်လွန်ပြီး ကိုဝင်းဇော်တစ်ယောက် မေ့နေတော့သည်။

ကိုဝင်းဇော်ဖြစ်ပြီးမကြာခင်မှာဘဲ ဆရာလေးကိုကြည် အောင်ပြန်ရောက်လာသည်။

ကိုဝင်းဇော်၏အဖြစ်ကိုမြင်ပြီး ဘာဖြစ်မှန်းတော့မသိ၊ ဖျာများ၊ ခေါင်းအုံးများ၊ စာအုပ်များ ပြန့်ကျဲနေသည်ကိုတွေ့သည်။

မည်ကဲ့သို့လုပ်လုပ် သတိမရလာသဖြင့်၊ အနီးအနားလူများကို အကူအညီတောင်းပြီး ဝေါ်မြို့နယ်ဆေးရုံသို့ ပို့လိုက်ရသည်။

ညနေ ငါးနာရီကျော်မှ ကိုဝင်းဇော်သတိပြန်ရလာသည်။

'သရဲ..သရဲ'ဟုသာ အော်နေပြီး၊ ဘာမှမေးမရ၊ မျက်လုံး ကြောင်တောင်နှင့် အော်ဟစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



ကိုဝင်းဇော်ဆေးရုံက ပြန်ဆင်းလာခဲ့သော်လည်း စကားမပြောကြောင်နေသည်။

သို့ကြောင့် ကိုဝင်းဇော်အား ရုံးမှခွင့်တစ်လခွဲ ပေးလိုက်သဖြင့် ရန်ကုန်သို့ပြန်ခေါ်သွားကြသည်။

ဆရာလေးကိုကြည်အောင်နှင့် ကိုကျော်နိုင်တို့လည်း အိမ်ကြီးကိုပြန်အပ်ကာ ဆရာလေးကိုကြည်အောင်က 'အဖျား' တွဲဖက် အ.လ.က ကျောင်းအနီး၊ 'အဖျား' ရွာမှာအိမ်ငှားပြီး ပြောင်းရွှေ့သွားသည်။

ကိုကျော်နိုင်က ရုံးမှပေးသောအခန်းမှာ ပြန်နေတော့သည်။

ထိုသည်နောက်မှာတော့ ထိုသရဲခြောက်သော အိမ်ကြီးမှာရှိသည့် သရဲမှာလည်း နောက်ထပ်ငှားရမ်းနေထိုင်လာသူများကို ဆက်လက်ခြောက်သည်၊ လှန့်သည်မသိတော့ချေ။ ။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# အပျော်အပျက်၏ နောက်ကွယ်

ဤဇာတ်လမ်းကို မရေးသားခင်၊ ဇာတ်လမ်း၏ရာဇဝင် ဇာတ်ကြောင်းလေး ပြောပြချင်ပါသေးသည်။

လွန်ခဲ့သော ဆယ်စုနှစ်ကျော်ကတည်းက (ဥဩသာ) ရွှေဇာမြေ၊ ရုပ်ပြကလောင်အမည်နှင့် ကိုယ်တိုင်ရေးဇာတ်လမ်းများဖြင့် ရုပ်ပြရေးခဲ့ပါသည်။

ထိုရုပ်ပြများထဲမှ ဇာတ်လမ်းနှစ်ပုဒ်ကို စိန်ငွေးဗွီဒီယိုမှ တမူခပေး ဝယ်ယူ၍ ပထမဇာတ်ကို၊ ကျော်ရဲအောင်၊ ခန့်စည်သူ၊ လှအဥ္စလီတင့်၊ ဒုတိယဇာတ်ကို လွင်မိုး၊ နန္ဒာလှိုင်၊ တာသလူရှင် တော်ပေါင်းစုံနှင့် နှစ်ကားလုံးကို ဒါရိုက်တာကျော်ဇောလင်းမှ ရိုက်ခဲ့သည်။

ဝိုးတာဝယ

www.burmeseclassic.com

www.burmeseclassic.com

ယခု ဒုတိယဇာတ်လမ်းကိုပင် ဒါရိုက်တာကျော်ဇောလင်း.မှ 'စံပါယ်မင်း' ဗွီဒီယိုလုပ်ငန်းအတွက် မင်းသားနန္ဒ၊ မိုးဇော်ကိုတို့ဖြင့် ရိုက်ကူးခဲ့ပါသည်။

ထိုကားကို 'အလွမ်းသတ္တရာဇ် ပန်းနှစ်ဖြစ်စေ' ဟု အမည်ပေးခဲ့ပါသည်။

စံပါယ်မင်းမှထွက်လာသော ဇာတ်လမ်းကို ထွက်ပြီး တစ်နှစ်ခွဲခန့်အကြာ (မြဝတီ၊ DOCUMENTARY) မှမြ၍ ဝတ္ထုဥသာ(ရွှေဇာမြေ)ကို မြင်မှ မိမိဇာတ်ဖြစ်မှန်းသိလိုက်သည်။ သို့ကြောင့်စုံစမ်းရာ၊ ဒါရိုက်တာက မင်းသားမှဇာတ်လမ်းပေး ရိုက်ခိုင်း၍ ရိုက်ရခြင်းဖြစ်ကြောင်း၊ မင်းသားကိုမေးကြည့်ရန် ပြောလာသည်။

မင်းသားကို စုံစမ်းရာ ရွှတင်မန်နေရှာကျော်သူ ဇာတ်လာရောင်း၍ နှစ်သိန်းနှင့်ဝယ်လိုက်ကြောင်း ပြောလာသည်။ ရွှတင်မန်နေရှာကျော်သူနှင့် သူ၊ အဆက်အသွယ် မရှိတော့ဟု ဆို၍ ဆက်သွယ်ရန်လမ်းစပျောက်သွားသည်။

သို့ဖြင့် နှစ်ကြိမ်မြောက် ဗွီဒီယိုဖြင့်အသက်သွင်းခဲ့သော ဇာတ်လမ်းကို အကျဉ်းချုပ်၍ ရေးသားလိုက်ခြင်းဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပြောင်အပျက်ပါသနာပါသူ၊ အရာရာအလေးအနက် မထားသူလူငယ်တစ်စု၊ သူတို့လူစုကိုမှ သံယောဇဉ်တွယ်မိသူ မိန်းကလေးမှာ ကြေကွဲဖွယ်ရာအဖြစ်အပျက်လေးတစ်ခုသာ ဖြစ်ပျက်ခဲ့ပါတော့သည်။

ဇာတ်လမ်းအစကား ဤသို့တည်း....

ဖြူဖြူ အသက်(၂၁) နှစ်၊ ကမ္ဘည်းရေးထိုးထားသော အုတ်ဂူပေါ် မျက်နှာအပ်ပြီး ဖြေမဆည်နိုင်ငိုကြွေးနေသူတစ်ယောက်၊

မိုးလင်းသည်နှင့် ဖြူဖြူ့အုတ်ဂူရှိရာ ရောက်လာပြီး သူ့ရဲ့မိုက်ပြစ်များကို ခွင့်လွှတ်ပါရန်၊ သူ့အား ဘယ်ဘဝရောက်ရောက် မမုန်းလိုက်ပါနဲ့ဟု အရူးကြီးသဖွယ် တတွတ်တွတ်ပြောရင်း ထမင်းမစား၊ ဟင်းမစား အချိန်တို့ကုန်လွန်ခဲ့သည်။

မိတ်ဆွေသူငယ်ချင်း၊ ဆွေမျိုးသားချင်းများက အတင်းလာရောက်ဆွဲခေါ်မှ အိမ်သို့ပြန်ပါသွားပြီး၊ လူလစ်သည်နှင့် အုတ်ဂူရှိရာသို့ ပြန်ရောက်နေပြန်သည်။

ဤကဲ့သို့ အချစ်အတွက် အရူးတစ်ပိုင်းနှယ်ဖြစ်ရသော အဓိကတရားခံက သူကိုယ်တိုင်ပင်မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အပျော်အပျက်ဆိုသောစကားက မိမိအတွက်ရယ်မောစရာဖြစ်ပေမယ့်၊ အခြားသူအတွက် ဝမ်းနည်းစရာ၊ ကြေကွဲစရာလည်း ဖြစ်နိုင်ပါသည်။ ယခုပျော်ချင်၊ ခြောက်ချင်၊ လှန့်ချင်၍ ဖန်တီးခဲ့သော လုပ်ကြံဇာတ်က မိမိအတွက်ပင်မက ဝန်းကျင်က လူများ၏ ရင်ကိုပါထိခိုက်ကြေကွဲစေခဲ့လေပြီ။

❖ ❖ ❖

"ဟော...ဉသသာကျောင်းလစ်ပြီး ရွာပြန်လာပြီ"

"လစ်လာတာမဟုတ်ပါဘူးကွာ၊ မင်းတို့ကို သတိရလို့ ကျောင်းပိတ်ပိတ်ချင်း ပြန်လာတာကွ"

"ငါတို့ပဲလား၊ မင်းရဲ့ ဖြူဖြူ ကိုရော သတိမရဘူးလား"

"ဟာ..ဒါကပထမဦးစားပေး၊ မိဘတွေက ဒုတိယဦးစားပေး၊ မင်းတို့က တတိယဦးစားပေး"

"ဒါများ ငါတို့ကိုသတိရလို့ဆိုပြီး နှံအိန်းပျိုးနေရသေးတယ်"

"အခု မင်းတို့နဲ့စတွေ့တာ၊ မင်းတို့ကိုသတိရတယ်ပြောမှ ငါ့ကို မင်းတို့လက်ဖက်ရည်တိုက်မှာ မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com


"ရွှတ်နောက်နောက်သောက်ကျင့်က အခုထိမပျောက်သေးဘူး"

"ငါကျောင်းမှာအဲဒီအကျင့်ကို မနည်းချိုးနှိမ်ထားရတာ၊ အခု မင်းတို့ကိုတွေ့မှ မျိုသိပ်ထားသမျှ ပွင့်ကုန်တာ၊

မင်းတို့ရွာမှာ အေးအေးဆေးဆေးပဲလား"

"ဆရာကြီးမရှိတော့ တပည့်တွေလည်း သိပ်တန်ရေးပြလို့ မဖြစ်ဘူး။ ဒီတောင် အရင်က အရှိန်အဝါလေးတွေကြောင့် ထစ်ကနဲဆို မျိုးလွင်တို့ သောင်းမြင့်တို့ မျိုးသိန်းတို့ မဟုတ်လား။ ဒီကောင်တွေ ယုံရတာမဟုတ်ဘူးဆိုပြီး မကြာခဏပြသနာရှင်းရတယ်၊

မင်းယောက္ခမလောင်းကြီးကဆို ငါတို့ကိုမြင်တာနဲ့ သူခိုးအကြီးစားတွေဆိုပြီး မျက်လုံးဒေါက်ထောက်ကြည့်နေတာ"

"ငါပြန်လာပြီလေ၊ ဒီအဘိုးကြီးနဲ့တွေ့မယ်၊ [illegible]ကိုလည်း ငါပြန်လာပြီဆိုတာ သတင်းပို့ရမယ်"

"သတင်းပို့စရာမလိုပါဘူးကွာ၊ ဥပုသ်၊ လပြည့်လကွယ်ဆိုရင် ဘုန်းကြီးကျောင်း ဆွမ်းအုပ်သွားပို့နေကျပဲ၊

သူ့ညီမနဲ့ဖြစ်ဖြစ်၊ သူ့အဒေါ်နဲ့ဖြစ်ဖြစ်၊ ဘုန်းကြီးကျောင်း

www.burmeseclassic.com

www.burmeseclassic.com

ဆွမ်းပို့နေကျ၊ မင်းစောင့်ပြီးတွေ့ပေါ့"

"မနက်ဖြန် လဆန်း(၈)ရက်၊ ဥပုသ်နေ့ပဲ၊ ဒီလက်ဖက်ရည်ဆိုင်က ထိုင်စောင့်၊ သူတို့လာရင် မင်းလိုက်သွားပေါ့"

ဖြူဖြူနှင့် ဥသာက ပြီးခဲ့သောနှစ်၊ ကျောင်းပိတ်၍ပြန်လာစဉ်အခြေရခဲ့၍ ချစ်သူအဖြစ်အဆင့်တက်ခဲ့သော်လည်း...၊

အရာရာကိုအလေးအနက်မထားသော ဥသာတို့အုပ်စုအား ကြည့်မရသည့် ဖြူဖြူ့ဖခင်ကြီးကြောင့် ချစ်သူနှစ်ဦး လွတ်လွတ်လပ်လပ် တွေ့ဆုံခွင့်မရခဲ့။

ထို့ပြင် သူတို့အုပ်စုက ဝိုင်းဝန်းနောက်ပြောင်ကျီစယ်ခြင်းအခံရဆုံးဖြစ်သည့် သူတို့ရပ်ကွက်သား ကျပ်မပြည့်သူ တာတီးကြောင့်လည်း ဥသာ၊ ဖြူဖြူနှင့် တွေ့ဆုံခွင့်နည်းပါးခဲ့ရသည်။

တာတီးက အချိန်ပြည့်လမ်းပေါ်သွားနေသူ ဖြစ်ခြင်းကြောင့် တစ်နေရာမဟုတ်တစ်နေရာ သူတို့ချိန်းတွေ့သည်ကိုမြင်သဖြင့် ဖြူဖြူ့ဖခင် ဦးမြအောင်အား တိုင်ပြောလေ့ရှိသည်။

သို့ကြောင့် တာတီးကိုတွေ့သည်နှင့် လက်ဦးမှုယူကာ ချောက်ချတတ်သည်။

တာတီးက မည်သို့ပင်ချောက်ချချ စိတ်မဆိုးတတ်.....၊

www.burmeseclassic.com

www.burmeseclassic.com



ရွှေမန်းတင်မောင်သီချင်း၊ တွံတေးသိန်းတန်သီချင်းများ အော်ဟစ်သီဆိုရင်း ကခုန်ထွက်သွားတော့သည်။

ကျပ်မပြည့်သူတစ်ယောက်ဖြစ်၍ တစ်ရပ်ကွက်လုံးက သည်းခံခွင့်လွှတ်ခံထားရသူဖြစ်သည်။

❖ ❖ ❖

ဥပုသ်နေ့သို့ရောက်ခဲ့ပြီ၊

ဥသာတို့လူစု လက်ဖက်ရည်ဆိုင်ထိုင်ပြီး ဖြူဖြူတို့ဆွမ်းချိုင့်ပို့အလာကို စောင့်နေကြသည်။

မကြာခင် ဖြူဖြူတို့ ဆွမ်းချိုင့်လာပို့သည်ကို တွေ့လိုက်ကြသည်။

"ဟာ...ဥသာ၊ အခြေနေမကောင်းဘူး၊ အဘိုးကြီး ပါလာတယ်"

"သွားပါပြီကွာ၊ ဒီနေ့မှ ထူးထူးခြားခြားပါလာရတယ်လို့"

"အဲဒါ ဘာကြောင့်ပါလာတာလို့ ထင်လဲ"

"ဘယ်သိမလဲ၊ သူလည်း ဘုန်းတော်ကြီးဖူးချင်လို့ နေ



www.burmeseclassic.com

www.burmeseclassic.com

မှာပေါ့"

"မဟုတ်ဘူး၊ အဲဒါ တာတီးစနက်ကွ"

"ဘာဆိုင်လို့လဲ"

"မင်း၊ မနေ့ညနေက အတုပ်အပိုးတွေနဲ့ ငါတို့ မင်းအိမ်ကို လိုက်ပို့တဲ့အချိန် လမ်းမှာတာတီးနဲ့ ဆုံတယ်မဟုတ်လား"

"ဟာ...ဟုတ်တယ်၊ ငါကတောင် ကိုတာတီး ကျွန်တော်ရောက်လာပြီ၊ ဖြူဖြူကို သွားပြောပေးဦးလို့ ပြောလိုက်မိသေးတယ်"

"အဲဒါ ဖြူဖြူကိုမပြောဘဲ အဘိုးကြီးကိုသွားပြောလို့ အခုလိုပါလာတာပေါ့"

"ကိုတာတီး တကယ်မလွယ်ဘူး၊ တို့ အုန်းသီးခိုးစားတုန်းကလည်း ကံဆိုးစွာသူနဲ့တိုးလို့ အုန်းသီးပိုင်ရှင်က အိမ်လာတိုင်သွားတာ ဘာကြာသေးလို့လဲ"

"တွေ့မယ်..၊ ငါမပြန်ခင် ဒီလူကြီးကို မှတ်လောက်သားလောက်အောင် ပညာပေးခဲ့မယ်"

"အေးဟုတ်တယ်၊ တို့ပဲ အမြဲခံနေရတာ၊ မင်းမပြန်ခင်ကြံခဲ့ပါဦးကွာ"


www.burmeseclassic.com

ဥသာတစ်ယောက်ချစ်သူနှင့် လာလာချင်းမတွေ့ရသော်လည်း သူငယ်ချင်းများ၏ ကူညီပေးမှုကြောင့်၊ ညီမဖြစ်သူ၏ ကူညီမှုတို့ကြောင့် နှစ်ကြိမ်မျှတွေ့ ခွင့်ရလိုက်ပါသည်။

တွေ့စဉ်ခဏ လွမ်းကြောင်း၊ သတိရကြောင်း၊ ဘွဲ့ရပြီးပါက လက်ထပ်ယူမည့်အကြောင်းများဖြူဖြူ မျက်ရည်လည်လောက်အောင် စကားတွေအပြတ် ရိုက်သွင်းခဲ့သည်။

ဖြူဖြူကတော့ အရာရာအလေးအနက်ထားရန်၊ လူကြီးတွေကို မနောက်ပြောင်ရန်၊ သူ၏အဖေ ယုံကြည်မှုရရှိရန်၊ ဆောင်ရန်၊ ရှောင်ရန် လက်ချာတွေအများကြီးရိုက်သွင်းသွားပြီး ချစ်သူနှစ်ဦး နှုတ်ဆက်ပြန်ခဲ့ကြသည်။

◆ ◆ ◆

တစ်ရက် ဥသာတို့သူငယ်ချင်းတစ်စု ကျော်ကြီးတို့အိမ်သွားလည်ကြသည်။

ကျော်ကြီးတို့အိမ်က ခြေတံရှည်၊ အိမ်အောက်ခြေမှာရေက ယောက်ျားပေါင်လယ်လောက်ရှိသည်။

ခြံအတွင်း တောင်စွန်ဖက်ပင်၊ သင်ပင်များ စိုက်ထား

www.burmeseclassic.com


သလို ရေအမြဲရှိခြင်းကြောင့် ပိန်းပင်များကလည်း ရေမျက်နှာပြင် အထက် အရွက်များဖြင့် မြဲအနံ့မှာရှိနေသည်။

ရေက တပေါင်း၊ တန်ခူး၊ ကဆုန်လသာခန်းပြီး ကျန်သောလများတွင် ရေများပြည့်နေတတ်သည်။

သို့ကြောင့် အချို့အိမ်များမှာ ဘဲများ၊ ငန်းများ မွေးမြူထားကြသည်။

ကျော်ကြီးတို့ အိမ်အောက်မှာရေမပြတ် ရှိနေသဖြင့် သွားလာစရာမရှိလျှင် သူတို့အုပ်စု ငါးလာမျှားကြသည်။

ယခု သူတို့အိမ်မှာ ငါးမျှားရန်စိတ်ကူးပြီးလာကြစဉ် မြို့အတွင်းမှာ ဘဲများကူးခတ်နေသည်ကို တွေ့လိုက်သည်။

မျိုးသိန်းက မျိုးလွင်နှင့် ဥသာကို ဘဲများကိုပြလိုက်သဖြင့် ဥသာက ဘဲဖမ်းရန်နည်းကို မျိုးလွင်အားပြောပြလိုက်သည်။

"ကျော်ကြီး၊ ငါတို့ ဘဲဖမ်းပေးမယ်၊ ရရင် ဘဲသားဟင်းချက်စားမယ်၊ မင်းအဖေနဲ့ အမေ ဘယ်သွားလဲ"

"ငို့ ဘကြီးနေမကောင်းလို့ သွားကြည့်ကြတယ်၊ ညနေမှ ပြန်လာကြလိမ့်မယ်"


www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီတို့ ဘဲသွားဖမ်းမယ်"

"ဟာ..မလုပ်နဲ့၊ ဘဲက ဒီလောက်အသံကျယ်တာ မဖြစ်ပါဘူး"

"ရပါတယ်၊ ဒီရယ်၊ မျိုးလွင်ရယ် ဖမ်းမယ်၊

မင်းတို့ အိမ်ပေါ်က အေးအေးဆေးဆေးစောင့်နေ၊ ဒါပေမယ့် သောင်းမြင့်ကရေထဲဆင်းပြီး ဘဲတွေ ဒီတို့ဘက်လာအောင် အသံမထွက်ဘဲ လက်ဟန်ခြေဟန်နဲ့ မောင်းပေး၊ ကဲ...ဒီတို့ ရေထဲဆင်းတော့မယ်"

စောစောက တိုင်ပင်ထားသည့်အတိုင်း ဥဿာနှင့် မျိုးလွင် ပုဆိုးခါးတောင်းကျိုက်ပြီး ရေထဲဆင်းသွားသည်။

ပိန်းပင်များ၊ တောင်စွန်ဖက်ပင်များ၊ သင်ပင်များဖြင့် ပြည့်နေသောရေထဲသို့ ဆင်းသွားပြီး၊ ခြံနောက်ဘက်နား အရောက် ရေထဲမှာနှာခေါင်းဖော်ပြီး ထိုင်နေကြသော၊ ဥဿာနှင့် မျိုးလွင်တို့ကို ပိန်းရွက်များကွယ်နေသောကြောင့် ဘဲများမတွေ့ကြ၊

ထိုအချိန်သောင်းမြင့်က ဘဲများကိုလက်နှင့် ဟန်ရေးပြ၍ ဥဿာတို့ ထိုင်နေရာဘက်သို့ မောင်းထုတ်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ဘဲက အကောင်သုံးဆယ်ခန့်ရှိသည်။ ထိုအထဲမှ ဘဲသုံးကောင်ကို ခြေထောက်များမှ ဆွဲပြီးရေထဲနှစ်ထားလိုက်သည်။

ခဏကြာတော့ ရေမွန်းပြီးဘဲများသေသွားသည်။

ဘဲသုံးကောင်ကို အိမ်သို့ရေထဲမှလက်မဖော်ဘဲ ဆွဲယူလာခဲ့သည်။

ဘဲသုံးကောင်ရသည်နှင့် မျိုးလွင်၊ ဉသသာတို့ အိမ်ပေါ် ပြန်ရောက်လာသည်။ အဝတ်အစားလဲလိုက်သည်။

"ကဲ...သောင်းမြင့်၊ မင်းတို့ အိမ်ကိုသွားမယ်၊ မင်းတို့အိမ်ကလူတွေ လယ်တဲမှာ ပြောင်းနေတယ်မဟုတ်လား။ ထမင်းသွားချက်စားကြမယ်"

"ဒီအိမ်မှာ မချက်ဘူးလား"

"မင်း တော်တော်အူးဝေးတာပဲ၊ တစ်အိမ်ကျော်ကဘဲကို ဖမ်းပြီးချက်စားတာ ဘဲမွေးတွေပစ်ရမှာ၊ ဘဲသားဟင်းက အနံ့ထွက်မှာ၊ မသင်္ကာဖြစ်ပြီး တစ်ခါတည်းအဖမ်းခံချင်လို့လား"

"ဉသသာ၊ မင်းတော်တော် ဉာဏ်နီဉာဏ်နက်ထွက်တယ်"

ဘဲများကို လွယ်အိတ်နှစ်လုံးအတွင်းထည့်ပြီး လွယ်ကာ

www.burmeseclassic.com

www.burmeseclassic.com


သေခင်းမြင့်တို့အိမ်သို့ ထွက်ခဲ့ကြသည်။

❖ ❖ ❖

"ဟင်းနံ့က မွှေးမှမွှေး၊ ငါသွားရည်ကျနေပြီ၊ မကျက်သေးဘူးလား"

"ကျက်ပါပြီ၊ ထမင်းအိုးတည်နေလို့ ခနစောင့်၊ ထမင်းလည်းကျက်တော့မယ်"

မကြာခင် ထမင်းကျက်သည်နှင့် ခူးခပ်ကာစားပွဲဝိုင်းပေါ်တင်၍ မျိုးလွင်၊ ဥဿာ၊ သေခင်းမြင့်၊ မျိုးသိန်း၊ ကျော်ကြီးတို့ ဝိုင်းထိုင်လိုက်ကြသည်။

"ဘဲသုံးကောင်၊ အဝသာစားကြပေတော့၊ ထမင်းလည်းလိုသလောက် ခူးသာစား"

ထမင်းအိုးနှင့် ဟင်းအိုးကို ထမင်းစားပွဲပေါ် သတင်းစာခင်း၍ တင်လိုက်သည်။

အားပါးတရ စားသောက်ပွဲကြီး ကျင်းပကြသည်။

"ဟာ....သွားပါပြီ"

"ဘာလဲကွ၊ ဥဿာရ အလန့်တကြား"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်ရှေ့ကို ကြည့်လိုက်စမ်း၊ ဘယ်ပုဂ္ဂိုလ်က လမ်းပြလိုက်လဲမသိဘူး"

အိမ်ခြံအတွင်းဝင်လာသောတာတီး၊ တာဗွေတစ်ကောင်ကို မြင်လိုက်ရသည်နှယ် လန့်ဖျပ်သွားကြသည်။

အိုးတွေခွက်တွေ သိမ်းရန်ပင်အချိန်မရတော့၊

"မောင်မင်းတို့လူစု ဘာတွေမကောင်းကြံမလို့ စုဝေးနေကြသတုန်း၊ ငါကိုယ်တော်မြတ်ကို သံတော်ဦးတင်ကြစမ်း"

"ဟာ...ကိုတာတီး၊ လာဗျာ...ကျုပ်တို့ ထမင်းစုပြီး ချက်စားနေကြတာ"

"ဘယ်အိမ်က ကြက်ကိုခိုးပြီးချက်တာလဲ၊ အမြန်သံတော်ဦးတင်စမ်း"

"ဟာ..မဟုတ်ကဟုတ်က၊ ဒီကောင်သောင်းမြင့် သူ့အိမ်က ကြက်ကိုသတ်ပြီး ချက်ကျွေးတာ"

"ကဲ...ဒါဆိုလည်း ဒါနလေးမြောက်အောင် ဝင်စားဦးမှပါပဲ"

"လာ...ဒီမှာထိုင်"

"ထိုင်ပြီဟေ့"



www.burmeseclassic.com

www.burmeseclassic.com


ဥသဘာက ပန်းကန်တစ်ချပ်ယူပြီး ထမင်းနှင့် ဘဲသား ဟင်းများကို ထည့်ကျွေးလိုက်သည်။

"ကဲ...ဒါနလေးပြောက်အောင် စားလိုက်ပါဦး"

တာတီးလည်း ဘဲသားတစ်တုံးစားလိုက်သည်။ ပြီး နောက်ထပ်တစ်တုံးကိုစားရန် ကိုင်လိုက်စဉ် ဥသဘာက....၊

"ကိုတာတီး သူများပစ္စည်းကိုခိုးရင် နည်းနည်းခိုးခိုး၊ များများခိုးခိုး သူခိုးပဲလား"

"ဟာ..ဦးနှောက်သေးသေးလေးနဲ့ မေးနေပြန်ပြီ၊ ပိုက် ဆံထုပ်ကြီး မသိအောင်ယူရင်လည်း ခိုးတာပါပဲ၊ ပိုက်ဆံတစ်ကျပ် မသိအောင် ယူရင်လည်းခိုးတာပဲပေါ့ အတူတူပဲကွ"

"ကျွန်တော်က ပိုက်ဆံခိုးပြီး ကျော်ကြီးကိုပေးထား မယ်ဆိုရင် ကျော်ကြီးကသူခိုးဖြစ်မလား"

"ဟာ...သူက ပိုက်ဆံကိုလက်ခံထားမှတော့ သူလည်း သူခိုးပေါ့"

"ကိုတာတီးကို သူများတွေက ကျပ်မပြည့်ဘူးလို့ပြော ကြတယ်၊ တကယ်တော့ ကျပ်ကပြည့်ရုံမကဘူး လွန်တောင်နေ သေးတယ်"


www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ ငါ့လောက်မတတ်လို့ ပြောကြတာ၊ ပြောပါစေ ဥသဘာရာ"

"တကယ်လို့ ကျွန်တော်တို့က ဘဲသားခိုးစားတာဆိုရင်..."

"ဟာ...မင်းတို့ ဘဲသူခိုးပေါ့"

"ဒါဆို အဲ့ဒီအသားကိုစားတဲ့သူတွေကရော..."

မျိုးလွင်တို့ သောင်းမြင့်တို့က သံပြိုင်....

"ဘဲသူခိုးပဲပေါ့ ဥသဘာရ"

"ဘာဆိုင်လို့လဲ၊ ငါက မင်းတို့ခိုးစားတာကို သိမှမသိဘဲ၊ မင်းတို့စားခိုင်းလို့ စားတာ"

"တစ်တုံးပဲစားစား၊ နှစ်တုံးပဲစားစား ကိုတာတီးလည်း ကျွန်တော်တို့နဲ့ အတူစားတာ ကျွန်တော်တို့လိုပဲ သူခိုးအဖွဲ့ဝင်ဖြစ်သွားပြီ"

"မင်းတို့စားခိုင်းလို့စားတာ၊ မစားတော့ဘူးကွာ၊ ငါပြန်အန်ထုတ်ပေးမယ်"

"ဟော့လူ၊ ရှုံ့စရာကြီး၊ မရဘူး၊ ကျုပ်တို့နဲ့အတူတူဝင်စားတဲ့အတွက် ခင်ဗျားလည်းဘဲသူခိုးဖြစ်သွားပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဉသာက ထိုကဲ့သို့ပြောကာမှ တာတီးအကြောက်အကန် ငြင်းချက်ထုတ်ပြီး ထသွားသည်။

"ငါ့သူခိုးမဟုတ်ဘူးဟေ့၊ မင်းတို့ကျေးလို့စားတာ၊ ဟားဟားဟား"

"သွားပါပြီကွာ"

❖ ❖ ❖

ညခုနစ်နာရီ ရပ်ကွက်ရုံးအတွင်း ဉက္ကဋ္ဌဝင်လာတော့ ရုံးခန်းအတွင်းမှာ ဉသာတို့လူစုဖြင့် စည်ကားနေသည်။

"မင်းတို့ကောင်တွေ၊ ငါ့ရုံးကိုမရောက်တာကြာလို့ သတိရနေတာ"

"လွန်ခဲ့တဲ့သုံးရက်က ဉသာတို့လူစု ပြဿနာရှာခဲ့တဲ့ကိစ္စ၊ ကြားဝင်ဖျန်ဖြေပေးခဲ့လို့ ဒီကောင်တွေရုံးမရောက်တာ"

"ဟေ့ကောင်တွေ၊ မင်းတို့ဘာလုပ်ခဲ့လဲ သိရောသိရဲ့လား"

ဉက္ကဋ္ဌက ဉသာတို့အုပ်စု ရုံးရောက်ရသည့်ကိစ္စ မမေးသေးဘဲ၊ ဉသာတို့ပြဿနာရှာသည့် အကြောင်းစကား စတာ



www.burmeseclassic.com

www.burmeseclassic.com


သည်။

ဥက္ကဋ္ဌက သူ့ခေါ်ရုံးအဖွဲ့ဝင်များဘက်သို့လှည့်ပြီး....၊

"ခင်ဗျားတို့ မြလေးနွယ်လမ်းက တင်မောင်ကိုသိလား"

"သိတာပေါ့ ဥက္ကဋ္ဌရဲ့ စက်ဘီးပြင်ဆိုင်ဖွင့်ထားတယ်လေ၊ တင်မောင်ဘာဖြစ်လို့လဲ"

"အဲဒီနေ့က တင်မောင့်ညီမ ဈေးဝယ်အသွား ဗိုလ်ကြီးလမ်းက ဇော်မိုးရဲ့ ထော်လာဂျီပေါ် ပါသွားတယ်ဆိုပါရော...၊

အဲဒါကို ဒီကောင်အုပ်စုက တင်မောင်ရဲ့ဆိုင်သွားပြီး၊ ခင်ဗျားညီမ ဇော်မိုးရဲ့ထော်လာဂျီပေါ်ပါသွားပြီး ပြုံးလို့ရယ်လို့ မြင်လိုက်တယ်ဆိုပြီး ပြောသွားတယ်.....၊

တင်မောင်ဒေါကန်ပြီး နောက်ကစက်ဘီးနဲ့ လိုက်ပါလေရော...၊

ငါကလည်း ဝင်းဖေတို့အလျှုက စက်ဘီးနဲ့ပြန်အလာလမ်းမှာ ပြဿနာဖြစ်နေတဲ့ တင်မောင်နဲ့ ဇော်မိုးတို့ကိုအကျိုးအကြောင်းမေးတော့ ဥဿာနဲ့ မျိုးလွင်တို့ ဝင်ပြောသွားတာက...

တကယ်တော့ ထော်လာဂျီပေါ်မှာ ဇော်မိုးမိန်းမနဲ့ တင်

www.burmeseclassic.com

www.burmeseclassic.com



မောင့်ညီမက ထိုင်နေတယ်၊ ဇော်မိုးက ထော်လာဂျီမောင်းနေတယ်၊

သူတို့စကားထဲမှာ ဇော်မိုးရဲ့မိန်းမ မပါတော့၊ စဉ်းသာစဉ်းစားကြတော့…"

ရုံးအဖွဲ့လူကြီးများ မျက်နှာပြုံးသွားကြသည်။

"ဇော်မိုးနဲ့ တင်မောင်က၊ ဒီကောင်တွေကို ရုံးတိုင်မယ်၊ ပြဿနာရှာမယ်နဲ့ ဥက္ကဋ္ဌအရေးယူပေးပါဆိုတာနဲ့ ကျုပ်လည်း ရန်နည်းအောင် ဖျောင်းဖျခဲ့ရတယ်….၊

ဒီကောင်တွေ သူများတကာကို ပြဿနာရှာရင်ရှာ၊ ပြဿနာရှာမရရင် ကိုယ့်မိသားစုကို ကိုယ်ပြန်ရှာမယ့်ကောင်တွေ"

"ကျွန်တော်တို့လည်း ဥဿာလာမှ ပျော်စေပျက်စေ လုပ်ရတာပါ၊ ဒီကောင် မြို့ရောက်နေလို့ ပျင်းနေတာပါ ဥက္ကဋ္ဌ"

"ကဲ…အခုလည်း ဒေါ်လှကတိုင်လို့ ရုံးရောက်နေရပြန်ပြီ၊

ဒေါ်လှရဲ့ဘဲတွေ ခိုးစားတယ်လို့ နေ့ခင်းကလာတိုင်တယ်၊ တာတီးက မျက်မြင်သက်သေတဲ့"

"ဒေါ်လှ ပြောပါဦး၊ ခင်ဗျားရဲ့ဘဲတွေ ဒီကောင်တွေ ခိုးချက်စားတဲ့အကြောင်း"



www.burmeseclassic.com

www.burmeseclassic.com



"တာတီးလာပြောလို့ သိတာပါဦးကြွ၊ တာတီးကပြောပါတယ်၊ သူတို့ဘဲခိုးစားပြီး သူ့ကိုပါခေါ်ကျွေးတယ်တဲ့၊ ဒါ့ကြောင့် ဒီအော့ကြောလန်အုပ်စုကို မှတ်လောက်အောင်ဆုံးမပေးပါ"

"ကဲ...ခင်ဗျားက ဘယ်လိုဖြစ်စေချင်တာလဲ"

"ပြောရရင် တကယ်စိတ်မကောင်းပါဘူး ဦးကြွရယ်၊ ကျွန်မရဲ့ဘဲတွေကို နပြောတာပါ။ သူတို့ သတ်စားတဲ့အထဲမှာ ဥချကောင်းတဲ့ ဘဲမတစ်ကောင်ပါသွားတယ်...၊

တစ်နေ့တစ်လုံး မှန်မှန်ဥနေတာ၊ ဘဲက အစာကောင်းကောင်းစားရရင် တစ်နှစ်ပတ်လုံးဥတာ၊

ဒါ့ကြောင့် ဒီဘဲတစ်နှစ်ကို အနည်းဆုံးအလုံး(၃၀၀)၊ သုံးနှစ်လောက် သူမသေခင်ဥပေးမှာ"

"ဟာ...သေပြီ....."

ဦးသာ ပါးစပ်ကအသံထွက်အောင်ပင် ရေရွတ်လိုက်မိသည်။

တစ်နှစ်ကို အလုံး(၃၀၀)နှုန်းနှင့် သုံးနှစ်အတွက်သာ အလျော်ပေးရပါက မတွေးဝံ့စရာပင်၊

"ကဲ....ကဲ...ဒေါ်လှ၊ အဲဒီလို အတိအကျတော့ မပြောပါနဲ့



www.burmeseclassic.com

www.burmeseclassic.com


ကျုပ်တို့ ကြားကပဲဖျန်ဖြေပေးပါ့မယ်၊ ဒီကောင်တွေနောက်ကို မလုပ်တော့ပါဘူး။ သူတစ်ပါးရဲ့ ကြက်၊ ငှက်၊ ဘဲကို ခိုးမစားပါဘူး လို့ ကတိပေးရမယ်၊

ဘဲသုံးကောင်အတွက် တစ်သောင်းခွဲအလျော်ပေးမယ် ဆိုရင် ကျေနပ်ပါတော့၊ ဟုတ်လား”

“ဥက္ကဋ္ဌကြီး ကြားဝင်ပေးလို့ ကျွန်မရဲ့စိတ်နဲ့ဆို အနည်းဆုံး ငါးသောင်းလောက်ရမှ ကျေနပ်နိုင်မှာ”

ဒေါ်လှက အမြင်ကပ်ကပ်နှင့် အလျော်ခပ်များများ တောင်းရန် ရည်ရွယ်ထားသော်လည်း ဥက္ကဋ္ဌကြီး၏ ကြားဝင် တောင်းပန်မှုကြောင့် တစ်သောင်းငါးထောင်နှင့် ကျေနပ်လိုက် ရသည်။

ထိုအချိန်မှစပြီး ဥဿာတို့လူစု တာတီးကိုအကွက် ဝင်ရင် ပညာပေးဆုံးမရန် တိုင်ပင်ထားကြသည်။

❖ ❖ ❖

တာတီးအား ဥဿာတို့လူစုက မုန်းတီးအမြင်ကပ်နေ ပေမယ့် မြမြို့၏ဖခင်နှင့် ရပ်ကွက်သူရပ်ကွက်သားများက ဖင်



www.burmeseclassic.com

www.burmeseclassic.com

ပေါ့သောတာတီးကို ခင်ကြသည်။

နိုင်းစရာရှိလျှင် တာတီးကိုခေါ်၍ နိုင်းကြသည်။ လုပ်ခပေးစရာမလို၊ စားစရာအဝကျွေးလိုက်လျှင် တာတီးကျေနပ်စမြဲ၊

တာတီးက ညရောက်လျှင်မအိပ်ခင်အထိ တုတ်တိုတစ်ချောင်းကိုင်ပြီး ရပ်ကွက်အတွင်း ကင်းလှည့်သည်။ တိုးတိုးတိတ်တိတ်မဟုတ်၊ ရွှေမန်းတင်မောင်သီချင်း ရသမျှသံကုန်ဟစ်ဆိုပြီး လှည့်သည်။

နေ့ခင်း ကြုံရာနေကြုံရာစား၊ နိုင်းတာလုပ်ပေးသော်လည်း ညဘက်ရောက်လျှင် ရပ်ကွက်အစွန်မှာရှိသည့် ဂိုထောင်မှာညစောင့်အိပ်သည်။

ထိုဂိုထောင်က လူသေလျှင်ထည့်ရန် အခေါင်းများလုပ်ရောင်းသော နေရာဖြစ်သည်။

နေ့ခင်းဘက်တွင် လက်သမားနှစ်ယောက်က အခေါင်းများကို ဖြတ်ကြ၊ ရိုက်ကြ၊ ရွှေဘော်ထိုးကြ၊ လုပ်ကိုင်ကြသော်လည်း ညရောက်လျှင်အိမ်ပြန်အိပ်ကြသည်။

အခေါင်းများ၊ သစ်သားများထားရာဂိုထောင်ကို စောင့်ရန် တာတီးအားတာဝန်ပေးထားသည်။

www.burmeseclassic.com

www.burmeseclassic.com


တာတီးက ညနေ(၆)နာရီခန့်မှစ၍ သီချင်းမျိုးစုံသီဆိုပြီး (၈)နာရီခန့် ဂိုထောင်ကိုပြန်ရောက်သည်။ ထို့နောက် သူ့ဖါတစ်နေ့တာ တာဝန်ပြီးဆုံးပြီဟု မှတ်ယူကာအိပ်တော့သည်။

ယခု သူစောင့်အိပ်သော ဂိုထောင်နှင့် မနီးမဝေးတွင် အလောင်းထည့်ထားသော အခေါင်းတစ်ခု လေးတိုင်စင်ပေါ်မှာ ရှိနေပါသည်။

ရပ်ကွက်၏အပြင်မှာသေဆုံးသွားသော အမျိုးသမီးတစ်ယောက်၏ အလောင်းကိုအိမ်သို့ပြန်မယူဘဲ ရပ်ကွက်အပြင်မှာထားသည်။

သုံးရက်ထားပြီး သင်္ဂြိုဟ်မည်ဖြစ်၍ ညဘက်တာတီးအား အလောင်းကိုစောင့်ပေးရန် စားစရာနှင့် ပိုက်ဆံပေး၍အပ်ထားသည်။

ထိုသတင်းကို ဉသာတို့အုပ်စုကြားသည်နှင့် အကြံတစ်ခုရသွားသည်။

လက်ဖက်ရည်ဆိုင်မှာ ဉသာတို့အုပ်စု ထိုင်နေစဉ် တာတီးတစ်ယောက်နေ့ခင်းကြီး ရွှေမန်း၏ 'အောင်ပါစေ' သီချင်းကို သံကုန်ဟစ်ပြီး လျှောက်လာနေသည်ကို တွေ့လိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com


ဥဿဘာက ကျော်ကြီးအား....၊

"ငါတာတီးကို ပညာပေးပြမယ်၊ လှမ်းခေါ်လိုက်ကွာ"

မျိုးလွင်က လက်ခုပ်တီးလိုက်စဉ် တာတီးလှည့်ကြည့်သည်။

"ကိုတာတီး ခဏလောက်လာပါဦး"

"မင်းတို့ လက်ဖက်ရည်တိုက်မယ်ဆိုရင် ငါလာမယ်၊ မတိုက်ရင် အချိန်ကုန်ခံပြီး ငါမလာနိုင်ဘူး"

"ခပ်ကြောကြောပါလား၊ ခေါ်လိုက်ကွာ၊ ငါက သူ့ကို ပညာပေးချင်တာဆိုတော့ ငါဒကာခံမယ်"

"ကိုတာတီး၊ ဥဿဘာက သူဝယ်တိုက်မယ်တဲ့၊ လာဗျ"

လက်ဖက်ရည်တိုက်မည်ဟု အာမခံချက်ရမှ တစ်ဖက်လမ်းမှကူး၍ လက်ဖက်ရည်ဆိုင်အတွင်းဝင်လာသည်။

"ကဲမှာလိုက်၊ ချိုချိုလေးနော်"

"ခင်ဗျားရဲ့အကြိုက်ကိုသိလို့ မှာထားပြီးပါပြီ"

တာတီး၊ ခုံမှာဝင်ထိုင်လိုက်သည်။

"ဘာပြောမှာလဲ"

"ကိုတာတီး၊ ခင်ဗျား အခုတလော အမျိုးသမီးတွေ



www.burmeseclassic.com

www.burmeseclassic.com


ယောက်နဲ့ ချိန်းတွေ့နေတယ်ဆို"

"ဟာ...ပေါက်ပေါက်ချာချာကွာ"

"ဟုတ်တယ်၊ ခင်ဗျားအမျိုးသမီးတစ်ယောက်နဲ့ ချိန်းတွေ့နေတယ်ဆိုတာ တစ်ရပ်ကွက်လုံးသတင်းပြန့်နေပြီ"

"မဟုတ်တာကွာ၊ ရှက်စရာကြီး၊ ဒို့မှာ ဘယ်မှာမိန်းမရှိလို့ တွေ့ရမှာလဲ"

"ခင်ဗျားရဲ့မိန်းမတော့ ဘယ်ဟုတ်ရမလဲ၊ ရည်းစားပေါ့ ရည်းစားဖြစ်နိုင်တယ်"

"ရည်းစားလည်းမရှိပါဘူးကွာ"

"ဟာ...ဒါဆိုဟုတ်ပြီ၊ အခု လဆုတ်ရက်မဟုတ်လား"

"ဟုတ်တယ်လေ၊ မနက်ဖြန်ဆို လကွယ်ဥပုသ်ရောက်မှာ၊ အရီးမြကပြောတယ်၊ မနက်ဖြန် ဥပုသ်သွားစောင့်စရာရှိလို့ အိမ်ကိုမလာနဲ့လို့ မှာလိုက်တယ်"

"အဲဒီ့ပေါ့ အခုလဆုတ်(၁၄)ရက်၊ မနက်ဖြန်လကွယ်ပဲ"

"လကွယ်၊ လဆုတ်၊ ဒါနဲ့ဘာဆိုင်လို့လဲ"

"ခင်ဗျား ညစောင့်အိပ်တဲ့ ဂိုဒေါင်နားမှာ အမျိုးသမီး အလောင်းတစ်လောင်းထားတယ်ဆို"


www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်၊ နောက်နှစ်ရက်ဆို အသုဘချတော့မှာ၊ ဇွဲကို ညဘက်စောင့်ကြည့်ခိုင်းထားတယ်ကွ"

"ဒါ့ကြောင့်ဖြစ်မယ်၊ ခင်ဗျားက အိပ်မောကျနေလို့ မသိတာ၊ တစ်ရပ်ကွက်လုံးက သိနေတယ်"

"ဘာသိတာလဲ"

"အဲဒီအသေကောင်က လဆုတ်၊ လကွယ်ဆိုရင် 'ဖုတ်' ဝင်တယ်၊ သူက အစိမ်းသေမဟုတ်လား၊ ညညဆို ဖုတ်ဝင်ပြီး အခေါင်းထဲကထွက်၊ ခင်ဗျားအိပ်နေတုန်း ခင်ဗျားဘေးမှာ ဝင်ဝင်ပြီး အိပ်နေတာ"

"ခင်ဗျားက မသိပေမယ့် တစ်ရပ်ကွက်လုံးကသိနေတယ်"

"ငါကခေါင်းချပြီး မျက်လုံးမှိတ်လိုက်တာနဲ့ အိပ်ပျော်သွားတာ၊ ဖုတ်သရဲမ ဇွဲနားလာတာ ငါလုံးဝမသိဘူး"

"ခင်ဗျားကမသိပေမယ့် တစ်ရွာလုံးကသိတယ်၊ မနက်ဖြန် လကွယ်ည၊ အဲဒီအချိန်ဆို မှောင်တာနဲ့ သူကအခေါင်းထဲက ထပြီး ခင်ဗျားဆီကိုလာမှာ"

"သူလာတော့ ငါက အိပ်နေပြီပဲ၊ ငါမသိရင် ဘာမှ


www.burmeseclassic.com

www.burmeseclassic.com 

ကြောက်စရာမလိုဘူး"

"အဲဒီလိုမထင်နဲ့ ကိုတာတီး၊ မနက်ဖြန်လို လကွယ်ည မျိုးဆို မိုးချုပ်ကတည်းက သူ့အခေါင်းထဲကထွက်ပြီး လမ်းလျှောက်မှာ၊ သူ့ကိုထောင်ကို ပြန်လာတာနဲ့ ခင်ဗျားနဲ့အတူ ကိုထောင်ထဲလိုက်ခဲ့မှာ"

"တုတ်ပါ့မလားကွာ၊ မဖြစ်နိုင်ဘူးထင်တယ်"

"ဟာ....ဖြစ်နိုင်တာပေါ့ ဖုတ်ဝင်တဲ့လူက တကယ့်လူ အတိုင်းပဲ၊ စကားလည်းပြောလို့ရတယ်၊ ဖက်လို့ကိုင်လို့ရတယ်"

"ပြောရင်းဆိုရင်း ကြက်သီးတောင်ထလာပြီတာတီး ရာ"

"ကိုတာတီးကို ဖက်အိပ်နေမှာမြင်ယောင်နေမိတယ်"

"ငါတို့ရဲ့ကိုတာတီးကို . သရဲမဖက်အိပ်နေတာ သွား ချောင်းကြည့်ကြရင်ကောင်းမလား"

"မလုပ်ပါနဲ့ကွာ၊ လူပျိုကြီးကိုတာတီးရှက်နေပါဦးမယ်"

"မင်းတို့ ငါ့ကိုကြောက်အောင် ခြောက်နေတာလား၊ ငါက သရဲလည်းမကြောက်ဘူး၊ ဖုတ်လည်းမကြောက်ဘူး....၊ ဖုတ်ကောင်မ လာရင် ငါကဓားနဲ့လိုက်ခုတ်မှာပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com

"ဖုတ်က ခင်ဗျားကိုပြုစားပြီး စိတ်ညို့လိုက်တာနဲ့ အချစ်ရေ၊ အသက်ရေဖြစ်မှာ မြင်သေးတယ်"

"တော်ပြီကွာ၊ မင်းတို့ဇီးကို ညာလို့ကတော့ အသိပဲ"

ကိုတာတီးတစ်ယောက်စိတ်ထဲမရေမရာ ယုန်ထင်၊ ကြောင်ထင်ဖြင့် ထိုင်ရာမှထပြီး ထွက်သွားတော့သည်။

တာတီးဆိုင်အတွင်းမှ ထွက်သွားတော့ မျိုးလွင်က ဉသသာအား....၊

"မင်းက တာတီးကိုမဟုတ်ကဟုတ်ကတွေ သွားပြော နေတယ်၊ မင်းဘယ်လို အကြံအစည်ရှိလို့လဲ"

"အချိန်ရှိပါသေးတယ်ကွာ၊ ဇီလုပ်ထားတဲ့ဇာတ် ဇီပြီး အောင်ကမယ်၊ ကြည့်နေ၊

ဇီ ဘာလုပ်လုပ် မင်းတို့အားလုံးဇီ့အနားမှာ ရှိနေဖို့ပဲ"

"ရှုံးရောက်၊ ဂတ်ရောက်မဟုတ်ရင် ပြီးတာပါပဲ"

"ဘာကြောင့် ရှုံးရောက်ရမှာလဲ၊ တာတီးကို ပညာပေး ရုံလေးပဲဟာ"

❖ ❖ ❖


www.burmeseclassic.com

www.burmeseclassic.com



ဤနေ့ ထူးထူးခြားခြား တာတီးရပ်ကွက်ထဲမသွား။ အခေါင်းစပ်နေသော လက်သမားများအနီးမှာ တိုဟာခိုင်း လုပ်ပေး၊ သည်ဟာခိုင်း ယူပေးနှင့် သီချင်းတအေးအေး ရှိနေသည်။

နေ့(၁၂)နာရီ အလုပ်နား၍ ထမင်းစားစဉ် လက်သမားဦးဖိုးချိုအား တာတီးက သိလိုသမျှစကားစလိုက်သည်။

"ဦးအေးချို ဖုတ်ဆိုတာ တကယ်ရှိလား"

"ဟာ....ရှိတာပေါ့ လှည်းလမ်းမှာ နွားတွေ၊ လှည်းတွေသွားထားလို့ ဖုတ်တွေ၊ သဲတွေမှ အများကြီး"

"ဟာ...အဲဒီ ဖုန်တို့ သဲတို့ ဖုတ်တို့ကိုပြောတာ မဟုတ်ဘူး ဦးလေးချိုရ၊

လူသေရင် ဖုတ်ဝင်တယ်ဆိုတာ တကယ်ရှိလားလို့မေးတာ"

"ဟာ...ရှိတာပေါ့ တာတီးရာ၊ တို့အကြီးသေတော့ ဖုတ်ဝင်ပြီးစားနေတာ တစ်နှစ်လောက်ရှိတယ်၊ နောက်မှ ဖုတ်ဝင်မှန်းသိလို့ ဆရာတွေပင့်ပြီးဖုတ်ထုတ်လိုက်မှ လူမှာကပ်နေတဲ့ ဖုတ် ထွက်သွားတယ်၊ လူက အရိုးမှာအသားကပ်နေတဲ့ အသေကောင်ကြီးပဲ ကျန်ခဲ့တယ်၊ တကယ်ရှိတယ်ကွ"



www.burmeseclassic.com

www.burmeseclassic.com



"လူသေရင် ဖုတ်ဝင်တယ်ဆိုတာ တကယ်ပဲပေါ့"

"အေးလေ၊ ဖုတ်က တကယ်ရှိတယ်"

"ဒါဆို အဲဒီဖုတ်ကို ဘယ်လိုနှိမ်နင်းရမလဲ"

"ရိုးရိုးဖုတ်ကိုတော့ ဘုရားစာရွတ်ဖတ်လို့ ထွက်ရင် ထွက်၊ မထွက်ရင် သူ့ကိုနိုင်တဲ့ ဆရာသမားတွေပင့်ပြီး ထုတ်ရတယ်၊

အလွန်ဆိုးတဲ့ သွေးစုပ်ဖုတ်ကောင်ကိုတော့ ဓားဒါ နှလုံးရှိတဲ့တည့်တည့်မှာ သစ်သားစို့နဲ့ ရိုက်သွင်းရတယ်"

"အဲဒီလို ရိုက်သွင်းရင် ဖုတ်ဘာဖြစ်သွားမလဲ"

"ဟာ...အဲဒါဆို ဖုတ်ကထာဝရသေသွားတာပေါ့"

"သစ်သားနဲ့ရိုက်လို့ အလွယ်တကူဝင်ပါ့မလား"

"ဒီအတိုင်းတော့ ဘယ်ရိုက်သွင်းလို့ရမလဲ၊ သစ်သား ချောင်းရဲ့ တစ်ဖက်ကို ချွန်နေအောင်လုပ်ပြီး အဲဒီအချွန်နဲ့ နှလုံး ကိုအားကုန်ထိုးစိုက်လိုက်ရတယ်"

"ဒါဆို ဖုတ်သေသွားရောလား"

"ဘယ်တော့မှ ဖုတ်မဝင်တော့ဘူး၊ ဖုတ်ကောင်လည်း ထာဝရသေသွားရော၊



www.burmeseclassic.com

www.burmeseclassic.com



မင်းက ဖုတ်အကြောင်း ဘာဖြစ်လို့မေးတာလဲ"

"ဩော်...လက်ဖက်ရည်ဆိုင်မှာလူတွေ ဖုတ်အကြောင်း ပြောနေသံကြားလို့ စိတ်ဝင်စားပြီးမေးတာပါ"

"မသိပါဘူးကွာ၊ လမ်းဘေးမှာ မကြာမကြာပြနေတဲ့ နိုင်ငံခြားသရဲကားတွေထဲက မြို့စားကြီးဒရက်ကူလာ သွေးစုပ် ဖုတ်ကောင်ကြီးရဲ့ ဇာတ်လမ်းကြည့်ပြီး စိတ်ဝင်စားလို့ မေးတာပဲ ထင်လိုက်တာ၊

ကဲ၊ မင်းဘယ်ကိုသွားစရာ ရှိသေးလဲ၊ မရှိရင် ငါ ဆေး ပေါ့လိပ်ကုန်နေလို့ သွားဝယ်ပေးဦး၊ ရော့...ပိုက်ဆံ"

တာတီးလည်း ဆေးလိပ်ဝယ်ရန် ဂိုဒေါင်ထဲက ထွက် ခဲ့သည်။

❖ ❖ ❖

လကွယ်ည၊ အချိန်က (၇) နာရီခွဲခန့်ရှိပြီ၊ တာတီး ရပ်ကွက် တစ်ပတ်လှည့်ပြီး ဂိုဒေါင်ဆီပြန်လာသည်။

အစိမ်းသေအမျိုးသမီးထည့်ထားသော အခေါင်းကိုတုံး စံအတိုင်း အနီးကပ်ကြည့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် အခေါင်းထဲမှ အမြှုရောင်အဝတ်အစားနှင့် ဆံပင်ဖားလျားချထားသော ဖုတ်ကောင်ထလာသည်ကို တာတီးမြင်လိုက်သည်။

"ဟာ..ဉသာတို့ ပြောတဲ့အတိုင်း ဖုတ်ကောင်က ငါ သူ့အနားရောက်လာလို့ ထလာနေပြီ၊

ငါ့နောက်ကိုတော့ အလိုက်မခံနိုင်ဘူး။ ဒီတော့....."

ဦးဖိုးချို ပြောထားသည့်အတိုင်း လိုရမယ်ရဆောင်ထားသော သစ်သားတစ်ဖက်ချွန်တုတ်ကို သေချာအောင်ကိုင်လိုက်ပြီး အခေါင်းတင်ထားရာ လေးတိုင်စင်ပေါ်....

ဝုန်းခနဲ ခုန်တက်ပြီး ဖုတ်ဝင်စပြုနေသည့်အသေကောင်ကို အခေါင်းတွင်း အတင်းဖိချကာ လက်ထဲမှသစ်သားစို့နှင့် နှလုံးသားရှိရာတည့်တည့်သို့ အားကုန်ထိုးစိုက်လိုက်သည်။

သစ်သားအလေးချိန်၊ ယောက်ျားအားနှင့် ချွန်ထက်သော သစ်သားချောင်းက နှလုံးသားတွင် စိုက်ဝင်သွားတော့ရာ......

"အား......"

နာကျင်၍ အော်လိုက်သောအသံကြီးက ဝန်းကျင်တစ်



www.burmeseclassic.com

www.burmeseclassic.com


ခုလုံး ဖုံးအုပ်သွားသည်။

"ဟ...ဟ....ဟ...၊ မလုပ်နဲ့...မလုပ်နဲ့၊ ကိုတာတီး.... မလုပ်နဲ့"

အနီးရှိ အမှောင်ရိပ်မှာရှိနေသော လူတစ်စု၊ အခေါင်းရှိရာသို့ အပြေးရောက်လာကြသည်။

တာတီးကိုမလုပ်ရန်တားကြသော်လည်း အခေါင်းထဲမှာ သစ်ငုတ်စူးခံထားရသူက ဆန့်ငင်ဆန့်ငင်ဖြစ်ကာ အသက်ရှူရန် အစွမ်းကုန်ကြိုးစားနေရသည်။

ထိုအခါမှ အခေါင်းပေါ်ခွစီးထိုင်နေသော တာတီး အောက်သို့ခုန်ချလိုက်သည်။

အမှောင်ထဲမှလူငါးယောက်လည်း အနီးသို့အပြေး ရောက်လာကာ အခေါင်းကိုအောက်သို့ မချလိုက်လေသည်။

"ဖြူဖြူ...ဖြူဖြူ.....၊ ဖြစ်ရလေ ဖြူဖြူရယ်"

ဉသာလက်ပေါ်မှာပင် ဘာစကားမှမပြောနိုင်ဘဲ ဖြူဖြူ အသက်ထွက်သွားသည်။

"အား......."

ဉသာ အသံကုန်အော်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


တာတီးကတော့ အနီးမှာရပ်နေသည်။

အခေါင်းအပြင်သို့ ဖြူဖြူအားဆွဲထုတ်ပြီး ဉသာ အသံထွက်ပြီး ရှိုက်ကြီးတငင် ငိုကြွေးနေသည်။

ဖြူဖြူ၏ညီမလေးလည်း ငိုလွန်း၍သတိမေ့သွားတော့သည်။

ဖြစ်ပုံက ဤသို့တည်း.....။

လွန်ခဲ့သောရက်က တာတီးလက်ဖက်ရည်ဆိုင် ဝင်သောက်ပြီး ပြန်ထွက်သွားသည်နှင့် ဖြူဖြူအား ဖြူဖြူ၏ဖေဖေလေးနှင့် ဖြူဖြူ၏ညီမက အပြင်သို့ခေါ်ထုတ်ပေးသည်။

ညဘက်အိမ်မှာ မုန့်လုပ်စားမည်ဟူသော အကြောင်းပြချက်နှင့် ခေါ်ထုတ်ပေးသည်။

ဖြူဖြူ၏ဖခင် ဦးမြမောင်က လက္ကယ်နေ့ညပုသ်စောင့်ထားသဖြင့် ဘာမှမပြောမနေတော့ဘဲ သူ၏ညီမဝမ်းကွဲက တာဝန်ခံသည်မို့ ထည့်ပေးလိုက်သည်။

ဉသာနှင့်တွေ့သောအခါ တာတီးကိုခြောက်လှန့်မည့် အစီအစဉ်ကို ရှင်းပြလိုက်သည်။

"ဖြစ်ပါ့မလား...ဖြူဖြူကြောက်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ မဖြစ်နိုင်ရမှာလဲ၊ လူသေထည့်ထားတဲ့ အခေါင်းကို အဝေးကြီးသယ်သွားပြီး ချထားမယ်"

"ဂိုထောင်ထဲက အခေါင်းသစ်ကို ယူတင်ထားမယ်၊ တာတီးအနားရောက်လာမှ ဖြူဖြူက ဆံပင်ဖားလျားချပြီး တက်အိပ်လိုက်ရုံပဲ"

"ကိုယ်တို့ ငါးယောက်လည်းအနီးမှာ ကပ်ပြီးရှိနေမှာပဲ....."

"အခေါင်းထဲဝင်ပြီး ဖြူဖြူဘာဆက်လုပ်ရမှာလဲ"

"သူလည်းအနားရောက်လာရော၊ အခေါင်းထဲက ဆံပင်ဖားလျားနဲ့ ထထိုင်လိုက်၊ ဒါဆိုတာတီးကြောက်လန့်ပြီး ပြေးသွားလိမ့်မယ်၊

သူပြေးတာနဲ့ အောက်ဆင်းလိုက်ရုံပဲ၊ ဒီကောင် မကြောက်ဘူးလို့ အပြောကြီးတဲ့အကောင် ဒီတစ်ခါမှတ်သွားစေရမယ်"

ဖြူဖြူလည်း ချစ်သူမပြန်ခင် အဖေ့ကြောင့်တွေ့ ခွင့်မလွယ်ခဲ့၍ ချစ်သူကျေနပ်စေရန် ချစ်သူ့အလိုကို လိုက်လျောရန် ဆုံးဖြတ်လိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



"အစ်ကို ဖြူဖြူ့အနားမှာပဲ ရှိနေရမယ်နော်၊ ဖြူဖြူ တကယ်ကြောက်တယ်၊ ကိုကို ချစ်လွန်းလို့ လုပ်ပေးရမှာ"

သို့ဖြင့် ဦးသာတို့လူစု တာတီးတစ်ယောက် ဂိုဏ်ထောင်မှ ရပ်ကွက်အတွင်း ကင်းတစ်ပတ်လှည့်စဉ် ဂိုထောင်အတွင်းမှ အခေါင်းအသစ်တစ်လုံးကို သွားယူလိုက်သည်။

ပြီးနောက် လူသေထည့်ထားသော အခေါင်းကို မ.ယူ လိုက်သည်။

"ဟူး.....၊ မင်းအကြံက ဟုတ်ပါ့မလား ဦးသာ၊ ငါတို့ အခေါင်းကြီး ပိုရှေ့ရ ဒီရှေ့ရနဲ့ လွတ်ကျပြီး အလောင်းကြီးအပြင် ထွက်လာမှ တာတီးမပြေးဘဲ ငါတို့ပြေးနေရဦးမယ်"

"မင်းတို့သာ လက်ခိုင်ခိုင်ကိုင်ကြ"

"အားပါးပါး...လေးလိုက်တာ"

"မ.ကြပါ၊ အချိန်မရှိဘူး၊ ဖြူဖြူနှင့် ညိုညိုက အဲဒီမှာ ခဏနေခဲ့"

"ဟင့်အင်း၊ ဒီနားမှာ မနေရဲဘူး၊ လိုက်ခဲ့မယ်"

"မလိုက်နဲ့၊ အဲဒီမှာပဲနေ အခုပဲလာခဲ့မယ်"

ခဏအတွင်း သူတို့လူစုပြန်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


"ဘယ်မှာထားခဲ့လဲ"

"ကိုရှေ့က သစ်ပင်အောက်မှာ"

"ကဲ...အခေါင်းသစ်ကို အပေါ်တင်လိုက်ကြစို့"

ဥသဘာတို့ အခေါင်းအသစ်ကိုမပြီး လေးတိုင်စင်ပေါ်တင်လိုက်သည်။

ထိုစဉ် ခပ်လှမ်းလှမ်းမှ တွံတေးသိန်းတန်၏ 'ညမှောင်မှောင် ကြယ်ရောင်သော်မလင်းတစ်လှည့်၊ ချိန်းခဲ့တဲ့ညတုန်းက ပေါ့ကွယ်' ဆိုသော သီချင်းကိုသံကုန်ဟစ်ဆိုရင်း တာတီးပြန်လာနေသည်ကို အားလုံးသိလိုက်သည်။

"ကဲ...အသင့်"

"ဖြူဖြူ အသင့်ဖြစ်ပြီလား"

"ဖြူဖြူကြောက်တယ်အစ်ကို"

"ကိုယ်တို့ ဒီနားမှာပဲ ရပ်နေမှာ"

"ဟုတ်တယ်ဖြူဖြူ ငါတို့ဒီနားမှာပဲရှိနေမယ်"

"မမ...အပေါ်ကိုသတိထားတက်"

မျိုးလွင်နှင့် ဥသဘာတို့က ဖြူဖြူအားထိန်းပေးပြီး ဖြူဖြူအား စင်ပေါ်တက်စေလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ကဲ...အနားရောက်တာနဲ့ လှဲအိပ်လိုက်၊ သူ့အနားရောက်တာနဲ့ ခဲပေါက်ပြီးအသံပေးလိုက်မယ်၊ ခဲသံကြားရင်ခေါင်းထောင်ပြီးထလိုက်"

ပတ်ဝန်းကျင်မှာ အမှောင်ထုကကြီးစိုးနေသော်လည်းကောင်းကင်မှ ကြယ်တစ်ချို့ကြောင့် အခေါင်းကြီးကိုအထင်းသားမြင်ရသည်။

တာတီး အနားရောက်လာသည်၊ ဥဿာအခေါင်းကိုခဲလုံးဖြင့် လှမ်းပေါက်လိုက်သည်။

ဖြူဖြူလည်း ဥဿာမှာထားသည့်အတိုင်း အခေါင်းတွင်းလှဲနေရာမှ ထလိုက်သည်ခဏ.....၊

သူတို့ ထင်ထားသလိုဖြစ်မလာဘဲ...၊

တာတီးတစ်ယောက် လေးတိုင်စင်ပေါ်ရှိ အခေါင်းပေါ်ခုန်တက်၊ ခွထိုင်လိုက်ပြီး နောက်မှာတော့......၊

ပျော်ရွှင်စရာဇာတ်လမ်းထွင်ချက်က ပျော်ရွှင်စရာဖြစ်မလာတော့ဘဲ ကြေကွဲဖွယ်ရာ အဖြစ်ဆိုးကြီးတစ်ခုအသွင်ပြောင်းလဲသွားလေတော့သည်။ ။

❖ ❖ ❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com

# ကျွတ်ကန်း

"ဟော့ကောင်မလေး နင်ဘယ်သူလဲ၊ ဒီနားမှာ ဘာလုပ်နေတာလဲ"

"ရှင်...."

"ရှင်မနေနဲ့၊ ငါမေးတာ ဖြေစမ်း"

"ရှင်နဲ့ ဘာဆိုင်လို့လဲ၊ ကိုယ့်အလုပ် ကိုလုပ်နေတာ၊ ရှင်လည်း လယ်သမား၊ ယာသမားမဟုတ်ဘူးလား၊ ဘာလုပ်နေလဲဆိုတာ မြင်ရုံနဲ့သိနိုင်တယ်"

"အံမယ်...အံမယ်၊ ငါ့ကိုများ နှုတ်သီးကောင်းလျှာပါးနဲ့ ပြန်ရန်တွေ့နေသေးတယ်၊

မင်းရဲ့အလုပ်တော့သိတာပေါ့၊ ဒီနားလာလုပ်ရအောင်



www.burmeseclassic.com

www.burmeseclassic.com


ဘယ်သူက လုပ်ခွင့်ပေးလို့လဲ၊ အခု နှင့်ပစ္စည်းတွေ အကုန်ပြန်သိမ်း၊ ဒီနားက ပြန်ယူသွား"

"ပြန်ယူလို့ဘယ်ဖြစ်မလဲ၊ ကျုပ်တို့လယ်မစိုက်ခင် ဟင်းသီးဟင်းရွက်စိုက်ထားမလို့၊ မိုးတွင်း စပါးစိုက်ထွန်တဲ့အချိန် ရုံးပတီတို့၊ ပဲတောင့်ရှည်တို့၊ ဘူးသီးတို့ အားလုံးရအောင် အခုကတည်းက ကြိုတင်စိုက်ထားမလို့"

ထိုစဉ် အသက်နှစ်ဆယ့်ငါးခန့်ရှိ လာရောက်ပြောဆိုနေသူနောက်မှ မြေဆွနေသူ ခင်မှုံထက်နှစ်နှစ်မျှကြီးမည့် အသက်ဆယ့်ခြောက်နှစ်ခန့်အရွယ်ရှိ မိန်းမချောလေးတစ်ယောက် သစ်ပင်ချုံပင်များနောက်မှ ထွက်လာပြီး၊

"ကိုကိုကြီးကလည်း ဒီလောက်ခေါင်းမာနေတဲ့ ကောင်မကို ပါးစပ်နဲ့ပြောနေရသေးလား၊ ဆုံးမပစ်လိုက်ပါလား၊

တကတည်း တော်တော်ခက်တဲ့လူတွေ၊ သူလယ်၊ ကိုယ့်လယ်၊ သူ့နေရာ၊ ကိုယ့်နေရာ မစူးစမ်းမလေ့လာဘူး၊ ကိုယ်ထင်ရာ ကိုယ်လုပ်တော့တာပဲ၊ သွား....ဒီနေရာက အခုထွက်သွား...၊ ပြောလို့မရရင် ငါ့အဆိုးမဆိုနဲ့"

"ကဲပါ ညီမလေးရယ်၊ ဒီလောက်ပြောရရင် တော်ပါ



www.burmeseclassic.com

www.burmeseclassic.com


တော့၊ သူမသိလို့ နေပါလိမ့်မယ်၊

ကဲ...ကလေးမလေး၊ ပစ္စည်းတွေသိမ်းပြီး တဲပြန်တော့၊ နောက်ကို ဒီမှာလာပြီး သစ်ပင်မစိုက်နဲ့ ကြားလား"

"ဟုတ်...ဟုတ်ကဲ့"

"ခင်မုံလေးလည်း ပေါက်ပြားနှင့် တူရွင်းကိုကောက်ယူလိုက်ကာ တဲသို့ပြန်သွားသည်။

ထိုအချိန်က နေ့ဆယ်နာရီကျော်ပြီ။

ခင်မုံလည်း ပေါက်ပြားနှင့် တူရွင်းကိုတဲအောက်မှာ ထားလိုက်ရင်း တဲပေါ်တက်လာခဲ့သည်။

နေ့ဆယ်တစ်နာရီကျော်ခန့်ရောက်တော့ လယ်ကွက်အတွင်း လယ်ထွန်နေသော ကိုဘထွန်းလည်း နွားများကိုဖြုတ်လိုက်သည်။

နွားနှစ်ကောင်ကို ရေတွင်းရှိရာဆွဲခေါ်သွားပြီး ရေငင်ကာ ရေအဝတိုက်လိုက်သည်။

နွားများကို အပြင်မှစကောလှန်ထားလိုက်သည်။ နွားများကို ကြိုးရှည်ရှည်လှန်နေရင်းက တဲနောက်ဖက် မြက်တော၊ ချုံတော၊ ကိုင်းတောစပ် လယ်ကွက်အစွန်မှာ တိုင်ထောင် ပဲတော



www.burmeseclassic.com

www.burmeseclassic.com



ရှည်စိုက်ရန် ငါးခြမ်းတိုင်များထောင်ပြီး မပြီး ကြည့်လိုက်သည်။

"အင်း...သက်သောင့်သက်သာလုပ်ရတဲ့အလုပ်ကို လက်ကြောတင်းအောင် မလုပ်ချင်ကြဘူး...၊

ဒီလိုစိတ်မျိုးသာ မွေးသွားလို့ကတော့ ဆင်းရဲတာရှည်ဦးတော့မှာပဲ"

ဦးဘထွန်း၏ တဗျစ်တောက်တောက်ပြောဆိုနေသံကို တဲပေါ်မှထမင်းချက်ပြုတ်နေသော ဇနီးဖြစ်သူမအေးဘုံက ကြားသဖြင့် ကိုဘထွန်းအားလှမ်းပြောလိုက်သည်။

"ရှင့်မလည်း အကျိုးအကြောင်းမမေးမြန်း၊ မစုံစမ်းဘဲ လျှောက်ပြောနေတယ်"

"ရှင်ခိုင်းထားတဲ့အလုပ်ကို ရှင့်သမီး၊ တော်တော်စောစောကပဲ ပေါက်တူးတစ်လက်၊ တူရွင်းတစ်ချောင်း၊ ငါးခြမ်းပြားတွေယူပြီး သွားလုပ်တယ်"

"ဘယ်မှာလည်း၊ ငါလုပ်ခိုင်းထားတဲ့အတိုင်း ငါးခြမ်းတစ်ချောင်းစိုက်ထားရသေးလို့လား၊ မင်းအောက်ဆင်းပြီးလာကြည့်ပါဦး"

"ကျုပ် ဆင်းကြည့်စရာမလိုပါဘူးတော်၊ ရှင့်သမီးသွား



www.burmeseclassic.com

www.burmeseclassic.com 

ပြီးမကြာဘူး၊ သူ့ပါးစပ်က ပွစိပွစိပြောဆိုရင်း၊ ပစ္စည်းတွေသယ်ပြီးပြန်လာတာ”

“ဪ....ငါနိုင်းထားတာ မကျေနပ်လို့လား”

“ကျုပ်လည်း ဘာမှန်းမသိဘူး၊ ရှင့်သမီးကိုသာ မေးကြည့်တော့”

“တဲ့...ခင်မို့...ခင်မို့”

“ရှင်...အဖေ”

“ညည်းအဖေ ခေါ်နေတယ်၊ အဲဒီမှာဘာလုပ်နေတာလဲ”

“ကန်စွန်းရွက်ပြုတ်တို့မလို့ မောင်လှဝင်းနဲ့ ကန်စွန်းညွန့်လေးတွေ ခူးနေတာ”

“တဲကိုလာဦး၊ စောစောကကိစ္စ ညည်းအဖေကို လာရှင်းပြလိုက်ဦး”

“လာပါပြီ၊ နိုင်းတာတော့ လုပ်မထားဘူး၊ ဆင်းရဲတာရှည်ဦးမှာပဲ၊ မနေ့က ဟင်းသီးဟင်းရွက်စိုက်ဖို့ ငါးခြမ်းပြားတွေ အဆင်သင့်ခွဲပြီး သပ်ပေးထားတယ်၊ အခုစိုက်ထားတော့ နှစ်လ၊ သုံးလဆို ခူးစားလို့ရပြီ၊

တစ်မိုးတွင်းလုံးလယ်လုပ်ရင်း ဝယ်ခြမ်းမစားရဘူးတော့



www.burmeseclassic.com

www.burmeseclassic.com

ငွေကုန်မသက်သာဘူးလား။

မိဘက လုပ်နိုင်တဲ့အလုပ်ဝင်လုပ်ဖို့ ခိုင်းတာတောင် ကလေးတွေနဲ့ ကစားမပျက်ဘူး”

ထိုအချိန် ခင်မှုံအနားရောက်လာသည်။ ဖခင်ဖြစ်သူ စကားမဆုံးသေးသဖြင့် မျက်လုံးပေကလပ် ပေကလပ်လုပ်ပြီး နားထောင်နေသည်။ ပြီးမှ.....

“အဖေကြီးက ဘာမှန်းမသိ၊ အကျိုးအကြောင်းမမေး ဘဲ သမီးကိုပဲဆူနေတယ်....၊

သမီးစောစောနေမပူခင်ကတည်းက ဖေကြီးခိုင်းတဲ့ အတိုင်း မြက်ရှင်းပြီး မျိုးပင်တွေစိုက်မလို့ ကျင်းတူးတယ်၊

ကျင်းတူးပြီးဝါးခြမ်းပြားတွေနဲ့ တိုင်စိုက်မယ်လည်း လုပ်ရော အသက်နှစ်ဆယ်ကျော်လောက်ရှိတဲ့ အစ်ကိုကြီးတစ် ယောက် ရောက်လာပြီး၊ အဲဒီနားမှာ သစ်ပင်မစိုက်ဖို့ ဝါးတိုင်တွေ မစိုက်ဖို့ လာပြောတယ်၊

သမီးလည်း စားပင်စိုက်မလို့လုပ်နေတာ၊ ဘယ်သူမှ တားပိုင်ခွင့်မရှိဘူး၊ လုပ်မှာပဲလို့ ပြန်ခံပြောပြီးဆက်လုပ်နေ တုန်း......၊



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကရောက်လာမှန်းမသိတဲ့ သမီးထက်ကြီးတဲ့ မိန်းကလေးတစ်ယောက်ပေါ်လာပြီး အစ်ကိုကြီးက ချိုချို သာသာပြော နေတယ်၊ သူ့စည်း ကိုယ့်စည်း၊ သူ့နေရာ ကိုယ့်နေရာမသိတဲ့ လူတွေ၊ မှတ်လောက်အောင် ဆုံးမပြစ်မယ်လို့ ဝင်ပြောတယ်၊

သူ့အစ်ကိုက သူ့ညီမကို သူပြောနေတယ်၊ ဝင်မပါနဲ့ဆို ပြီး ဟောက်လိုက်မှ အဲဒီအမျိုးသမီးက ဘာမှမပြောဘဲ ရပ်နေ တယ်၊

သမီးလည်းနည်းနည်းကြောက်စိတ်ဝင်လာလို့ ပစ္စည်း တွေသိမ်းပြီး ပြန်လာခဲ့တာ"

ကိုဘထွန်းလည်း သမီးစကားကြားပြီး ဘာမှဆက်မ ပြောတော့ဘဲ စဉ်းစားနေလိုက်သည်။

"ဟဲ့..ခင်မုံ၊ အဲဒီမောင်နှမက ဘယ်ကလာတာလဲ"

"သမီးအလုပ်လုပ်နေလို့ ဘယ်ကလာမှန်း မသိလိုက် ဘူး၊ သူတို့ပြန်ထွက်သွားတာကတော့ သမီးရပ်နေလို့ သိလိုက် တယ်"

"ဘယ်ကိုသွားကြတာလဲ.."

"ဟိုနောက်က ဘယ်သူမှ မခုတ်မထွင်သေးသားတဲ့၊



www.burmeseclassic.com

www.burmeseclassic.com


သစ်ပင်ကြီး သုံး၊ လေးပင်အောက်က ချုံတောတွေဘက်ကို ထွက်သွားတယ်……"

"အင်း…တစ်ခုခုတော့ တစ်ခုခုပဲ၊ အဲဒီနေရာမှာ ဘာမှ သွားမစိုက်နဲ့တော့"

ထိုချုံများ ထူထပ်စွာပေါက်နေသောနေရာက လယ်မြေ မျက်နှာပြင်ထက် အနည်းငယ်မြင့်တက်နေသည်။

အလျားပေ(၅၀)၊ အနံ(၃၀)ခန့်ရှိသော မြေလွတ်မြေရိုင်း ဖြစ်သည်။

ရောက်စက ထိုနေရာကို မည်သူမှလယ်မြေအဖြစ် ပြု ပြင်စိုက်ပျိုးမထားသည့်အတွက် ထူးဆန်းသည်ဟုတော့ တွေး ထင်လိုက်သည်။

ထို့ကြောင့် ထိုကိစ္စကိုသိရှိရန် စုံစမ်းတော့မည်ဟု ဆုံး ဖြတ်လိုက်သည်။

နေ့လည်စာ စားပြီးသည်နှင့် ဇနီးဖြစ်သူ မအေးဘုံထံမှ ပိုက်ဆံတစ်ကျပ်တောင်းကာ ခမောက်စောင်းပြီး တဲပြင်ထွက် လိုက်စဉ် ဒေါ်အေးဘုံက လှမ်း၍မေးလိုက်သည်။

"ကိုဘထွန်း၊ ရှင်ဘယ်ကိုသွားမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရွာထဲ ခဏသွားမလို့"

"ရှင်ပြန်လာရင် ကြက်သွန်အစိတ်သားလောက် ဝယ်ခဲ့ပေးပါ။ တဲမှာကြက်သွန်ကုန်နေလို့"

"အေး..အေး၊ သတိရရင်တော့ ပါလာမှာပေါ့"

"မပါလို့မဖြစ်ဘူး၊ မပါရင်တစ်ယောက်ယောက်ကို လွှတ်ပြီး ဝယ်ခိုင်းရဦးမယ်"

"အေးအေး၊ ငါသတိထားပြီး ဝယ်ခဲ့ပါ့မယ်"

ကိုဘထွန်းလည်း စကားဖြတ်ပြီး ရွာသို့ထွက်ခဲ့သည်။ ကိုဘထွန်းက အသက်လေးဆယ်နှစ်၊ မအေးဘုံက အသက်သုံးဆယ့်ငါးနှစ်၊ လယ်အလုပ်ကို ကောင်းစွာလုပ်နိုင်သော အရွယ်များဖြစ်သည်။

ရွာအဝင်မှာပင် ကုန်စုံဆိုင်ကိုတွေ့သဖြင့် ကြက်သွန်အစိတ်သားကို ဝယ်လိုက်သည်။

"အင်း...အပြန်မှဝယ်မယ်ဆိုရင် မေ့ချင်မေ့ဦးမယ်၊ အခုလိုဝယ်လိုက်တော့ ဘယ်မေ့တော့မလဲ"

သဘောကျစွာတွေးလိုက်ပြီး ကြက်သွန်ထုပ် ကိုကိုင်ကာ ရွာအတွင်းဝင်ခဲ့သည်။

◆ ◆ ◆



www.burmeseclassic.com

www.burmeseclassic.com


နှစ်ထပ်ပျဉ်ထောင်အိမ်ကြီး၏ အပေါ်ထပ်တွင် အသက်ငါးဆယ်ကျော်ခြောက်ဆယ်နီးပါးရှိ လူကြီးနှစ်ယောက် စကားထိုင်ပြောနေကြသည်။

"ဝုတ်.....ဝုတ်....."

"ဝုတ်........."

"တဲ့ခွေးငနီ...၊ ဘယ်သူ့ဟောင်နေတာလဲ၊ လှမောင်၊ လှမောင် ဘယ်သွားလဲ"

ဘယ်သူ့မှပြေသံမကြားရ၊

"ဝုတ်.....ဝုတ်....."

"ဦးလေးမောင် ကျွန်တော်ဘထွန်းပါ"

"ဩော်....မောင်ဘထွန်းလား၊ လာ...တက်ခဲ့လေ၊ အဲဒီခွေးက ဟောင်ရုံဟောင်တာ၊ မကိုက်ဘူး၊ ရဲရဲသာတက်ခဲ့"

"ဟုတ်ကဲ့၊ တက်လာပါပြီ"

ဦးဘထွန်း အိမ်ပေါ်တက်လာသည်။

"လာကွ၊ လက်ထဲက ဘာအထုပ်ကြီးလဲ"

"တဲမှာ ကြက်သွန်ကုန်နေလို့ ရွာမှာလာဝယ်ရင်း ဦးလေးဆီ ခဏလှည့်ဝင်လာတာပါ"


www.burmeseclassic.com

www.burmeseclassic.com


"အကြောင်းကိစ္စအထူးရှိလား၊ ပိုက်ဆံလိုလို့လား"

"ပိုက်ဆံမလိုပါဘူး"

"ငွေရေးကြေးရေးကိစ္စမဟုတ်ရင် ပြောစရာရှိမှာပေါ့"

"ဟုတ်ကဲ့၊ မေးစရာ နည်းနည်းတော့ရှိပါတယ်၊

ဒီလိုပါ၊ ဦးလေးရဲ့လယ်အစွန်နားမှာ မလုပ်ဘဲထားတဲ့ ပလပ်မြေအကြောင်းသိချင်လို့ပါ"

"ဩော်..ဒါလား၊ ဦးလေးရဲ့ အဘိုး၊ အဖေ လက်ထက် ကတည်းက မလုပ်ဘဲပြစ်ထားတဲ့ ပလပ်မြေမို့လို့ ဦးလေးလည်း ဒီအတိုင်းထားတာပါ၊

ဘာလည်း ကိစ္စထူးရှိလို့လား"

"ဟာ...မထူးပါဘူးခင်ဗျာ"

"ဒါဆို ဦးလေးရဲ့လယ်ဆယ်ဧက လုံလောက်ပြီမဟုတ် လား၊ ဒီမြေကွက်လေးက မပြောပလောက်ပါဘူး၊ ဒီအတိုင်းပဲ ထားလိုက်ပါ"

"ဟုတ်ကဲ့၊ ဒီမြေကွက်က ဦးလေးအပိုင်လား၊ အခြား လယ်ချင်းကပ်ရပ်က ပိုင်တဲ့အကွက်လား၊ သိထားချင်လို့ပါ"

"လယ်မြေစာထဲမှာ ဦးလေးအပိုင်ပါပဲ၊


www.burmeseclassic.com

www.burmeseclassic.com



မိဘဘိုးဘွားတွေက ဒီအတိုင်းထားခဲ့လို့ ဦးလေးလည်း ဒီအတိုင်းထားခဲ့တာပါ။

ကဲ...ရေနွေးသောက်ပါအုံး၊ လက်ဖက်လည်းစားအုံး၊ ငွေလိုချင်ယူသွား၊ အားမနာနဲ့"

"ငွေမလိုသေးပါဘူး၊ လိုရင်လာယူပါ့မယ်၊ ညနေ လယ်ထဲပြန်ဆင်းရဦးမှာမို့ လယ်ထဲပြန်လိုက်ပါဦးမယ်"

"အေးအေး၊ ကြိုးစားလုပ်ပေါ့ကွယ်၊ ဒါနဲ့၊ လုပ်ရတာ အဆင်ပြေရဲ့လား"

"အဆင်ပြေပါတယ် ဦးလေး၊ ဒါပေမယ့် သုံးနှစ်လောက် မလုပ်ဘဲ ပစ်ထားခဲ့တာဆိုတော့ ပေါင်းမြက်တွေ တော်တော်ရှင်း ရတယ်၊ မြေသားနည်းနည်းကျစ်နေတယ်"

"မြေက မြေနုပါ။ ဒီနှစ်အပင်ပန်းခံပြီးလုပ်လိုက်ရင် နောက်နှစ်တွေ နောက်နှစ်တွေမှာ အလွယ်တကူလုပ်နိုင်တဲ့ မြေယဉ်ပြန်ဖြစ်လာမှာပေါ့ကွယ်"

"ကျွန်တော် စိတ်မပျက်ပါဘူး၊ အသီးအနှံအထွက် ကောင်းအောင် ကြိုးစားပါ့မယ်"

"အေး...အေး၊ ကောင်းအောင်ကြိုးစားလုပ်ပေါ့ကွယ်"

www.burmeseclassic.com

www.burmeseclassic.com



ကိုဘထွန်းလည်း အိမ်ကြီးပေါ်မှပြန်ဆင်းခဲ့သည်။

အိမ်ကြီးပေါ်၌ အိမ်ရှင်နှင့် ညှိသည်ရွာသားတို့ လယ်ကွက်ကြီးအကြောင်းပြောရင်း ကျန်ခဲ့သည်။

"ခင်ဗျား၊ ဒီလယ်ကွက်ကြီးရဲ့ ဆိုးဝါးခဲ့တဲ့အဖြစ်တွေကို ပြောမပြခဲ့ဘူးလား"

"ဘယ်ပြောလို့ ဖြစ်မလဲဗျ၊ ပြောပြလိုက်ရင် လန့်ပြီး မလုပ်ရင် ကျုပ်လယ်ကိုလုပ်မယ့်လူ ဘယ်ရှိတော့မလဲ"

"ဒီလူမတိုင်ခင် ရှေ့ကငါးဦးကတော့ အသေအပျောက်ဖြစ်ပြီး လယ်ပြန်အပ်သွားကြတယ်၊

ဒီလူ စပါးသိမ်းတဲ့အထိပဲနေမလား၊ တိုးလို့တန်းလန်း ပြန်ပြေးမလား စောင့်ကြည့်ရဦးမှာပဲ၊

ခင်ဗျားတို့အပြင်ကလူတွေကတော့ မကောင်းတာပဲ ဖြစ်ချင်ကြပုံရတယ်၊

ကျုပ်ကတော့ ကျုပ်လယ်မှာလုပ်တဲ့လူတွေ ဘေးရန်ကင်းကင်းနဲ့ အောင်မြင်ကျော်လွှားနိုင်ပါစေလို့ပဲ ဆုတောင်းပေးနေပါတယ်"

တကယ်တော့ ထိုလယ်ကြီးက မမြင်နိုင်သော ပရလောက



www.burmeseclassic.com

www.burmeseclassic.com


ကာသား အန္တရာယ်ကျရောက်နေပါသည်။

ဘယ်လို အန္တရာယ်မှန်းမသိပေမယ့် ရှေ့ကလုပ်ကိုင်သွားကြသော မိသားစုဝါးစုလုံး အသေဆိုးနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရသည်သာ ဖြစ်သည်။

ပထမဆုံး စဖြစ်သည်က လွန်ခဲ့သောဆယ်နှစ်ခန့်ကဖြစ်သည်။ ဦးလွန်းမောင် လယ်ကြီးကိုအမွေရလိုက်သောနှစ်မှစ၍ ထိုဘေးဆိုးကို ကြုံရသည်။

ဦးလွန်းမောင်၏ရှေ့က အဘိုးနှင့် အဖေတို့က လယ်ကြီးကို ကိုယ်တိုင်လုပ်ခဲ့ကြသည်။ ဘာအန္တရာယ်မှ မဖြစ်ခဲ့။

အဖေ သေဆုံးသွားတော့ လယ်လုပ်ခြင်းကို ဝါသနာမပါ၍ အဖေလယ်လုပ်ရာသို့ တစ်ခေါက်မှပင် လိုက်မသွားခဲ့ဘူးသော ဦးလွန်းမောင်လည်း ဖခင်ရုတ်တရက်ဆုံးပါးသွားသည့်နောက် လယ်ကိုအပိုင်ရခဲ့သည်။

ဦးလွန်းမောင်မှာ မွေးချင်းနှစ်ယောက်ရှိသည်။ ညီမဖြစ်သူက မြို့ကသစ်တောအရာရှိတစ်ယောက်နှင့် အိမ်ထောင်ကျ၍ လင်ယောကျ်ားတာဝန်ကျရာ ပါသွားတော့သည်။

သို့ကြောင့် လယ်ယာအလုပ်ကို ဝါသနာမပါသော ဦး


www.burmeseclassic.com

www.burmeseclassic.com


လွှန်းမောင် လယ်ကိုတာဝန်ယူလုပ်ကိုင်ရတော့သည်။

သူစလုပ်သောနှစ်မှာ လယ်ကိုကိုယ်တိုင်ဝင်မလုပ်ဘဲ သူရင်းငှားဖြင့် လယ်ကိုလုပ်စေသည်။

သူရင်းငှားမိသားစုလည်း လယ်လုပ်ရန်လယ်ထဲသို့ ပြောင်းသွားကြသည်။

လယ်ပြီး၍စပါးသိမ်းသည့်အခါမှ ပြဿနာစပေါ်သည်။ စပါးများရောင်းပြီး ပြန်လာသည့်ညမှာ တစ်ညလုံးမအိပ်ရအောင် ခြောက်လှန့်နှောင့်ယှက်ခြင်းကိုခံရသည်။

တစ်ညလုံးတဲကို ကိုင်လှုပ်နေသည်၊ ကလေးများအကြောက်လွန်ပြီး ငယ်သံပါအောင် အော်ငိုနေကြသည်၊ တဲပတ်လည်လျှောက်နေသည့် ခြေသံများကြားနေရသည်။

တဲခေါင်မိုးမှ နာနာဘာဝကောင်ကြီး ဖောက်ထိုးတွဲလောင်းချကာ မျက်လုံးပြူးပြသည်။ လျှာထုတ်ပြသည်။

မိသားစုလေးယောက်ရှိသောတဲအတွင်းမှာ ငယ်သံပါအောင် အော်ဟစ်အကူအညီတောင်းသော်လည်း တစ်တဲနှင့်တစ်တဲဝေးသဖြင့် မည်သည့်အကူအညီမှ ရောက်မလာ၊

နောက်နေ့ရောက်တော့ ယောက်ျားဖြစ်သူနှင့် သားကြီး



www.burmeseclassic.com

www.burmeseclassic.com


တို့က အသက်သေဆုံးနေပြီး သပိးမိန်းကလေးနှင့် ဇနီးတို့က စောစောစီးစီးသတိမေ့သွားခြင်းကြောင့် အသက်မသေဆုံးသော်လည်း 'ကြောင်' သွားသည်။

ထိုမိသားစုသေဆုံးသွားခြင်းကြောင့် လယ်ကြီးကိုလုပ်ကိုင်မည့်သူ ရှာမရ၊

မိုးတွင်းလယ်လုပ်ချိန်ရောက်တော့ လယ်လုပ်မည့်သူ ရရှိခဲ့သည်။

ထိုမိသားစုလည်း စပါးမသိမ်းခင်မှာပင် ယောက်ျားဖြစ်သူ ပိုးထိကာသေဆုံးခဲ့သည်။

ဇနီးသည်က သရဲအခြောက်အလှန့်ခံရကာ သေဆုံးသွားသည်။

ထိုလယ်ကိုနောက်နှစ်လုပ်မည့်သူမရှိ၍ ပစ်ထားလိုက်ရသည်။

နှစ်နှစ်ခန့် ပစ်ထားခဲ့ရပြီးမှ လယ်ကိုလုပ်မည့်သူ ရရှိခဲ့၍ လုပ်ကိုင်ခဲ့ရာ စပါးသိမ်းပြီးသော်လည်း မည်သည့်အန္တရာယ်မျှ မကျရောက်ခဲ့၊

ဒါပေမယ့် ကိုင်းစိုက်ရန် လယ်ကွက်များကို ထွန်သက်

www.burmeseclassic.com

www.burmeseclassic.com


နေစဉ် ယောက်ျားဖြစ်သူမှာ မည်သည့်ရောဂါမှန်းမသိဘဲ ရုတ်တရက်သေဆုံးသွားသည်။

သို့ကြောင့် ထိုကိုင်းလုပ်ငန်းကို ဆက်၍လုပ်ကိုင်မည့်သူ မရှိဘဲ ပလပ်မြေဖြစ်သွားရပြန်သည်။

နောက်တော့ ဇီးဦးမြောက်လယ်လုပ်သူ ရောက်လာသည်။ သရဲတစ္ဆေအယုံအကြည်မရှိသူ၊ ပါးစပ်ကလည်း အပြောအဆိုကြမ်းသည်။

မိုးကျသည်နှင့် လယ်ထွန်၊ မျိုးကြဲ၊ ကောက်စိုက်အလုပ်ကို အနှောက်အယှက်မရှိ လုပ်နိုင်ခဲ့သည်။ မိုးတွင်း ထမင်းဟင်းချက်ရန် နွေအခါက ထင်းခြောက်များအလုံအလောက် မရှာထားသည့်အတွက် ထင်းခုတ်ရန် တဲနောက်ဖက်ရှိ ပလပ်မြေပေါ်မှ ချုံများ၊ သစ်ပင်ပေါက်လေးများကို လောင်စာထင်းအဖြစ် အသုံးပြုရန် ဓားတစ်ချောင်းဆွဲ၍ ထွက်သွားသည်။

ချုံပင်များကို ထင်းတစ်စည်းစာ ခုတ်ထွင်ရှင်းပြီး ကြိုးနှင့်စည်းကာ တဲသို့ပြန်လာခဲ့သည်။

နောက်မှ မြွေဟောက်တစ်အုပ် လိုက်ပါလာပြီး အပြီးကြီးစွာ ပေါက်သတ်ခြင်းခံလိုက်ရတော့သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ လယ်ကြီးဝင်ရောက်လုပ်ကိုင်သူ သူရင်းငှား မိသားစု ဂါးဦးတိတိထိခိုက်ဆုံးရှုံးခဲ့ခြင်းကြောင့် နောက်မည်သူမျှ ထိုလယ်ကြီးကို ဝင်ရောက်လုပ်ကိုင်ရန် စိတ်မကူးတော့၊

သို့ကြောင့် ထိုလယ်ကြီးကို တစ်နှစ်လည်းလုပ်မည့်သူ မရှိ၊ နှစ်နှစ်လည်းလုပ်မည့်သူမရှိ၊ အလကားနီးပါး ပေးလုပ်ပါ မည်ဟု သတင်းဖြန့်သော်လည်း လုပ်ကိုင်မည့်သူ ပေါ်မလာခဲ့၊

သို့ဖြင့် သူ၏လယ်ကို ဤအတိုင်းသာပစ်ထားရန် ဆုံးဖြတ်လိုက်ရတော့သည်။

တစ်နေ့ မြစ်ဝကျွန်းပေါ်ဘက်မှ တစ်ရွာလုံးမုန်တိုင်းမိ ရေကြီးသဖြင့် ရွာလုံးကျွတ်မျှပျက်စီးကုန်သည်။

ထိုရွာသား မိသားစုလေးယောက်လည်း သေကံမ ရောက်ကျန်ရစ်ခဲ့သဖြင့် သူတို့မိရိုးဖလာဇါးရှာအလုပ်ကို စွန့်ပြီး ရရာ အလုပ်တစ်ခုခုလုပ်ရန် လှေတစ်စင်းနှင့် ထွက်ခဲ့ကြ သည်။

ဘိုကုန်းရွာသို့အရောက် လှေဝမ်းပေါက်သွားသည့် အ တွက် ခရီးဆက်ရန်မဖြစ်တော့၊

ကမ်းကပ်၍ ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ခိုကပ်

www.burmeseclassic.com

www.burmeseclassic.com



နေရသည်။

အလုပ်မရှိ ရရာအလုပ်လုပ်ပါမည်ဟု ကျောင်းထိုင်ဘုန်းကြီးအား လျှောက်တင်နေစဉ် ဆွမ်းချိုင့်လာပို့သော ဦးလွန်းမောင်တို့ လင်မယားက ကြားသဖြင့် ကိုဘထွန်းအား လယ်ဆယ်ကော ရှိသည်။ လုပ်မလား၊ နွားလည်းပေးမည်၊ မျိုးစပါးလည်းပေးမည်ဆိုလာသဖြင့်.....၊

ကိုဘထွန်းလည်း ရေငတ်တုန်း ရေတွင်းထဲကျသလိုကဲ့သို့ ဝမ်းသားအားရ လုပ်ပါမည်ဟု လက်ခံခဲ့သည်။

ဆရာတော်ထံလျှောက်၍ ထိုလင်မယား မိသားစုလေးကို အိမ်သို့ခေါ်ခဲ့သည်။

ဦးလွန်းမောင်အိမ်ကို လိုက်ခဲ့သောမိသားစုအား နေရာထိုင်ခင်းပေးပြီး မိသားစုကိုအိမ်မှာထားသည်၊ ကိုဘထွန်းကို တဲပြင်ဆောက်ရန် ကိုလှမောင်အား နေရာပြစေသည်။

ကိုဘထွန်းနှင့် ကိုလှမောင်တို့ တဲကို ပစ္စည်းအစုံအလင်နှင့် ငါးရက်မျှကြာအောင်ဆောက်လိုက်ရသည်။

မိုးတွင်း စပါးမျိုး၊ မြေညှိဇာမှအစ တာဝန်ယူမည်ဖြစ်ပြီး လယ်ကို သူရင်းငှားသဘောမျိုးမဟုတ်ဘဲ၊ ဆယ်ကော နုတ်



www.burmeseclassic.com

www.burmeseclassic.com


ပြုတ်နှံ့ဖြင့် အသက်သာဆုံးငှားလိုက်သည်။

နွားငှားခကိုလည်း အသက်သာဆုံးဈေးဖြင့် အငှားပေးလိုက်သည်။

ရိက္ခာအဖြစ် ဆန်တစ်အိတ်၊ ငါးပိ၊ ဆီ၊ ဆား။ ကြက်သွန်တို့ကိုလည်း ပေးရုံမက အသုံးအတွက် ငွေငါးဆယ်ပါ ထုတ်ပေးလိုက်သည်။

အဖိုးအခအားလုံး စပါးရောင်းပြီးမှသာ ပြန်ဆပ်ရန်ကူညီဖြည့်ဆည်းပေးခဲ့သည်။

ကိုဘထွန်းတို့ အရင်းအနှီးစိုက်စရာမလိုတဲ့ လယ်ဆယ်ဧကကို လုပ်ခွင့်ရလိုက်သည်။

အိမ်ထောင်မကျခင်က လယ်အလုပ်ကို လုပ်လာခဲ့သည့်အတွက် ယခုလယ်လုပ်ရမည်ဆိုသောအခါ အတွေ့အကြုံရှိထားပြီးပြီမို့ သူ့အတွက်အခက်အခဲမရှိနိုင်၊

ကိုဘထွန်း ရွာတွင်းမှအပြန် ကြက်တစ်ကောင်ကို ဝယ်ခဲ့သည်။ တဲရောက်တော့နေ့ တစ်နာရီပင်ခွဲပြီ၊ ရောက်ရောက်ချင်းကြက်ကိုကိုင်လိုက်ပြီး ဇနီးဖြစ်သူအား တင်းချက်ခိုင်းလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com



"ငါလယ်ထဲ ဆင်းလိုက်ဦးမယ်၊ ကလေးတွေကို ထမင်းကြိုပြီးကျွေးမထားနဲ့၊ အကြောင်းရှိလို့ ပြောတာ"

"ရှင်လာမှ စားကြတာပေါ့၊ နွားတော့ စောစောသိမ်း၊ ရှင့် သားသမီးတွေက ကြက်သားဟင်းနံ့ရလို့ ဗိုက်ဆာတယ် လုပ်နေလိမ့်မယ်"

"ဗိုက်ဆာလည်းမစားစေနဲ့၊ ငါစောစော အလုပ်သိမ်းခဲ့မယ်"

ကိုဘထွန်းလည်း နွားနှစ်ကောင်ကိုဆွဲကာ လယ်ကွင်းထဲဆင်းသွားသည်။

မိုးက မမှန်သေးသော်လည်း မြေမျက်နှာပြင်အပေါ်ယံ စိုနေပြီဖြစ်၍ ထယ်ထိုးရာ၌နွားရောလူပါ သက်သာသည်။

ကိုဘထွန်းလည်း လေးနာရီခွဲခန့် နွားနှစ်ကောင်ကို အနားပေးကာ ထယ်ဖြုတ်လိုက်သည်။

နွားနှစ်ကောင်ကို လယ်ကွင်းထဲမှာပင် ကြိုးရှည်ရှည်နှင့် လှန်ထားခဲ့ပြီး တဲသို့ပြန်လာခဲ့သည်။

တဲရောက်သည်နှင့် ခဏမျှအနားယူကာ ရေနွေးကြမ်း ပူပူ သုံးလေးခွက်မျှ ဆင့်သောက်လိုက်သည်၊ ခန္ဓာကိုယ်အညောင်းအညာ



www.burmeseclassic.com

www.burmeseclassic.com


ညီသွားပြီး ဈေးတိတ်သွားမှ ရေချိုးရန်ထွက်ခဲ့သည်။

❖❖❖

ကိုဘထွန်းလည်း ထမင်းစွဲနေသောဇနီးအား…၊

"ကဲ…ဒါဟင်းခပ်မယ်၊ ဟင်းပန်းကန် တစ်ချပ်ပေး"

ဟင်းပန်းကန်အတွင်း အသည်းအမြစ်၊ ခေါင်း၊ ခြေထောက်တို့ကို ရွေးပြီးခပ်ထည့်လိုက်သည်။

"ကဲ…ဒါခပ်ပြီးပြီ၊ မင်းတို့ ခပ်ပြီး ထည့်စားကြတော့၊ ဒီ တဲနောက်ကို ခဏသွားလိုက်ဦးမယ်"

တဲမှအထွက် ငှက်ပျောရွက်တစ်ရွက်ကို ဖြတ်ခဲ့ကာ၊ လယ်အစပ် ကုန်းကမူနားတွင် ငှက်ပျောရွက်ကို ဖြန့်ခင်းလိုက်သည်။

ငှက်ပျောရွက်အပေါ် ဟင်းများသွန်ချလိုက်ပြီး ကိုဘထွန်းပါးစပ်က အသံအချို့ထွက်လာပါသည်။

"တဲနီးနားချင်း မိတ်ဆွေများကို အသိမိတ်ဆွေဖွဲ့ပါသည်၊ မိတ်ဆွေများ ဤနေရာမှာ နေထိုင်သည်ကိုလည်း သိပါသည်။ တစ်ဦးနှင့်တစ်ဦး မိတ်ဆွေအဖြစ် အသိအမှတ်ပြုပြီးနေ



www.burmeseclassic.com

www.burmeseclassic.com


ကြမည်ဖြစ်ပါသည်။

စားကောင်းသောက်ကောင်း ချက်ပြုတ်ပါလျှင်လည်း လာ၍ ပို့ဆောင်ပေးပါမည်။ သူပိုင် ကိုယ်ပိုင်သတ်မှတ်၍ တစ်ဦးနှင့် တစ်ဦး မိတ်မပျက်ပေါင်းသင်းလိုပါသည်၊ မိတ်ဆွေကြီးတို့ စိတ်ချမ်းသာစွာ စားသုံးကြပါ"

ကိုဘထွန်းက ထိုမျှသာပြောပြီး တဲသို့ပြန်ခဲ့သည်။

တဲအတွင်း မိသားစုသုံးယောက် ထမင်းဝိုင်းဖွဲ့စား သောက်နေကြပေပြီ၊

မအေးဘုံက ကိုဘထွန်းအား ဘာသွားလုပ်သည်ကို မစပ်စု၊ ဟင်းတစ်ခွက် ကိုဘထွန်းအတွက်ချန်ကာ၊ ငါးပိရည်၊ တို့စရာ၊ ကြက်သားဟင်းတို့ဖြင့် သားအမိသုံးယောက် ခေါင်းမဖော်တမ်းစားနေကြသည်။

နောက်နေ့ လယ်ထဲမဆင်းခင် မအေးဘုံအား...၊

"အေးဘုံ၊ ဒီနေ့ ရွာထဲဝင်ပြီး အမဲသားဟင်းစားသွား ဝယ်ပါလား၊ မနက်စာအတွက် ကြိုသလို စားကြမယ်၊ အမဲသား ဟင်းကို ညစာအတွက် ကြိုတင်ချက်ထားရအောင်"

"ကျုပ်သွားလိုက်ပါ့မယ်၊ ဒီအချိန်ဆို ရွာထဲလှည့်ရောင်း


www.burmeseclassic.com

www.burmeseclassic.com


တဲ့ အသည်တွေ ရောက်နေလောက်ပြီ”

“အေး...အမဲသားသည်မကုန်ခင် သွားဝယ်လိုက်”

ကိုဘထွန်း လယ်ထဲသွားသလို မအေးဘုံလည်းရွာထဲသို့ ထွက်သွားသည်။

ညစာ ချက်ပြုတ်ပြီးသွားပြီ၊ ကိုဘထွန်းလည်းမနေ့ကကဲ့သို့ ငှက်ပျောရွက်တစ်ရွက်ယူကာ တဲနောက်ဘက်သို့ ထွက်ခဲ့သည်။

ငှက်ပျောရွက်ခင်းကာ တင်းကိုပုံလိုက်ပြီ။

“မိတ်ဆွေများ အားရပါးရ သုံးဆောင်ပါ။ တဲနီးနားချင်းများအဖြစ် အသိအမှတ်ပြုပါ။ တစ်ဦးကိုတစ်ဦး စောင့်ရှောက်ပါ”

ထိုသို့ ပြောခဲ့ပြီးတဲသို့ပြန်လာကာ ထမင်းကိုအားပါးတရ စားသောက်နေလိုက်သည်။

သို့ဖြင့် ထိုသို့တင်းများသွားပို့ပြီး သုံးရက်မြောက်ညနေအလုပ်သိမ်းကာ ကွပ်ပျစ်ပေါ်ထိုင်၍ နှီးဖြာနေစဉ် အသက်ငါးဆယ်ကျော် နှုတ်ခမ်းမွေးရေးရေး၊ ပုဆိုးကွက်ကျဲဝတ်ထားသည့် လူကြီးတစ်ယောက် အနားရောက်လာသည်။

“ခဏမျှ ထိုင်ခွင့်ပြုပါ”

www.burmeseclassic.com

www.burmeseclassic.com


"တာ...လာပါ၊ ထိုင်ပါ၊ ကွမ်းများလည်း စားလိုက စားပါ။ ရေနွေးကြမ်းလည်း အဆင်သင့်ရှိပါတယ်၊

ဘယ်ကများ လျှောက်လာပါသလဲ"

"တဲနီးနားချင်းတွေ ဆိုပါတော့...၊ မိတ်ဆွေက ဦးလေးကို ညနေတိုင်းတင်းလာပို့နေလို့ ကျေးဇူးတင်စကားပြောဖို့ လာခဲ့တာပါ။

မိတ်ဆွေပို့တဲ့တင်းကို ကောင်းမွန်စွာစားရပါတယ်၊ ခုလိုပို့ပေးတဲ့အတွက် ကျေးဇူးတင်ကြောင်းပြောဖို့ရယ်၊ အကူအညီတောင်းဖို့ရယ်၊ ကျေးဇူးဆပ်ဖို့ရယ် လာခဲ့တာပါ။

ဒီနေ့ကစပြီး နေ့တိုင်းတင်းတစ်ခွက်ချက်ပြီး ပို့ပေးဖို့ အကူအညီတောင်းချင်တာပါ။ တင်းဖိုးလည်း မကြာမကြာ လာပေးပါမယ်၊

အခု တင်းဖိုးပေးခဲ့ပါမယ်၊ ပိုတဲ့ပိုက်ဆံကို လိုလိုပိုပို စုထားပေါ့၊ များများပိုလာတဲ့အခါ အမျိုးသမီးကို ချေးရောင်းခိုင်းပေါ့၊

ကဲ...ဒီမှာ ငွေစ....၊ နည်းတယ်၊ များတယ် မထင်ပါနဲ့"

"တာ....နေ့တိုင်း တစ်ပတ်စာ ချက်ပေးရင်တောင် ငွေ



www.burmeseclassic.com

www.burmeseclassic.com

ဝက်လောက်ပိုပါသေးတယ်”

“ပိုတာ ယူထား၊ မကြာမကြာလာပေးမယ်၊ ဟင်းကို အသည်း၊ အူ၊ ခေါင်း၊ ခြေထောက်ပါအောင် ချက်ပေးပါ”

“ဟုတ်ကဲ့၊ ဦးလေးပြောတဲ့အတိုင်း ချက်ပေးပါ့မယ်၊ ချက်တဲ့ ဟင်းရော အရသာတွေ့ရဲ့လား”

“အား....စားလို့ကောင်းတာပေါ့ အဲ့ကြောင့် လာပြီးအကူ အညီတောင်းရတာ”

“အဲ့နဲ့ ဦးလေးကြီးကိုမသိလို့ မေးပါရစေ၊ ဟိုတစ်နေ့က သမီး ဟင်းရဲ့အတွက် အသီးအနှံစိုက်ရန်မြေတူးနေစဉ်မှာ ယောက်ျားလေးတစ်ယောက်နဲ့ မိန်းကလေးတစ်ယောက် လာပြီးတားတယ်လို့ ဆိုပါတယ်”

“ပြော်...အဲလား၊ အဲဒါ ဦးကြီးရဲ့သားနဲ့ သမီးပဲ၊ သားကို လွှတ်လိုက်တာ၊ သမီးက ဖေါ်ကာန်ပြီးလိုက်သွားလေရဲ့၊ သူက စိတ်ထက်လို့ သားကိုလွှတ်လိုက်တာ၊

အရင်နေခဲ့တဲ့လူတွေက သူ့နေရာ ကိုယ့်နေရာ သတ် မှတ်ချက်မရှိဘူး၊ အလေး၊ အပေါ့ စွန့်ချင်တဲ့အချိန် လာစွန့်တာပဲ၊

ချုံတွေ၊ သစ်ပင်တွေ လာခုတ်လားခုတ်ရဲ့၊ ကလေးတွေ

www.burmeseclassic.com

www.burmeseclassic.com



သိတော့ ခုကျွဲဖြစ်ကုန်တာပေါ့၊ မြေပေါက်တွေ ဖန်ဆင်းပြီးတိုက်ခိုက်လွှတ်ကြလွန်းလို့ မနည်းဆုထားကြိမ်းထားရတယ်၊

အခု မိတ်ဆွေသမီး တူးထားတဲ့နေရာရဲ့ နောက်ဘက်ဆယ်ပေလောက်ဆုတ်ပြီး တူးဆွစိုက်ပျိုးပါ၊ ဒါဆို ဘာမှမဖြစ်တော့ပါဘူး”

“အဲဒီလိုသိထားမှ ရှောင်တန်ရှောင်၊ လုပ်တန်လုပ်ရတော့မှာပေါ့”

ခဏကြာတော့ ဦးလေးကြီးပြန်သွားသည်။

သို့ဖြင့် တဲနီးချင်းမိတ်ဆွေကြီးမှာသော ဟင်းများကို နေ့စဉ်မပျက် ပို့ပေးခဲ့သည်။

တစ်ပတ်ခန့်ကြာတော့ ထိုဦးလေးကြီး ရောက်လာကာ ဈေးဝယ်ဖို့ငွေထုတ်ပေးပြန်သည်။

ထိုငွေဖြင့် နေ့စဉ်မပြတ် ချက်ပြုတ်ပို့ပေးရင်း မကြာမကြာရောက်လာကာ စကားတွေပြောဖြစ်ကြသည်။

သို့ဖြင့် မကြာခင်စပါးတွေ ရင့်မှည့်လာသည်။

တဲနီးနားချင်း မိတ်ဆွေများက စပါးသီးနှံများကို ကျေးငှက်များမစားရအောင် ကူညီပေးသဖြင့် သီးနှံအပျက်အစီး မရှိဲ



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စပါးသိမ်းပြီး ကိုင်းစိုက်ရန်လုပ်ပြန်သည်။ မြေပဲ အရင်းအနှီးထုတ်ပေးသဖြင့် မြေပဲစိုက်သည်။ နှမ်းစိုက်သည်၊ အားလုံးဖြစ်ထွန်းသည်။

တစ်နှစ်အတွက်စွား၌၊ မျိုးပိုး၊ လယ်ခ ချေပြီး၊ အမြတ်ငွေ ငါးရာခန့်ကျန်ခဲ့သည်။

ထိုအချိန် လယ်မလုပ်ချင်သော လယ်ပိုင်ရှင်ဦးလွန်းမောင်က လယ်ကိုအပိုင်ဝယ်ရန်ပြောလာသလို၊ တဲနီးနားချင်း မိတ်ဆွေဦးလေးကြီးကလည်း လယ်အပိုင်ဝယ်နိုင်ရန် ငွေထုတ်ပေးမည်ဟု ပြောလာသည်။

''ဟာ...တစ်နှစ်၊ နှစ်နှစ်တန်သည် လုပ်ပြီးမှ ဝယ်ပါရစေ၊ တစ်နှစ်အတွင်း အပိုင်ဝယ်လိုက်ပါက ငွေဘယ်ကရသလဲဟု မေးမြန်းစုံစမ်းနေပါက အဖြေရခက်ပါသည်ဟု အကြောင်းပြကာ ငွေထုတ်ပေးမည့်သူကို တားထားရသေးသည်။

သို့ဖြင့် နှစ်နှစ်အရောက်မှာ ကိုဘထွန်းလယ်ပိုင်ဖြစ်လာသည်။

ဘယ်အချိန်သေမည်နည်းဟုသော ရှာသားတို့၏ စိတ်ဝင်စားမှုလည်း လျော့ပါးသွားသည်။

❖ ❖ ❖



www.burmeseclassic.com

www.burmeseclassic.com


တစ်နေ့ မနက်မိုးမလင်းခင် ငါးနာရီခန့် တဲပေါ်သို့ ခဲလုံးများ တစ်လုံးပြီးတစ်လုံး ကျလာသည်။

"ဝုန်း......"

"ဝရော....."

သက်ကယ်မိုးပေါ်ကျသော ခဲတစ်ချို့ အပေါက်ပေါက်ပြီး တဲအတွင်းသို့ ကျလာသည်။

"ဟာ...ဒုက္ခပါပဲ၊ ဘယ်သူတွေများ လာပေါက်နေပါလိမ့်......"

"ဝုန်း......ဝုန်း......ဝုန်း....."

"ဟာ....ဟာ၊ တဲကိုလည်း လာလှုပ်နေပြီ"

"ဟာ...ပြိုကျန်တော့မှာပဲ....."

"အမေ.....အမေ၊ သားကြောက်တယ်"

"ငြိမ်ငြိမ်နေ၊ ဘာမှမဖြစ်ဘူး။ ငါအောက်ဆင်းမယ် အားလုံးတဲပေါ်မှာနေ"

"မဆင်းပါနဲ့၊ တော်ကြာ တစ်ခုခုဖြစ်နေဦးမယ်"

"ရတယ်...ရတယ်၊ မင်းတို့သာ အောက်မဆင်းနဲ့"

ကိုဘထွန်း တဲအောက်သို့ ဆင်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှေ့မှာ မြွေဟောက်ကြီးတစ်ကောင်ကို တွေ့လိုက်သည်။

"ရှူး……ရှူး……ရှူး…"

"ဟာ….သွား…သွား၊ ဇါ့ကို အန္တရာယ်မပေးနဲ့၊ ငါတို့မိသားစုက ဘယ်သူ့ကိုမှ အန္တရာယ်မပေးဘူး"

ကိုဘထွန်းက ထိုသို့ပြောဆိုနေရင်း မြွေဟောက်ကြီးကို ခြောက်လှန့်ထုတ်နေသည်။

ထိုစဉ် တဲနောက်ဘက်အကွယ်မှ မိတ်ဆွေဦးလေးကြီး ထွက်လာကာ တောင်ဝှေးနှင့်မြွေကြီးကို တို့လိုက်ရာမြွေကြီးထိုနေရာက ပျောက်သွားသည်။

"ဟာ….ဦးကြီး၊ ဘယ်လို ဖြစ်တာလဲ"

"ဒီစကားကို ကျုပ်ကမေးရမှာ…..၊

ကျုပ်က မိတ်ဆွေမိတ်လာဖွဲ့စဉ်က ပြောခဲ့တယ်မဟုတ်လား၊ ကျုပ်တို့ မကြိုက်တဲ့ အပြုအမူကိုမလုပ်ပါနဲ့လို့၊ မိတ်ဆွေတို့ မကြိုက်တာလည်း မလုပ်ဘူးလို့ပြောခဲ့တယ်"

"ဟုတ်ပါတယ်၊ မိတ်ဆွေကြီးပြောခဲ့သလို ကျုပ်လည်း ဘာမှ မလုပ်ပါဘူး၊ အတတ်နိုင်ဆုံး ကူညီခဲ့တယ်"

"ညဦးပိုင်းက မိတ်ဆွေတို့မိသားစုကြောင့် ကျုပ်တို့အား



www.burmeseclassic.com

www.burmeseclassic.com


လုံး အဝေးကို ထွက်နေကြတယ်၊

ကျုပ်တို့အားလုံး အဲဒီအသံကို မကြားရတဲ့နေရာအထိ သွားရတာ၊ လေကသင့်နေတော့ အသံက အတိုင်းသားမဟုတ်လား။ ခင်ဗျားတို့ကြောင့် ကျုပ်တို့မိသားစု ဒုက္ခရောက်ရတယ်၊

ဒါ့ကြောင့် ကလေးတွေ မကျေနပ်လို့ ခဲနှင့်ပေါက်၊ အိမ်ကိုလာလှုပ်ကြတာ။ အချို့က မြေကိုဖန်ဆင်းပြီး ပေါက်မယ် တကဲကဲလုပ်နေတာ"

"ကျွန်တော်သဘောပေါက်ပါပြီ၊ ညက သားကို၊ ငွေရေးကြေးရေး အသင့်အတင့်ရလာလို့ ရှင်ပြုပေးမလားစိတ်ကူးရတာနဲ့ ဘုရားရှိခိုးခိုင်းပြီး ဘုရားစာတွေသင်ပေးနေတာ၊

ပဋ္ဌာန်း(၂၄) ပစ္စည်းကိုလည်း သင်ပေးနေမိတယ်"

"အဲဒါကြောင့် ပဋ္ဌာန်းရွတ်သံမကြားရတဲ့အထိ ပြေးကြရတာ၊ ငယ်ရွယ်သူတွေကစိတ်ဆိုးကြတာပေါ့"

"နောက်ကို မဖြစ်စေရပါဘူးလို့ ကတိပေးပါတယ်"

"ဒါဆိုလည်း အရင်လိုပဲ ဆက်နေထိုင်သွားတာပေါ့"

သို့ဖြင့် နာနာဘာဝ ပရလောကသားများနှင့် ကိုဘထွန်းတို့ တစ်ဦးမေတ္တာ တစ်ဦးထားပြီး နေထိုင်ခဲ့ကြရာ........



www.burmeseclassic.com

www.burmeseclassic.com


ကိုဘထွန်းလည်း အိမ်ပိုင်၊ မြေပိုင်၊ လယ်ပိုင်၊ နွားပိုင်နှင့် ရွာမျက်နှာဖုံး ဖြစ်လာခဲ့တော့သည်။

❖ ❖ ❖

တစ်ရက်၊ တဲနီးနားချင်း မိတ်ဆွေဦးလေးကြီး မျက်နှာမကောင်းစွာနှင့် ရောက်လာသည်။

"ဦးလေး၊ ဘာများ မကျေမနပ် ဖြစ်လို့လဲ၊ မျက်နှာမကောင်းပါလား"

"ဦးလေးတို့ ဒီကတစ်ပတ်အတွင်းပြောင်းရတော့မယ်"

"ဗျာ....အားလုံးသွားကြတော့မှာလား၊ ဦးကြီးတို့သွားရင် နောက်ရောက်လာမယ့် အိမ်နီးနားချင်းများကို ဦးကြီးတို့လို ဆက်ဆံလို့ရပါ့မလား"

"ဘာမှ မစိုးရိမ်ကြနဲ့တော့၊ ဒီနေရာကို ဘယ်သူမှ လာမနေနိုင်းတော့ဘူး၊

မိတ်ဆွေတို့မိသားစုကို နှုတ်ဆက်ခဲ့ပါတယ်၊ ဦးလေးတို့သွားရမယ့်ရက်မတိုင်ခင်အထိတော့ စားစရာပို့ပေးပါဦး၊

ကျုပ်တို့သွားရင်လည်း မိတ်ဆွေတို့မိသားစုအတွက်


www.burmeseclassic.com

www.burmeseclassic.com


လက်ဆောင်ပေးခဲ့ပါဦးမယ်"

"နေပါစေခင်ဗျာ........"

"ခင်ဗျားတို့မိသားစု၊ ကျုပ်တို့ဒီနေရာက ထွက်သွားပြီး နောက်ပိုင်း တရားစာကောင်းကောင်းရွတ်နိုင်ပါပြီ၊

အလှူအတန်းတွေလည်း ဆန္ဒရှိတဲ့အတိုင်း လုပ်နိုင်ပါတယ်၊

ဦးလေးတို့ရဲ့ ဘဝရပ်တည်ရေးအတွက် ဇီ့တူတို့ပြုမယ့် ရှင်ပြုအလှူကို ပိတ်ပင်သလိုဖြစ်သွားရတာလည်း စိတ်မကောင်း ပါဘူး၊

နောက်ကို ဇီ့တူတို့စိတ်တိုင်းကျ လုပ်ကိုင်နိုင်ပါပြီ၊

ဇီ့တူတို့ ပြုသမျှကုသိုလ်တိုင်းကို ကျုပ်တို့ကိုရည်စူးပြီး အမျှဝေချင်လည်း ဝေလို့ရပါတယ်"

"စိတ်တော့မကောင်းပါဘူး၊ အခုအချိန်ထိ ကျွန်တော် လည်း ကောင်းမှုတစ်ခုတောင် မလုပ်နိုင်သေးဘူး၊ ဒါ့ကြောင့် အမျှလည်းမဝေနိုင်သေးဘူး၊ နောက်ပိုင်းတော့ ရသမျှဦးဦးဖျား ဖျား ဖယ်ချန်ထားပြီး အလှူလုပ်ဖို့စိတ်ကူးထားပါတယ်၊

ကျွန်တော်အလှူလုပ်လို့ အမျှဝေရင် ဦးလေးကြီးနဲ့ သိ


www.burmeseclassic.com

www.burmeseclassic.com

နိုင်ပါ့မလား"

"အရင်ကတော့ လက်ရှိနေရတဲ့ဘဝကို ကျေနပ်နေလို့ တရားသံ၊ အမျှဝေသံ မကြားချင်ခဲ့တာ အမှန်ပါ။ ငယ်ရွယ်သူတွေရဲ့ စိတ်ကတော့ ဦးလေးလိုပဲ ရောက်တဲ့ဘဝမှာ ကျေနပ်နေကြတုန်းပဲ၊

ဒါပေမယ့် ဦးလေးကတော့ ဒီဘဝကြီးက ကျွတ်လွတ်ချင်ပြီ၊ ဒါ့ကြောင့် ဦးလေးရဲ့ တစ်ဦးတည်းဆန္ဒကတော့ ဖိုးတူက သာ အမျှဝေမယ်ဆိုရင် တောစောင့်နတ်၊ တောင်စောင့်နတ်တို့က အသိပေးရင်တော့ ဘယ်လောက်ဝေးဝေး အမျှရပြီးသာဓုခေါ် နိုင်မှာပါ"

"ဦးလေးကြီးဆန္ဒကိုသိရပြီဆိုတော့ အလှူဒါနပြုတိုင်း သာဓုခေါ်နိုင်အောင် အမျှပေးဝေပါ့မယ်၊ ကျွန်တော် အမျှပေးဝေနိုင်အောင် ဦးလေးကြီးနာမည်မသိရသေးလို့ ပြောပြခဲ့ပါဦး"

"ဦးကြီးရဲ့အမည်က ဦးနန္ဒပါ"

"ဟုတ်ကဲ့၊ မှတ်ထားပါ့မယ်"

ဦးနန္ဒခေါ် တဲနီးချင်းမိတ်ဆွေကြီးလည်း ကိုဘထွန်းအား နှုတ်ဆက်ပြီးပြန်သွားတော့သည်။

ဝိုးတာပေ

www.burmeseclassic.com

www.burmeseclassic.com



နောက်ရက်မကြာမီ မိတ်ဆွေကြီးဦးနန္ဒရောက်လာပြီး ငွေသား ငါးရာကိုလာပေးသွားသည်။

"ကျေးဇူးတင်ပါတယ်၊ ဦးလေးကြီးနန္ဒ"

"ဒီငွေကို ဇနီးရဲ့သား ရှင်ပြုတဲ့အခါ သုံးလိုက်ပါ။ ဒါကျုပ်တို့ပိုင်တဲ့ ပိုက်ဆံပေးခဲ့တာ၊ ဒီည ဦးလေးတို့အားလုံး နေရာပြောင်းကြတော့မယ်၊ အားလုံးပြင်ဆင် သိမ်းဆည်းနေကြပြီ၊

ကျုပ်တို့ ကျတ်တွေဆိုတာ မိတ်ဆွေသိလား"

"ဗျာ....ကျတ်တွေ..ဟုတ်လား၊ မသိပါဘူး"

"ကျတ်ဆိုတာ လူယောင်ဖန်ဆင်းလို့လည်း ရတယ်၊ စေတနာရှိရင် လူတွေကိုပေးကမ်း ကျွေးမွေးလို့လည်းရတယ်၊ ကျတ်တွေက လူယောင်ဖန်ဆင်းပြီး ကျွေးတဲ့အစားအစာကို လူတွေစားမိရင်လည်း မထိခိုက်ဘူး၊ အန္တရာယ်မပေးပါဘူး"

ထို့နောက်တော့ ဦးလေးကြီးနန္ဒလည်း ကိုဘထွန်းအား နှုတ်ဆက်ပြီး ပြန်သွားတော့သည်။

ညသန်းခေါင်ယံရောက်တော့ မိသားစုအလိုက် ပြောင်းရွှေ့သံများ၊ တစ်ယောက်နှင့်တစ်ယောက်ခေါ်သံများ စိတ်မကောင်းစွာကြားနေရသည်။



www.burmeseclassic.com

www.burmeseclassic.com

မနက် မိုးလင်းသည်နှင့် မိတ်ဆွေကြီးတို့နေခဲ့သော နေရာအား စိတ်ဝင်စား၍ သွားရောက်လေ့လာကြည့်မိသည်။

ထူးခြားမှုဟူ၍ ဘာမှရှာမတွေ့!

ထိုအချိန်မှစ၍ ကိုဘထွန်းတို့လင်မယားလည်း သားရှင်ပြုရန်အစီအစဉ်ချကာ သားဖြစ်သူအား ဘုန်းကြီးကျောင်းသို့ ပို့လိုက်သည်။

မကြာခင်မှာပင် သားလေးကိုရှင်ပြုအလှူစည်ကားစွာလုပ်ပေးပြီး သာသနာ့ဘောင်သို့ သွတ်သွင်းပေးခဲ့သည်။

အလှူတရားတော်နာပြီး ရေစက်မချခင်၊ တောစောင့်နတ်၊ တောင်စောင့်နတ်တို့နှင့်တကွ၊ ကျတ်မိတ်ဆွေကြီး ဦးနန္ဒအား အလှူတရားနာပြီး အမျှဝေမည်ဖြစ်ပါ၍ ကျတ်မိတ်ဆွေကြီးအား အသိသွားပေးတိုင်တည်၍ ကောင်းမှုကုသိုလ်အဖို့ဘာဂတို့အားရေစက်ချကာ အမျှပေးဝေခဲ့ပါတော့သတည်း။ ။

❖❖❖❖❖


www.burmeseclassic.com

www.burmeseclassic.com

# ခေါင်းပြတ်သရဲညီနောင်

"ဝုန်း....."

"ဂျိန်း......"

"အား....လား....လား....."

"ဖြည်းဖြည်းမောင်းပါကွာ၊ မြီးညောင်းရိုး ကျိုးပါပြီ၊ အား....ကျွတ်...ကျွတ်..."

"မြို့ပေါ်က ကားတွေလိုတော့ ဗိမ်မရှိဘူးပေါ့ကွာ"

"မင်းတို့လှည်းလမ်းကလည်း ဆိုးလိုက်တာ၊ ငါ့စိတ်ထဲမှာ လှည်းဘီးကအကြီးကြီးတွေဆိုတော့ အခုလိုမျိုးခေါင့်မယ်လို့တော့ မထင်ဘူးပေါ့"

အခုတော့ တစ်မိုက်လောက်၊ တစ်ထွာလောက်ချိုင့်လေးတွေကျတာတောင် ဝုန်းခနဲ၊ ဂျိန်းခနဲ၊ နာလိုက်တာမှလွန်ရော၊



www.burmeseclassic.com

www.burmeseclassic.com

အထင်နဲ့အမြင် သောက်တလွဲပဲ၊

ဒါနဲ့ မရောက်သေးဘူးလား"

"ဟိုရှေ့က အုံ့အုံ့ဆိုင်းဆိုင်းမြင်ရတာ ဇါတို့ရွာပဲ"

"သိပ်မဝေးတော့ဘူးပဲ"

"ဝုန်း....."

"အား.....သေပါပြီ၊ ဟိုး...ဟိုး....ရပ်..ရပ်"

"ဟာ...ဘာဖြစ်တာလဲ ဝင်းကို"

"မြေပေါ်ကပဲ ခြေကျင်လျှောက်ပြီး လိုက်ခဲ့တော့မယ်"

"မင်းကလည်းကွာ မင်းလှည်းမစီးဖူးဘူးဆိုလို့ ဇါ့ရဲ့ ဦးလေးကို တကူးတကမှာပြီး လှည်းနဲ့လာကြိုခိုင်းရတာ"

"ဒီလောက်စီးလိုက်ရလို့ လှည်းအကြောင်းသိသွားပါပြီ၊ အပြန်ကျရင်ခြေကျင်လျှောက်ပြီး ပြန်ကြတာပေါ့"

"ခြေကျင်ပြန်စရာ မလိုပါဘူးကွာ၊ ထော်လာဂျီတွေ ရှိပါတယ်၊ မင်း လှည်းစီးရအောင်လို့ လှည်းနဲ့လာကြိုဖို့ မှာလိုက်တာပါ"

ဝင်းကိုက ခြေကျင်လျှောက်ပြီးလိုက်လာသည့်အတွက် လှည်းနောက်မှခြေတွဲလောင်းချလိုက်လာသည့် ကျော်စိုးလည်း



www.burmeseclassic.com

www.burmeseclassic.com


လှည်းပေါ်က ခုန်ဆင်းလိုက်ကာ ဝင်းကိုအားစောင့်နေလိုက်သည်။

"ကိုထွန်းရေ သွားနှင့်တော့၊ ကျွန်တော်တို့ နောက်က အေးအေးဆေးဆေး ရွာထဲပတ်လျှောက်ပြီးလိုက်ခဲ့မယ်"

"အေး.....မမှောင်စေနဲ့"

"ဟုတ်ကဲ့....ဟုတ်ကဲ့"

ကိုထွန်းလှည်းကို သွက်သွက်မောင်းသွားသဖြင့် ဖုန်လုံးကြီးထပြီး ကျန်ခဲ့သည်။

"တို့ရွာဦးကျောင်းဘက်က လှည့်ဝင်ကြမယ်၊ ဓါတ်ပုံရိုက်ရအောင်၊ မင်းမှာ ဖုန်းပါတယ်မဟုတ်လား"

"အခု ငါ့ဆီမှာမပါဘူး၊ လှည်းပေါ်က အိတ်ထဲစောစောကထည့်လိုက်တယ်"

"ဒါဆို ငါပြေးပြီးလိုက်ယူလိုက်မယ်၊ ရွာထဲမှာ ရိုက်ချင်တာရှိရင် ရိုက်ရတာပေါ့"

"နေပါစေတော့ကွာ၊ လှည်းကအလှမ်းဝေးသွားပြီ၊ နောက်နေ့လည်းရွာထဲရောက်ဦးမှာပဲ"

"အေး....၊ တို့ကငါးရက်လောက်နေမှာဆိုတော့ အေး


www.burmeseclassic.com

www.burmeseclassic.com


အေးဆေးဆေး လည်ပတ်လို့ရတာပေါ့

ငါတို့ငယ်ငယ်က အိမ်ခြေတစ်ရာလောက်ပဲရှိတယ်၊ အခု လူဦးရေ တိုးလာတာရော၊ တခြားမြို့ရွာက ပြောင်းလာကြတာ ရော ရွာကအိမ်ခြေလေးရာကျော်သွားပြီတဲ့"

ဝင်းကိုက ကျော်စိုးရွာပြန်မည်ဆိုသည့်ကိစ္စ လွန်ခဲ့သော တစ်ပတ်လောက်အထိ မသိသေး။ ထိုရက်ပိုင်းမှာ ဝင်းကိုညအိပ် ရာဝင်တိုင်း ကျော်စိုးတို့ရွာကိုလိုက်ခဲ့ရန် လူကြီးနှစ်ယောက်က လာလာခေါ်သည်။

ထိုလူကြီးနှစ်ယောက်က ကျော်စိုးတို့ရွာမှာရှိသည်။ ဝင်းကို၏ အဘိုးလေးများဖြစ်သည်ဟုလည်း ပြောသွားသေး သည်။

ဝင်းကို အိပ်ရာကနိုးတော့ မိခင်နှင့်ဖခင်တို့အား ထိုအိပ် မက်ကိုပြောပြရာ......

"သားရဲ့ ဘိုးလေးညီအစ်ကိုက ဂျပန်တွေသတ်လို့ သေ သွားပြီဆိုတာ အသေအချာအဖေတို့သိတယ်၊ သားအဘိုးလေး တို့နဲ့အတူတူ တော်လှန်ရေးထဲ ဝင်သွားတဲ့ ဦးလေးဖိုးမောင် မသေဘဲပြန်ရောက်လာလို့ပြောတာ၊


www.burmeseclassic.com

www.burmeseclassic.com


သူ့ပဲ ကောင်းကောင်းမွန်မွန် ဂျပန်တွေအလစ်မှာ မြေမြှုပ်သင်္ဂြိုဟ်ပေးခဲ့တယ်တဲ့"

မိခင်နှင့်ဖခင်က သေသွားပြီပြောပေမင့် တိုက်ဆိုင်စွာ မက်လာသော အိပ်မက်ကိုဝင်းကို စိတ်ဝင်စားခဲ့သည်။

တစ်နေ့ အလုပ်အတူတူလုပ်နေသော ကျော်စိုးက ခွင့်တစ်ပတ်တင်သည်ကိုတွေ့သဖြင့် စုံစမ်းကြည့်ရာ အလှူရှိ၍ ရွာပြန်မည့်အကြောင်း သိလိုက်ရသည်။

ယခု ကျော်စိုးကတိုက်ဆိုင်စွာ မိဘသားစုအလှူရှိ၍ ရွာပြန်ရန်ခွင့်ယူသဖြင့် ဝင်းကိုလည်းရွာသို့မရောက်ဘူး၍ လိုက်ချင်ကြောင်းပြောရာ ကျော်စိုးကဝမ်းပန်းတသာခေါ်သည့်အတွက် အတူလိုက်ခဲ့ခြင်းဖြစ်သည်။

ဝင်းကိုလည်း အဘိုးလေးနှစ်ယောက် ကျော်စိုးတို့ရွာမှာရှိသည်ဟု အိပ်မက်ကြောင်းပြောပြလိုက်သည်၊ မိဘများက အဘိုးလေးနှစ်ယောက် ခေါင်းဖြတ်အသတ်ခံလိုက်ရသည့်သတင်း အတိအကျရသည်ဟုလည်း ကျော်စိုးကိုပြောပြလိုက်သည်။

"မင်းရွာကိုပြန်လာမယ်ဆိုတာကြားသိလို့ မင်းနဲ့ရင်းနှီး


www.burmeseclassic.com

www.burmeseclassic.com



တဲ့ဝိုကို မင်းနဲ့အတူ ရွာကိုလိုက်လာဖြစ်အောင် အိပ်မက်လာပေးတာဖြစ်မယ်၊ တစ်ကြိမ်ဆိုရင် ငါစိတ်စွဲလို့ ဖြစ်နိုင်တယ်၊

အခု သုံးကြိမ်လောက် ဆက်တိုက်မက်တာနဲ့ အပေနဲ့ အမေတို့တားနေတဲ့ကြားက ငါလိုက်ဖြစ်အောင် ကြိုးစားခဲ့တာ"

"မင်း အဘိုးလေးတွေလား ဘာလားတော့မသိဘူး၊ ငါတို့ရွာမှာ ခေါင်းပြတ်သရဲညီနောင်က ငါ့မမွေးခင်ကတည်းက ဘုန်းကြီးကျောင်းခြံထောင့်က ခရေပင်ကြီးမှာ ရှိနေတာပဲ၊

သရဲက အရင်ကအတော်လေး အခြောက်ကြမ်းတာ၊ လူတွေကို စိတ်နာလို့ဖြစ်နိုင်တယ်၊ ခရေပင်ဝန်းကျင်အနီးတဝိုက် ရောက်တဲ့လူတိုင်း အခြောက်အလှန့်ခံရတယ်၊

ဆရာတော်က ဆရာတစ်ယောက်၊ နှစ်ယောက်ရှာပြီး နှင်ခိုင်းသေးတယ်၊ မေတ္တာသုတ်ပရိတ်ရွတ်လည်း ဘယ်မှမသွားဘူး၊ နောက်တော့ ဆရာတော်ကိုအိပ်မက်ပေးတယ်၊ သူတို့ကို မနှင်ပါနဲ့၊ လူတွေကို ကြောက်လန့်အောင် မခြောက်တော့ပါဘူးလို့ ကတိပေးတဲ့အတွက် ဒီခရေပင်ကြီးအောက်မှာ ဒီနေ့အထိ ရှိနေတာ၊

တော်လှန်ရေးခေတ်က အဲဒီခရေပင်ကြီးအနီးမှာ ဘုန်း

www.burmeseclassic.com

www.burmeseclassic.com


ကြီးကျောင်းလည်းမရှိဘူးတဲ့၊

ရွာပြင်လူသတ်ကုန်းတဲ့၊ ရွာကလူတွေ တော်လှန်ရေး မလုပ်ဝံ့အောင်ဖမ်းမိတဲ့ရဲဘော်တွေကို ခေါင်းဖြတ်ပြီး သတ်ပစ်တယ်၊

ခန္ဓာကိုယ်ကိုမြေမြှုပ်ပြီး ခေါင်းတွေကို တိုင်တွေ၊ ဝါးလုံးတွေမှာစွပ်ပြီး ရွာသားတွေမြင်အောင် ပြထားတယ်တဲ့၊

နောက် ဂျပန်တွေစစ်ရှုံးလို့ လွတ်လပ်ရေးရပြီးမှ ခရေပင်အောက်မှာ ဘုန်းကြီးတစ်ပါးကြွလာပြီး တစ်ပါးကျောင်းလေး ဆောက် သီတင်းသုံးခဲ့တယ်တဲ့၊

ကြာတော့ ရွာကလည်းကိုးကွယ်လာသလို ရွာကိုတိုးချဲ့လာရင်း ရွာနဲ့ဘုန်းကြီးကျောင်းတစ်စပ်တည်းဖြစ်သွားတယ်၊

အခုဆို ကျောင်းထိုင်ဆရာတော်က သုံးပါးမြောက်ရှိပြီ၊ ကျောင်းက စည်ကားလာသလို ဆရာတော်ကို ကိုးကွယ်သူများလာတယ်၊

ကျောင်းဝင်းအတွင်း စေတီတစ်ဆူပါ တိုးလာခဲ့တယ်၊ သရဲကတော့ ဘုန်းကြီးကျောင်းလာတဲ့လူ တော်တော်များများ အခြောက်ခံကြရသေးတယ်လို့ ကြားရတယ်”


www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီသူတင်းတွေ တော်တော်တိတိကျကျ သိထားတာပဲ"

"ပြီးခဲ့တဲ့လက အဖေနဲ့အမေ ငါ့ဆီကိုတစ်ပတ်လောက် ဘုရားဖူးရင်း အလည်ရောက်လာတယ်လေ၊ ရွာအကြောင်းပြောစရာ ဒါတွေပဲရှိတာ၊ ငါအလုပ်ကပြန်လာတိုင်းအဖေတို့ကို မေးလိုက်၊ သူတို့ပြောလိုက် အကုန်သိတာပေါ့

ငါရွာက ရန်ကုန်ရောက်တာ အင်းစိန်ဂျီတီအိုင်မှာ သုံးနှစ်၊ လုပ်အားပေးပြီး အလုပ်ရှာတာ တစ်နှစ်၊ အခုအလုပ်မှာ လေးနှစ်၊ ရွာတစ်ခေါက်မှ မပြန်ဖြစ်ဘူး၊

အခု ငါ့ဘကြီးရဲ့သားတွေ၊ ငါ့အစ်မရဲ့ သားတွေ၊ ရဟန်းခံရှင်ပြုကြမှာ၊ အလှူကိုမလာရင် သေခန်းဖြတ်ဆိုလို့ လာခဲ့ရတာ"

"ရှင်ပြုအလှူလုပ်မယ့် ဘုန်းကြီးကျောင်းက ခေါင်းဖြတ်သရဲရှိတဲ့ကျောင်းလား"

"ဟုတ်တယ်၊ ဘုန်းကြီးကျောင်းနှစ်ကျောင်းရှိပေမယ့် ဒီဘုန်းကြီးကျောင်းက ဆရာတော်ကို ပိုပြီးကိုးကွယ်ကြတယ်၊

ဒီကျောင်းဆရာတော်က ကမ္မဋ္ဌာနစရိယာဘွဲ့ရထားတာ၊ တရားပြအလွန်ကောင်းတယ်လို့ အဖေပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



စကားတပြောပြောနှင့် လျှောက်လာခဲ့ရာ မကြာခင် ရွာစပ်သို့ရောက်လာခဲ့သည်။

"မင်းဦးလေးရဲ့လှည်း ရွာထဲဝင်သွားတာကြာပြီ"

"လှည်းဖြုတ်ပြီးလို့ လူကအလှူအိမ်တောင် ရောက်နေပြီလား မသိဘူး၊

မနက်ဖြန် ရှင်လောင်းလှည့်မှာ၊ မင်းငါတို့ရွာက မိန်းကလေးတွေ ဘယ်လောက်ချောတယ်လှတယ်ဆိုတာ မနက်ဖြန်မင်းတွေ့ရလိမ့်မယ်"

"အဲဒီထဲမှာ မင်းညီမနဲ့ မင်းတူမချောချောလေးတွေ မပါဘူးလား"

"ရှင်လောင်းလှည့်တော့ မင်းကြည့်ပေါ့ကွာ၊ အလှဆုံး၊ မင်းအကြိုက်ဆုံးကို ငါ့ကိုပြ၊ အဲဒါ ငါ့အမျိုးဟုတ်၊ မဟုတ် ပြောမယ်"

"တော်ကြာ မင်းရည်းစားကို ငါကြိုက်နေမှ ဟုတ်ပေ့ ဖြစ်နေဦးမယ်"

"ငါ့မှာ ရည်းစားမရှိပါဘူးကွာ၊ ငါ့ရည်းစားက ရန်ကုန်မှာ၊ ငါက ကိုယ့်ရပ်ရွာက ဘယ်သူ့ကိုမှ ရင်မခုန်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



“ဟိုစကားပုံလိုပေါ့ ဟုတ်လား”

“ဘယ်စကားပုံလဲ”

“ရှာနားမြွက် ရှာနွားမစားဆိုတာလေ”

“မင်းပြောမှ ငါနွားဖြစ်တော့တယ်၊

ငါတကယ်ပြောတာ၊ ငါ့ရွာက လွန်ခဲ့တဲ့ရှစ်နှစ်မှာ ထွက်ခဲ့တယ်လေ၊ အဲဒီအချိန် အခုအပျိုကြီး အပျိုလေးတွေက ဆယ့်တစ်နှစ်၊ ဆယ်နှစ်နှစ်၊ ဆယ့်သုံးနှစ်အရွယ်၊ နှပ်ချေးမစင်တဲ့အရွယ်လည်း ပါသေး၊

အခု ငါသူတို့ကိုမြင်ရင် ဘယ်သူဆိုတာ သိမှာမဟုတ်ဘူး၊ အဲ့ကြောင့် ငါ့ချစ်သူမရှိဘူးလို့ပြောတာ၊

မင်းက လူလွတ်ဆိုတော့ ငါတို့ရွာမှာ မင်းကြွေတဲ့မိန်းကလေးတွေရင် ငါ့ကိုပြော”

“ကောင်းပြီ၊ ငါကြိုက်တာတွေ့ရင် မင်းတာဝန်ကျေရမယ်”

“အဲ....တစ်ခုတော့ရှိတယ်၊ ငါတို့ရွာကိုလာတာ ငါးရက်ထဲအချိန်ရတယ်၊ ဘယ်မိန်းကလေးက မင်းကိုတွေ့တွေ့ချင်း အဖြေပေးမှာလဲ၊

www.burmeseclassic.com

www.burmeseclassic.com


မျက်စေ့အရသာပဲ ထိုင်ပါသူငယ်ချင်းရယ်၊ ပြီးရင် ငါတို့ ရန်ကုန်ပြန်ရမှာပဲဟာ၊ သူတို့ကို စိတ်ဒုက္ခမပေးပါနဲ့"

"စောစောကတော့ လက်ညှိုးထိုးပြဆို၊ နှမြောသွားပြီ လား"

"မနှမြောပါဘူးကွာ၊ ငါတို့ရွာသူလေး အင်ဂျင်နီယာ တစ်ယောက်နဲ့ရလို့ ဂါကဝမ်းသာရမှာပါ။

အဲ...ဖြစ်နိုင်တာကတော့ ဘယ်လိုယောကျ်ားပဲဖြစ်ဖြစ် ရရင်ယူမယ်ဆိုတဲ့ မိန်းကလေးပဲ မင်းရမှာပါ"

"တော်ပြီကွာ၊ မင်းစကားက စိတ်ပျက်ဖို့ကောင်းတယ်၊ ငါ့ အဘိုးလေးတွေနဲ့တွေ့ဖို့လာတဲ့ကိစ္စကိုပဲ ခေါင်းထဲထည့် တော့မယ်"

သို့ဖြင့် ရွာထဲဝင်ခဲ့ကြသည့်အတွက် စကားစပြတ်သွား သည်။

"မင်းတို့ရွာက ရန်ကုန်ကိုဖုန်းပြောလို့ရလား"

"ကံကောင်းရင်တော့ ညသန်းခေါင်ကျော်ရင် လိုင်း မိမှာပေါ့ကွာ"

"ဘာလဲ၊ လိုင်းမမိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ငါ့အဖေပြောတာကတော့ ရွာကဖုန်းဝယ်တဲ့သူတွေ အလှကြည့်သက်သက်ပဲတဲ့"

"သွားပါပြီကွာ"

"ငါတ်ပုံရိုက်၊ သီချင်းနားထောင်လို့တော့ရပါသေးတယ်၊

အခု ကြားနေရတဲ့ စပီကာအသံက ငါ့ဘကြီးအိမ်က ဖွင့်နေတာ၊ ရှင်ပြုမဏ္ဍပ်က ဘကြီးအိမ်မှာ၊ မနက်ရှင်လောင်း လှည့်လိမ့်မယ်"

ထို့နောက် ကျော်စိုးက...၊

"ဒါ ငါတို့အိမ်ပဲ၊ ဒီကလူတွေ ဘကြီးတို့အိမ်ရောက်နေ လောက်ပြီ၊ ရှိရင် အမေပဲကျန်ခဲ့လိမ့်မယ်"

ကျော်စိုးတို့အိမ်က တစ်ထပ်ခြေတံရှည် ပျဉ်ထောင်အိမ် ဖြစ်သည်။

"ကဲ...သားတို့ ဘယ်လှည့်ဝင်နေတာလဲ၊ လှည်းရောက် တာကြာပြီ"

"ရွာအဝင်မှာ ခဏထိုင်ပြီးစကားပြောနေတာပါ"

"ကဲ...၊ ရေအဝသောက်လိုက်ကြ၊ ခဏနားပြီး ရေချိုး၊ စားဖို့သောက်ဖို့ကတော့ အဆင်သင့်ပဲ၊ သားဦးလေးက ကျော်

www.burmeseclassic.com

www.burmeseclassic.com


စိုးတို့ ရောက်လာရင်၊ ညအိမ်ကို လွှတ်လိုက်ဖို့ မှာထားတယ်"

"ဟာ.....၊ အလှူအိမ်မှာလူတွေ ဒီလောက်ရှုပ်နေတာ မသွားချင်ပါဘူး"

"ညဘက်သွားတော့ လူမရှုပ်ပါဘူး၊ မနက်ဖြန်ဆို သားဘကြီးကို စကားပြောဖို့အချိန်ရမှာ မဟုတ်ဘူး၊

သွားဖြစ်အောင်သွားလိုက်၊ ညည့်သည် မပျင်းအောင် လျှောက်လည်ကြ"

"ဟုတ်ကဲ့၊ စားပြီး သောက်ပြီး သွားလိုက်ပါ့မယ်"

❖ ❖ ❖

မနက်ရောက်တော့ ကျော်စိုးတို့ ဝင်းကိုတို့လည်း၊ ကွမ်းတောင်ကိုင်အလှလေးများကို ငမ်းကြောထချိန်မရ၊ မောင်ရှင်လောင်းတစ်ပါးကို တာဝန်ယူရမည်ဆိုသည်၊ သို့ကြောင့် ရွှေထီးကိုင်ရန် တာဝန်ယူလိုက်သည်။

"မင်းရွှေထီးဆောင်းပေးတတ်လား၊ ငါအရင်ကိုင်မယ်၊ ငါကိုင်တာကြည့်ပြီးမှ မင်းကိုင်၊ အခု အလှလေးတွေသွားငမ်းလိုက်ဦး"



www.burmeseclassic.com

www.burmeseclassic.com


"ရွှေထီးကိုင်တာများ အထူးအဆန်းလုပ်လို့၊ အေး..ငါ အခု၊ ပတ်ဝန်းကျင်လေ့လာလိုက်ဦးမယ်"

"ခဏကြာတော့ ရှင်လောင်းစထွက်တော့သည်။ ထိုနေ့ နေ့တစ်ဝက်ကျော်ကျော်ရှင်လောင်းလှည့်လိုက်ခြင်းဖြင့် အချိန် ကုန်သွားရသည်။

ရှင်လောင်းသွင်းပြီးမကြာခင် ကိုရင်ဝတ်ကြရတော့ သည်။ ရဟန်းလောင်းကိုရင်ကြီးများက ညနေလေးနာရီခွဲသည် နှင့် သိမ်တက်ရသည်။

ကိုရင်နှင့် ဒုလ္လဘရဟန်းများအားလုံး ဘုန်းတော်ကြီး ကျောင်းသို့ ပင့်သွားကြသည်။

အလုပ်အကိုင်လုပ်သူများကို အလှူရှင်အိမ်မှာပင် ညည့်ခံ ကျွေးမွေးသည်။ ညရောက်လျှင် ဗျာအငြိမ့်ဖြင့်ညည့်ခံမည် ဖြစ်သည်။

ညည့်သည်များ၊ အလှူလာရွာသားများကို အလှူအိမ်မှာ ပင် ညည့်ခံကျွေးမွေးပြီး၊

ရဟန်းသံဃာများကို ဘုန်းတော်ကြီးကျောင်းမှာ အရုဏ်ဆွမ်း၊ နေ့ဆွမ်းကပ်မည်ဖြစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ဝင်းကိုနှင့်ကျော်စိုးတို့ ဘုန်းတော်ကြီးကျောင်းမှာ အဝေး မှပင့်ထားသော သံဃာများ၊ ဒုလ္လဘ သံဃာများ၊ ကိုရင်တို့အား အလှူရှင်နှင့်အတူ အအေးဆက်ကပ်ရန်လာခဲ့ကြသည်။

ဝင်းကိုက မနေ့ကတည်းက စိတ်ဝင်စားခဲ့သော ကျောင်းကိုရောက်ပြီဖြစ်သဖြင့် ကျောင်းပေါ်မတက်ဘဲ ပတ်ဝန်း ကျင်ကိုလှေ့လာနေမိသည်။

ကျောင်းအောက်မှာ ကိုရင်၊ ကျောင်းသားအချို့ ရှိနေ သည်။

ဆွမ်းချက်ဆောင်မှာ မနက်ဆွမ်းကပ်ရန် လူတစ်ချို့ ချက်ပြုတ်နေကြသည်။

လျှပ်စစ်မီးရောင်က အားမပြည့်သဖြင့် ဝိုးတဝါးသာ အလင်းရောင်ရှိသည်။

ဗုန်းကင်မရာဖြင့် အလင်းအနည်းငယ်ရှိသောနေရာများ ကို ချိန်ပြီးရိုက်ကြည့်နေသည်၊ နာရီဝက်ခန့်ကြာတော့ ကျော်စိုး ကျောင်းပေါ်ကဆင်းလာသည်။

"အအေးသောက်ရအောင်၊ ဘာလို့ ကျောင်းပေါ်တက် မလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ငါ ဒီနားမှာထိုင်ပြီး ပတ်ဝန်းကျင်ကိုလေ့လာနေတာ"

"လာ...၊ ဘုရားသွားဖူးကြမယ်"

"မီးရှိလား"

"ရှိတယ်၊ မီးချောင်းထွန်းထားတာ ငါလှမ်းမြင်လိုက်တယ်၊ မီးကတော့ ည(၁၁)နာရီလောက်မှစပြီး အားပြည့်တယ်၊ အခုအချိန် တိမ္ဗိတောင်ဖွင့်ကြည့်လို့မရဘူး၊ ဒါပေမယ့် လ က သာနေတာပဲ"

သို့ဖြင့်နှစ်ယောက်သား ကျောင်းနှင့်သိမ်ကြားမှဖြတ်ကာ စေတီတော်ရှိရာသို့ လျှောက်ခဲ့ကြသည်။

စေတီတော်က အာထက်ပစ္စယံမှ စိန်ဖူးတော်ရှိ နှစ်ဆယ့်ခုနှစ်တောင်ရှိသည်ဟု သိရသည်။

စေတီ၏မြောက်ဘက် ကျောင်းခြံထောင့်တွင် ညောင်ပင်နှင့် ခရေပင်ကြီးတစ်ပင်တို့ ရှိနေသည်ကို ဝင်းကိုတွေ့လိုက်သည်။

ကျောင်းဝင်းတစ်ခုလုံးကို အုတ်တံတိုင်းကာရံထားသည်။

စေတီတော်ကို မီးချောင်းလေးချောင်း ဆိုင်ထွန်းထားသဖြင့် အလင်းရောင်သင့်တင့်စွာရှိနေပါသည်။


www.burmeseclassic.com

www.burmeseclassic.com


"လာ...ကျော်စိုး၊ မင်းကိုငါ ဓာတ်ပုံရိုက်ပေးမယ်၊ စေတီနား ကပ်ရပ်"

ကျော်စိုးက စေတီနားသွားရပ်ပြီး...၊

ဓာတ်ပုံနှစ်ပုံရိုက်လိုက်သည်။

"ကဲ....လာ၊ မင်းရပ်၊ ငါမင်းကို ရိုက်ပေးမယ်"

ကျော်စိုးကို ဖုန်းပေးလိုက်သဖြင့် ကျော်စိုးကဝင်းကိုအား သုံးပုံမျှရိုက်ပေးလိုက်သည်။

"ဝင်းကို မင်းဒီဘက်နားကို တိုးလိုက်"

"ဘာလုပ်မလို့လဲ"

"နောက်က ညောင်ပင်ရယ်၊ စေတီရယ်၊ ခရေပင်ရယ် ဘက်ခံပြီးရိုက်ပေးမယ်"

"နောက်ဘက်ကမှောင်နေတာပဲ၊ ဘာပင်မှ ပေါ်မှာ မဟုတ်ဘူး။ လပြည့်ပေမယ့် လရောင်မထိုးဘူး"

"ပါသလောက်ပေါ့ကွာ၊ ကဲ...အသင့်၊ ရိုက်ပြီ၊ သေချာအောင် နှစ်ပုံရိုက်မယ်"

ကျော်စိုးက ရိုက်ပြီးပုံများကို ပြန်ကြည့်စဉ်.....

"ဟေ့ ဝင်းကို၊ မင်းနောက်ဘက်မှာ ဘာလဲဟ"

•

စိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com

"လူနှစ်ယောက်ကွ"

ထိုနေရာကို ချုပြီးကြည့်လိုက်သည်။

"ဟာ...လူနှစ်ယောက်ရုပ်နေတာ"

"ဝင်းကို လူပုံတွေကို သေသေချာချာကြည့်စမ်း"

"ခေါင်းမပါဘူး...."

"ဟုတ်တယ်၊ ခေါင်းပြတ်သရဲ ညီနောင်ပဲ"

"ခေါင်းပြတ်တဲ့နေရာ အုတ်တံတိုင်းဖြူဖြူပေါ်နေတယ်၊ တွေ့လား"

"သေချာပါတယ်၊ လာကွာ ဒီနားမနေချင်တော့ဘူး၊ ကျောင်းထဲ ပြန်သွားကြမယ်"

"ကျန်တဲ့ပုံတွေမှာ ပါသေးလားကြည့်ရအောင်"

ဝင်းကိုက ဖုန်းကိုကျော်ပိုးထဲမှ ယူလိုက်ပြီး၊

"ငါ ညောင်ပင်နဲ့ ခရေပင်ကြီးဆီ ဓာတ်ပုံတစ်ပုံ၊ နှစ်ပုံလောက်ရိုက်ကြည့်ဦးမယ်"

ဝင်းကိုက နှစ်ပုံသုံးပုံခန့်ရိုက်ပြီးနောက် ဆရာတော့်ကျောင်းသို့ ပြန်လာခဲ့သည်။

ကျောင်းဝင်းအတွင်း ထိုင်စရာနေရာရှာ၍ ရိုက်ထား


www.burmeseclassic.com

www.burmeseclassic.com



သော ပုံများကိုကြည့်ကြသည်။

ကျော်စိုးက...၊

"ငါ့ပုံနှစ်ပုံနောက်မှာ ဘာလူရိပ်မှ မတွေ့ဘူး။

ဝင်းကို မင်းပုံနှစ်ပုံနောက်မှာ ပေါ်နေတယ်တွေ့လား။ ငါရိုက်ပြီးရိုက်ပေးတော့ အဲဒီနှစ်ကောင်ကို မမြင်ရဘူး"

နောက်ဝင်းကို ခရေပင်နှင့်ညောင်ပင်ကို ရိုက်ခဲ့သောသုံးပုံတွင် ထင်ထင်ရှားရှားခေါင်းပြတ်ညီနောင်ပုံက တစ်ပုံပါလာခဲ့သည်။

"ကင်မရာချိန်တော့ မမြင်ရဘူး၊ ဓာတ်ပုံကျမှ ဒီလူတွေရဲ့ပုံ လာပေါ်တာယ်၊ ထူးတော့ထူးတယ်"

"ထူးဆို သရဲတွေကို၊ သူတို့က ပါစေဆိုမှ ပါမှာပေါ့"

"ငါ ဒီပုံတွေကူးပြီး အဖေတို့၊ အမေတို့၊ ဦးလေးတို့ကို ပေးခဲ့ရမယ်၊ ဒါမှ ခေါင်းပြတ်သရဲရဲ့ အမှတ်တရပုံ ရွာမှာကျန်ခဲ့မယ်"

ခဏနေတော့ အလှူရှင်များ ကျောင်းပေါ်မှဆင်းလာသဖြင့် ကျော်စိုးတို့ဝင်းကိုတို့ အိမ်ကိုပြန်လိုက်ခဲ့ကြသည်။

ဝင်းကိုနှင့်ကျော်စိုးတို့ တစ်နေ့လုံးရွာအနှံ့ ရှင်လောင်း



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထားသဖြင့် ငြောင်းညာကိုက်ခဲနေသည်။

အငြိမ့်ပွဲလည်း ကြည့်ချင်စိတ်မရှိသဖြင့် ကျော်စိုးတို့အိမ်မှာပင်နေခဲ့ကာ ကိုးနာရီခွဲခန့်အိပ်ရာဝင်ခဲ့သည်နှင့် မကြာခင်အိပ်ပျော်သွားခဲ့တော့သည်။

❖ ❖ ❖

နေ့တစ်နာရီမှာ အလှူတရားပွဲ၊ ရေစက်ချ အမျှဝေလို့ပြီးသွားပြီ၊ အလှူပွဲကြီးလည်း ထမြောက်အောင်မြင်သွားခဲ့ပြီ၊

ဒုလ္လဘ ဦးပဥ္စင်းတို့နှင့် ကိုရင်တို့ ထိုကျောင်းမှာပင်တစ်ပတ်ခန့်သီတင်းသုံးမည် ဖြစ်သဖြင့် တစ်ပတ်လုံးအလှူရှင်ကမနက်ဆွမ်း၊ နေ့ဆွမ်း တာဝန်ယူရဦးမည်။ ညနေပိုင်း အအေးကပ်ရန် တာဝန်ရှိသေးသည်။

သို့ကြောင့် ထိုညခြောက်နာရီခန့် ကျော်စိုးနှင့် ဝင်းကိုတို့ အလှူရှင်များနှင့်အတူ ဘုန်းတော်ကြီးကျောင်းသို့ လိုက်လာခဲ့ကြသည်။

ရဟန်းသံဃာများကို အအေးကပ်ရန်ဖြစ်သည်။

ကျောင်းရောက်ပြီးနောက် ဆရာတော်အား ဝတ်ပြုပြီ



www.burmeseclassic.com

www.burmeseclassic.com


ကာ ရဟန်းသံဃာများအား အအေးဖျော်ရည်ဆက်ကပ်ကြ သည်။

အားလုံး ကိစ္စပြီးသည်နှင့် ဆရာတော့်ရှေ့သွား၍ ထိုင်ကြသည်။

ထိုစဉ် ဆရာတော်က မထင်မှတ်သောစကားကို ပြော လာသည်။

“ဒကာကြီးတို့ဆီကို ရန်ကုန်ကဧည့်သည်များ ရောက် နေသလား”

“မှန်ပါ၊ တပည့်တော်သား ရန်ကုန်မှာအလုပ်လုပ်နေရာ က ရွာကိုပြန်လာပြီး အလှူမှာဝိုင်းကူညီနေပါတယ်ဘုရား”

“ဒီရွာသားမဟုတ်ဘူးကွယ့်၊ ရန်ကုန်က သူစိမ်းဧည့် သည်ကို ပြောတာ”

“မောင်ဝင်းကိုကိုပြောတာဖြစ်မယ်”

“မှန်ပါ၊ သားနှင့်အတူ သူငယ်ချင်းတစ်ယောက် ပါလာ ပါတယ်၊ ဒီသူငယ်ပါ ဘုရား”

“ဒကာလေး၊ ရှေ့ကိုနည်းနည်းတိုးလိုက်၊

မနက်ဖြန်နေ့ဆွမ်းကပ်ပြီးရင် ဘုန်းကြီးဆီကို ခဏလာ

www.burmeseclassic.com

www.burmeseclassic.com


ခဲ့၊ ဒကာလေးတို့ ရန်ကုန်ကိုဘယ်နေ့ပြန်မှာလဲ"

"နောက်နှစ်ရက်ပဲနေတော့မှာ၊ တပေါင်းလပြည့်ကျော် သုံးရက်နေ့မှာ ပြန်မှာပါအရှင်ဘုရား"

"ကိစ္စကတော့ နည်းနည်းထူးဆန်းတယ်၊ မနက်ဖြန် နေ့ခင်းရောက်မှပဲ ဘုန်းဘုန်းရှင်းပြတော့မယ်"

အားလုံးသိချင်ကြပေမင့် ဆရာတော်မှဆက်၍ မမိန့် သဖြင့် ညရှစ်နာရီခွဲခန့် ဘုန်းတော်ကြီးကျောင်းမှ ပြန်ခဲ့ကြသည်။

ညဘက် ကျော်စိုးမိသားစုနှင့် သရဲညီနောင်ကြောင့် ဤ ရွာသို့ လိုက်ခဲ့ရသည့်အကြောင်း စကားစပ်မိ၍ပြောကြရာ လူကြီးများ အံ့သြကုန်တော့သည်။

ဓာတ်ပုံထဲမှာတွေ့သော ခေါင်းပြတ်သရဲကြောင့်လည်း ဝင်းကိုနှင့် ခေါင်းပြတ်သရဲများ အဆက်စပ်ရှိသည်ကို ယုံကြည် သွားကြသည်။

ဆရာတော့် စကားကလည်း သူတို့အားလုံးအတွက် အထူးအဆန်းဖြစ်နေသလို ဝင်းကိုနှင့်သက်ဆိုင်သော သရဲညီ နောင်ကိစ္စသာလျှင် ဖြစ်နိုင်ချေရှိကြောင်း ပြောဆိုကြသည်။

စကားဝိုင်းက ည(၁၁)နာရီခန့်မှ ပြတ်ကြတော့သည်။


www.burmeseclassic.com

www.burmeseclassic.com


စကားပြတ်သည်နှင့် အိပ်ကြတော့သည်။

ဝင်းကိုလည်း အိပ်မောကျသွားသည်။ ညတစ်နာရီခန့် ဝင်းကို အပေါ့အပါးသွားချင်စိတ် ပေါ်လာသဖြင့် အိမ်နောက်ဘက်သို့ ထွက်ခဲ့သည်။

တပေါင်းလပြည့်ကျော် တစ်ရက်နေ့မို့ လကလည်းသာနေသည်။

အိမ်သာမရောက်ခင် မန်ကျည်းပင်ဘေးမှာ လူနှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်သည်။

"ဘယ်သူလဲ"

"ငါတို့ပါ"

"ကျွန်တော်မသိဘူး"

"မင်းမသိပေမယ့် ငါတို့ကသိတယ်၊ မင်း ဒီကိုလာလည်လို့ ငါတို့ဝမ်းသာနေတာ၊ ငါတို့ ဒီကသွားချင်လှပြီ"

"ဦးလေးတို့က ဘယ်သူတွေလဲ"

"ငါတို့က မင်းရဲ့အဘိုးလေးတွေပဲ"

"အဘိုးလေးတွေဆိုပြီး ဒီမှာကိုဘယ်လို ရောက်နေတာလဲ၊ အဘိုးလေးနှစ်ယောက်လုံးတော်လှန်ရေးမှာ ဂျပန်အသတ်ခံ


www.burmeseclassic.com

www.burmeseclassic.com



လိုက်ရတယ်ပြောတယ်"

"ဟုတ်တယ်၊ ငါတို့ကလူတွေမဟုတ်တော့ဘူး၊ မင်းဒီကို လိုက်လာဖြစ်အောင် ငါတို့ကြိုးစားလိုက်ရတာ၊ မင်းရောက်လာပြီဆိုတော့ ငါတို့စောင့်ရကျိုးနပ်ပြီ"

"အခု အဘိုးလေးတို့က ဘယ်ဘဝရောက်နေတာလဲ"

"ခေါင်းပြတ်သရဲဘဝရောက်နေတာ၊

ဂျပန်က ဖမ်းမိသွားပြီး ခေါင်းဖြတ်အသတ်ခံလိုက်ရတာ၊ ငါတို့ ခန္ဓာကိုယ်ကို ဘုန်းကြီးကျောင်းခြံထောင့်က ခရေပင်ကြီးအောက်မှာ မြှုပ်ခဲ့တယ်၊

ငါတို့ခေါင်းနှစ်လုံးကိုတော့ သူတို့ကိုပြန်မတော်လှန်ဝံ့အောင်ဆိုပြီး ရွာထိပ်ကတိုင်ထိပ်မှာ စွပ်လို့ပြထားခဲ့တယ်၊

ကြာတော့ တို့ခေါင်းနှစ်လုံးကို ရွာနားကချောင်းထဲ မျှောပစ်လိုက်တယ်၊

ခေါင်းတခြား၊ ကိုယ်တခြား ဖြစ်ခဲ့ရတဲ့ငါတို့ ခေါင်းပြတ်သရဲဖြစ်နေတာ ဘာဆန်းလို့လဲ၊

အရင်က လူတွေကိုမြင်တိုင်း ခြောက်လှန့်နေခဲ့တာ၊ ဆရာတော်ကို ကတိပေးထားပြီးကတည်းက ခြောက်တဲ့ကိစ္စကို



www.burmeseclassic.com

www.burmeseclassic.com



မလုပ်တော့ဘဲ ငါတို့ရှိတာ သိအောင်တော့ တစ်ခါတစ်ခါပြမိတယ်

ငါတို့ရဲ့သွေးသားတစ်ယောက်ကလာပြီး ငါတို့လွတ်မြောက်အောင် လုပ်ပေးစေချင်လို့ ဒီရွာကိုလာဖြစ်အောင် လုပ်လိုက်ရတာပဲ"

"ကျွန်တော်ရောက်လာပြီလေ၊ ဘယ်လိုလုပ်ရမှာလဲ"

"ဆရာတော် စီစဉ်ပေးလိမ့်မယ်၊ ငါတို့ရဲ့ အရိုးစုတော်ပြီးလို့ မီးရှို့ပြီးရင် ငါတို့ခေါင်းကိုရေမျှောလိုက်တဲ့ချောင်းထဲ ပြာတွေကိုမျှောလိုက်ပြီးရင် ဆရာတော်နဲ့အတူ မြေးလေးကအမျှဝေပေးပါကွဲ....ဒီလောက်ပါပဲ...."

"ကျွန်တော်ဖြစ်အောင် လုပ်ပေးပါ့မယ်"

"အေး...ငါတို့ သွားတော့မယ်..."

ထိုသို့ပြောပြီးသည်နှင့် မန်ကျည်းပင်ခေါ်သားမှ လူနှစ်ယောက်လည်း ရုတ်တရက်ပျောက်သွားတော့သည်။

ဝင်းကိုလည်း အပေါ့အပါးသွားပြီး အိမ်ပေါ်ပြန်တက်ခဲ့သည်။ တွေတွေကတွေခဲ့သော အဘိုးလေးဆိုသူ နှစ်ယောက်အကြောင်းစဉ်းစားပြီး မကြာခင်မှာပင်ပြန်၍ အိပ်ပျော်သွားခဲ့သည်။

❖ ❖ ❖

www.burmeseclassic.com

www.burmeseclassic.com


ဒုလ္လဘရဟန်းနှင့် ကျောင်းရှိသံဃာများအား ဆွမ်းဆက်ကပ်ပြီးသည်နှင့် ဆရာတော်အားသွား၍ ကန်တော့ကြသည်။

"ကဲ...ဒကာကြီးတို့အားလုံး စားသောက်ပြီးကြပြီလား"

"တင်ပါ့ဘုရား၊ အားလုံးစားသောက်ပြီးလို့ သိမ်းဆည်းပြီးပါပြီ"

"ကဲ...မနေ့က ကိစ္စ၊ စကားပြန်ဆက်ရအောင်၊ ဒီလို ဒကာကြီးဦးစံဖေ၊

ဘုန်းကြီး လွန်ခဲ့တဲ့သုံးရက်တစ်ပြီး အိပ်မက်နှစ်ခါမက်ခဲ့တယ်၊ ဒီကျောင်းဝေါင့်က ခရေပင်ကြီးအောက်မှာ ဂျပန်တွေ ခေါင်းဖြတ်သတ်ခဲ့တဲ့ ရဲဘော်နှစ်ယောက်ရဲ့အရိုးစုနဲ့ စွဲလမ်းပြီး မကျွတ်သေးတဲ့ ဝိညာဉ်တွေရှိတယ်....၊

သူတို့သရဲအဖြစ်က ကျွတ်လွတ်ချင်ပြီတဲ့၊ ကျွတ်လွတ်ချိန်လည်းရောက်နေပြီတဲ့၊ သူတို့ကျွတ်လွတ်အောင် ဆောင်ရွက်ပေးနိုင်သူက ဒီကျေးရွာသားတွေလည်း မဟုတ်ဘူး၊ ဘုန်းကြီးလည်း မဟုတ်ဘူး၊ သူ့သွေးသားရင်း ဖြစ်ရမယ်တဲ့၊

အခု သူတို့ရဲ့မြေးကလည်း ဒီရွာကိုရောက်လာပြီဆိုတော့ အရိုးစုတွေကိုတူးပြီး ကျောင်းအပြင်မှာမီးသင်္ဂြိုဟ်လိုက်ကြ၊


www.burmeseclassic.com

www.burmeseclassic.com 

အရိုးပြာကို ရှာထိပ်ကချောင်းမှာ မျှောလိုက်ကြ၊ ပြီးရင် သူ့အတွက်ရည်စူးပြီး စုပေါင်းပြီးအလှူတစ်ခုလုပ်ပေးလိုက်၊ ဒကာလေးက အတိုးလေးတို့ကို အမျှဝေလိုက်ပေါ့ ဒါဆို သူလည်းလွတ်ရာကျွတ်ရာ ထွက်သွားလိမ့်မယ်၊

အဲဒါကြောင့် ဒကာကြီးဦးစံဖေတို့အုပ်စုက ကျောင်းကတူရှင်းပေါက်ပြားတွေယူပြီး သွားတူးကြပေတော့"

"တပည့်တော်တို့ သွားလိုက်ပါ့မယ်"

"နေဦး၊ ဘုန်းကြီးနေရာလိုက်ပြမယ်"

ဆရာတော်က ရှေ့ကဦးဆောင်ပြီး ကျောင်းအောက်သို့ ဆင်းသွားသဖြင့် ဦးစံဖေဦးဆောင်သော ရွာသားတို့နှင့်အတူ ကျော်စိုး၊ ဝင်းကိုတို့ လိုက်ခဲ့သည်။

စေတီတော်သေးမှပတ်၍ ခရေပင်ကြီးအောက်သို့ ထွက်ခဲ့ကြသည်။

BURMESE CLASSIC

ဆရာတော်က ခရေပင်အောက်မှမြေနေရာကို လှည့်ပတ်ကြည့်ပြီး...၊

"ကဲ...ဒကာကြီးတို့၊ ပေါက်တူးပေါက်ပြားတွေ ပါပြီဆိုရင် ဒီနေရာတဝိုက်ကိုတူးကြ"

www.burmeseclassic.com

www.burmeseclassic.com

ရွာသားများ မြေကြီးများကိုတူးဆွနေစဉ် ဝင်းကိုက ဆရာတော်အား......၊

“ဘုန်းဘုန်း တပည့်တော်ကို မနေ့ကညပိုင်း ဒီမှာခက် ပုံ ငါးပုံခြောက်ပုံလောက် ရိုက်ခဲ့တာ နှစ်ပုံမှာခေါင်းပြတ်သရဲပုံတွေ ပေါ်နေပါတယ်ဘုရား၊ ဒီပုံတွေပါဘုရား”

ဆရာတော်က ယူကြည့်လိုက်သည်။

“ဒါက ဒကာလေးနဲ့သက်ဆိုင်လို့ ဒကာလေးရဲ့ပုံမှာပဲ ပေါ်တာပဲ”

ကျော်စိုးကလည်း.....

BURMESE CLASSIC

“တပည့်တော်လည်း အဲဒီလိုပဲထင်မိပါတယ် ဘုရား”

ဆရာတော်က ဖုန်းထဲကပုံကို ခဏမျှကြည့်ပြီး ဝင်းကို အားပြန်ပေးလိုက်သည်။ ပြီးနောက် ဆရာတော်ကျောင်းသို့ ပြန် ထွက်သွားတော့သည်။

မြေကြီးတူးနေကြသောလူစု လေးပေခန့်အနက်မှာအရိုး စုကိုတွေ့ ကြတော့သည်။ အားလုံးကောက်ပြီး တစ်နေရာထဲ စုပုံလိုက်သည်။ အရိုးစုနှစ်ခုလုံးမှာ ဦးခေါင်းများကို မတွေ့ရသ ဖြင့် ခေါင်းပြတ်အသတ်ခံရပြီး သေဆုံးကြသူများ ဖြစ်ကြောင်း


www.burmeseclassic.com

www.burmeseclassic.com



ခိုင်လုံသွားတော့သည်။ အားလုံးစုပုံပြီးသည်နှင့် ဆရာတော်အား သွားလျှောက်ကြသည်။

ဆရာတော်က ကျောင်းဝင်းအပြင်တစ်နေရာမှာ စုပုံမီး ရှို့ခိုင်းလိုက်သဖြင့် ပြာကျအောင်မီးရှို့လိုက်ပြီး ရွာအနီးကချောင်း မှာ သွားရှဲမျှောလိုက်ကြသည်။

ဆရာတော်က ဒီနေ့ဒီရက်ကစပြီး ခေါင်းပြတ်သရဲညီ နောင်တို့လည်း အဆင့်မြင့်ရာဘုံမှာစံနိုင်ရန် ရွာသားတွေက အလှူပေးအမျှဝေမည်ဖြစ်၍ စောင့်ပြီးသာဓုခေါ်ရန် အမိန့်ပြန် အသိပေးလိုက်သည်။

နောက်နေ့မှာ ရွာရှိအလှူရှင်များ စုပေါင်းထည့်ဝင်ငွေနှင့် အလှူတစ်ခုလုပ်ပြီး သရဲညီနောင်အား ရွာသားများနှင့် ဝင်းကို တို့က အမျှပေးဝေလိုက်ကြပါသည်။

ရွာသို့ရောက်ပြီး လေးရက်မြောက်နေ့မှာ ရွာရှိမိတ်ဆွေ များကို နှုတ်ဆက်ပြီး ကျော်စိုးနှင့်အတူ ဝင်းကိုလည်း ရန်ကုန်သို့ ပြန်ခဲ့ပါတော့သည်။ ။

ဧကန်မင်း

❖ ❖ ❖ ❖ ❖